BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၅၅) ခရစ်နှစ် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ(၁၅) * မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

## ဆယ့်ခြောက်နှစ်သား အန်အယ်လ်ဒီ ပျိုမည်လား၊ ပြိုမည်လား မေးခွန်းထုတ်ခံရ

ဘီဘီစီ၊ ဒီဗွီဘီ ဗွီအိုအေနှင့် အာအက်ဖ်အေအသံလွှင့်ဌာနများကို အမြဲမပြတ်နားထောင်လေ့ရှိသော အသက်(၇၄)နှစ်အရွယ် ဘဲကလေး(မယ်လ)ဒုက္ခသည်စခန်းမှ စောလေးမူးက အဲန်အယ်လ်ဒီ(၁၆)နှစ်ပြည့် မွေးနေ့ကျင်းပမှုနှင့်စပ်လျဉ်း၍ ရေဒီယိုသတင်းများ နားထောင်အပြီးတွင် (၁၆) နှစ်သား အဲန်အယ်လ်ဒီအနေဖြင့် ယခုကာလတွင် ပျိုမြစ်စွာတိုက်ပွဲဝင်မည်လား သို့တည်းမဟုတ် နအဖ၏ဖိနှိပ်ချုပ်ချယ်မှုကို ငုံ့ခံမည်လားဟု ဆုံးဖြတ်ရမည့်အချိန်ရောက်နေပြီဟု မှတ်ချက်ချပြောဆိုလိုက်သည်။

ကရင့်တော်လှန်ရေး စတင်စဉ်ကတည်းကပါဝင်ခဲ့ပြီး ကျန်းမာရေးကြောင့် ယခင်နှစ်ကမှတာဝန်မှအနားယူခဲ့သူ ကရင်အမျိုးသားအဘိုးအိုက "အဲန်အယ်လ်ဒီဟာ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ဒီမိုကရေစီ စနစ်ကို ထူထောင်ပေးမယ်လို့မျှော်လင့်တယ်။ ဆယ့်ခြောက်နှစ်ဆိုတာ မနည်းဘူး။ ဖဆပလတောင် (၁၄)နှစ်ပဲ ကြာခဲ့တာ။ အဲန်အယ်လ်ဒီက တိုက်မလား၊ အဖျက်ခံမလားဆုံးဖြတ်ရတော့မယ်"ဟု ဒေသခံမိုးကြိုးသတင်းထောက်သို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

အဲန်အယ်လ်ဒီသည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် (၄၈၅)နေရာအနက်(၃၉၂)နေရာ အနိုင်ရခဲ့သော်လည်း ယခုအချိန်အထိ အာဏာလွှဲပြောင်းပေးရေးကို နအဖက မျက်ကွယ်ပြုလျက်ရှိသေးသည်။ ယခုကာလအတွင်း အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်နှင့် အောက်ခြေခေါင်းဆောင်များအကြား မူဝါဒပိုင်းဆိုင်ရာကွာဟမှု ပိုမိုကြီးမားလာကြောင်း သိရ၏။

အထူးသဖြင့် နော်အုန်းလှ၊ မကွေးတိုင်းအမျိုးသမီးအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်စန္ဒာဝင်းတို့ကို တာဝန်မှရပ်ဆိုင်းအပြီးတွင် အဲန်အယ်လ်ဒီအဖွဲ့ဝင်များအတွင်း ခေါင်းဆောင်မှုကို အယုံအကြည် အားထားမှုများ ပိုမိုလျော့နည်းလာလျက်ရှိနေသည်ဟု ပြည်တွင်းသတင်းများအရ သိရသည်။



Photo:DVB

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူးဦးလွင် သဘာပတိမိန့်ခွန်းပြောနေစဉ်



Photo:DVB

အခမ်းအနားတက်ရောက်လာသည့် နိုင်ငံရေးအင်အားစုများ

အေဘီအက်စ်ဒီအက်ဖ်မှ တပ်မှူးတဦးက "အဖွဲ့ချုပ်ခေါင်းဆောင်တဦး၏ အင်တာဗျူးများနှင့်စပ်လျဉ်း၍ ကိုယ့်ရဲဘော်တွေရယ်လို့ တောင်သဘောမထားတော့ဘူးလား မသိပါဘူးဗျာ၊ ဒီလူတွေ ဒီလူတွေနဲ့ အရေးယူခံရသူတွေကို ပြောနေတယ်။ အတော်ဝမ်းနည်းစရာကောင်းတာပဲ ဒေါ်စုနဲ့တော့ အများကြီးကွာတယ်"ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဲန်အယ်လ်ဒီဖွဲ့စည်းခဲ့သည့် (၁၆)နှစ်မြောက်အခမ်းအနားကို အဲန်အယ်လ်ဒီဌာနချုပ်ရုံး၌ကျင်းပရာ စီအီးစီများ၊ အဖွဲ့ချုပ်ဝင်လူငယ်နှင့်အမျိုးသမီးများ တက်ရောက်ခဲ့ကြသည်။ သို့ရာတွင် အာဆီယံနိုင်ငံများမှ သံတမန်များ တက်ရောက်သည်ကို မတွေ့ရဟု အဖွဲ့ချုပ်ဝင်တဦးက ပြောကြားခဲ့သည်။ ယင်း အခမ်းအနားနှင့်စပ်လျဉ်း၍ အဲန်အယ်လ်ဒီမှ ကြေညာချက်တစောင်ထုတ်ပြန်ရာ၌ တွေ့ဆုံဆွေးနွေးအဖြေရှာရေး တောင်းဆိုမှုမှလွဲ၍ ပိုမိုတိထွင်ဆန်းသစ်သော နိုင်ငံရေး အစပျိုးမှုများမပါရှိဟု သုံးသပ်သူတချို့က ဝေဖန်ပြောဆိုကြသည်။ နယ်စပ်ဒေသရှိ အတွေ့အကြုံကြီးရင့်သူ ဝါရင့်နိုင်ငံရေးသမားကြီးတဦးကမူ အဲန်အယ်လ်ဒီခေါင်းဆောင်မှုကို အားလုံးက လိုက်နာလုပ်ဆောင်သွားဖို့လိုအပ်ကြောင်း ပြောကြားခဲ့သည်။❖


Photo:DVB

အခမ်းအနားမကျင်းပမီ တက်ရောက်လာသည့် အဖွဲ့ချုပ်ဝင်များအား တွေ့ရစဉ်

## လုံခြုံရေးကောင်စီတွင် နအဖစစ်အုပ်စုကို အရေးယူရန် အမေရိကန်လွှတ်တော် နှစ်ရပ် အတည်ပြု


Photo:DVB

အထက်လွှတ်တော် အမတ်
မစ်ချ်မက်ကောနယ်

လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေသည့် နအဖစစ်အုပ်စုသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်လာနေ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြန်ဆုံး အရေးယူပေးရန် ဥပဒေမူကြမ်းတရပ်ကို အမေရိကန်အထက် အောက်လွှတ်တော် နှစ်ရပ်လုံးက အတည်ပြုလိုက်ပြီဖြစ်သည်။

ရီဗက်ပလီကန် အထက်လွှတ်တော် အမတ် မစ်ချ်မက်ကောနယ်က နိုင်ငံတွင် ဆိုးရွားစွာဖြစ်ပေါ်နေသည့် အေအိုင်ဒီအက်စ်ရောဂါကို ထိရောက်စွာ မတားဆီးနိုင်ခြင်း၊ စစ်သားများက အမျိုးသမီးများအား အဓမ္မပြုကျင့်ခွင့်ရရှိနေခြင်း၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးများ ဆက်လက်ထုတ်လုပ်နေခြင်း၊ တိုင်းရင်းသားလူမျိုးစုများကို ဖိနှိပ်နေခြင်းနှင့် မြောက်ကိုရီးယားမှ ဒုံးကျည်လက်နက်များဝယ်ယူရန် ကြိုးစားနေခြင်းစသည့် အချက်များကိုထောက်ပြ၍ အထက်လွှတ်တော်သို့ စက်တင်ဘာ(၂၀)ရက်နေ့က တင်သွင်းခဲ့ခြင်းဖြစ်သည်။

မက်ကောနယ်က နအဖစစ်အုပ်စုကို အရေးယူခြင်းမပြုဘဲ ယခုအတိုင်းဆက်လွှတ်ထားပါက မြန်မာနိုင်ငံ၏ နယ်နိမိတ်ကို ကျော်လွန်၍ အာရှဒေသတခုလုံး၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်လာနိုင်သည့်အတွက် လုံခြုံရေးကောင်စီက အမြန်ဆုံးအရေးယူပေးရန် လိုအပ်သည်ဟု ဆိုသည်။

အဆိုပါ အဆိုပြုချက်ကို အမေရိကန်အထက်လွှတ်တော်က ယခုလ(၂၃) ရက်နေ့နှင့် အောက်လွှတ်တော်က အောက်တိုဘာ(၇) ရက်နေ့တွင် အတည်ပြုခဲ့သည့်အတွက် အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ကျေးဇူးတင်စရာကောင်းသည့် သတင်းဖြစ်၍ ကြိုဆိုပါကြောင်း ပြောဆိုခဲ့သည်။ ပြည်ပရောက် ဒီမိုကရေစီတပ်ပေါင်းစု (မြန်မာနိုင်ငံအမျိုးသားကောင်စီ) ကလည်း ကြိုဆိုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက အောက်တိုဘာနှင့် နိုဝင်ဘာလများတွင်ယူကေနှင့်အမေရိကန်တို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံရေးကိုတင်ရန် အကောင်းဆုံးကာလအဖြစ် ယူဆနိုင်ကြောင်းပြောဆိုခဲ့သည်။

သို့ရာတွင် နိုင်ငံတကာ၏ ဆောင်ရွက်မှုသည် ပြည်တွင်းအခြေအနေများနှင့် ဆက်စပ်နေသည့်အတွက် ပြည်သူလူထုများအနေဖြင့်လည်း ကိုယ်တိုင်အားထုတ်ရန်လိုကြောင်း သတိပေးပြောဆိုသွားသည်။❖

## အမျိုးသားအင်အားစုများအတွင်း ယုံကြည်မှုတည်ဆောက်ရေးအတွက် နအဖမှ စတင်လုပ်ဆောင်နေရန် စီအာပီပီ၏ တောင်းဆိုချက်(၄)ရပ်

၁။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးခြင်း။

၂။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီအားလုံးကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ၏ စည်းရုံးရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုခြင်း။

၃။ တိုင်းရင်းသားပြည်သူများအနေနှင့် နိုင်ငံရေးလှုပ်ရှားမှုတွင် အနှောက်အယှက်အကြောက်အရွံ့ကင်းစွာ၊ ပါဝင်လှုပ်ရှား ခွင့်ပြုခြင်း။

၄။ စာနယ်ဇင်းများကို လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေ ဖြန့်ချိခွင့်ပြုခြင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
၂၀၀၄ ခုနှစ် စက်တင်ဘာ(၁၆)ရက်။


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# တော်လှန်သတိဖြင့် မျှော်ကြည့် ဆင်ခြင်

ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ဒေါ်နော်အုန်းလှ၊ မကွေးတိုင်းစည်းရုံးရေးအဖွဲ့ဝင် ဒေါ်စန္ဒဝင်းနှင့် ဒေါ်ကြူကြူစန်းတို့ဦးဆောင်လျက် ရန်ကုန်တိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အဖွဲ့ဝင်(၂၁)ဦးသည် အဖွဲ့ချုပ်တည်ထောင်သည့် (၁၆)နှစ်မြောက်နေ့ဖြစ်သည့် စက်တင်ဘာ(၂၇)ရက်နေ့က ရန်ကုန်မြို့ယူအမ်န်ဒီပီရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံလျက် တောင်းဆိုချက်(၃)ရပ်ကို တောင်းဆိုခဲ့သည်။ တွေ့ဆုံပွဲတွင် အဖွဲ့ချုပ်အဖွဲ့ဝင်များက နယူးယောက်မြို့ကုလသမဂ္ဂဌာနချုပ်ရှေ့တွင်ဆန္ဒပြနေသည့် ဒီမိုကရေစီလှုပ်ရှားသူများအတွက် ဆွေးနွေးညှိနှိုင်းပေးရန်၊ ထိုင်းနိုင်ငံတွင်ဆန္ဒပြနေသောအဖွဲ့ဝင်များကို ထိုင်းရဲများကဖမ်းဆီးထားမှုအပေါ် ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ပေးရန်နှင့် ၁၉၉၀–ပြည့်ရွေးကောက်ပွဲရလဒ် ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ကုလသမဂ္ဂမှ ဆောင်ရွက်ပေးရန်တို့ကို တောင်းဆိုခဲ့ကြသည်။ အဖွဲ့ချုပ်ဗဟို၏ခွင့်ပြုချက်မပါဟု အကြောင်းပြ၍ စီအီးစီလူကြီးမင်းများမှ ယင်းတောင်းဆိုမှုတွင်ပါဝင်သောအဖွဲ့ဝင်များအား ယခင်သတိပေးမခံရသေးသူများကို သတိပေးခြင်းနှင့် သတိပေးခြင်းခံထားရသူများကို လက်ရှိတာဝန်မှ တနှစ်ရပ်ဆိုင်းခြင်းများ ပြုလုပ်ခဲ့သည်ဟု သိရှိရသည်။

နိုင်ငံရေးပါတီတရပ် အထူးသဖြင့် ရွေးကောက်ပွဲအနိုင်ရပါတီတရပ်အနေအဖြင့် စည်းရုံးရေးရာကိစ္စရပ်များကို ဒီမိုကရေစီနည်းကျ စနစ်တကျ အပြစ်ပေးအရေးယူခြင်း၊ တာဝန်ပေးခန့်အပ်ခြင်းစသည်တို့မှာ ဆန်းကျယ်သည့်ကိစ္စများမဟုတ်ပေ။ သို့ရာတွင် စီအီးစီမှ တရားနည်းလမ်းကျစွာ အပြစ်ပေးအရေးယူမှုကို စနစ်တကျ ပြုလုပ်သင့်ပေသည်။ ခေါ်ယူစစ်ဆေးခြင်းမရှိဘဲ အရေးယူခံရခြင်းသည်မသင့်တော်ကြောင်း အဖွဲ့ချုပ် အဖွဲ့ဝင်တဦးကထောက်ပြသည်မှာ စဉ်းစားဖွယ်ဖြစ်သည်။ ပို၍အရေးကြီးသည့်အချက်မှာ အပြစ်ပေးအရေးယူခံရသည့် အဖွဲ့ချုပ်အဖွဲ့ဝင်များ၏အပြစ်ကျူးလွန်မှုအခြင်းအရာနှင့် ပြစ်မှုအတိုင်းအတာပဏာမဖြစ်သည်။ ယူအန်ဒီပီ အရာရှိများသို့ တောင်းဆိုချက်များအနက် မည်သည့်အချက်သည် အဖွဲ့ချုပ်ဥပဒေအပါအဝင် တည်ဆဲအစိုးရဥပဒေများကို ချိုးဖောက်ကျူးလွန်ခြင်းဖြစ်ပါသနည်း။ ထိုင်းနှင့်အမေရိကန်နိုင်ငံတို့ရှိ အကြမ်းမဖက်သောနည်းဖြင့် ဒီမိုကရေစီအတွက် တောင်းဆိုတိုက်ပွဲဝင်သူများအား စာနာထောက်ထားမှုကိုပြသည့် အနေဖြင့် ကုလသမဂ္ဂအကူ အညီကိုတောင်းခံခဲ့ခြင်းသည် အဘယ်သို့သော အယ်န်အယ်ဒီ၏မူဝါဒများကို ချိုးဖောက်ခြင်းမည်ပါသနည်း။ ၁၉၉၀–ဖြင့်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးပါရန်တိုက်တွန်းခြင်းက ၁၉၉၀–ပြည့် ရွေးကောက်ပွဲရလဒ်မှတဆင့်ပြသခဲ့သော် ပြည်သူလူထုကြီး၏လိုအင်ဆန္ဒများကို ထပ်မံအတည်ပြုခြင်း မဟုတ်ပါလော။ အဲန်အယ်ဒီကိုဆေးသားတင်ပေးခြင်းဟု မဆိုထိုက်ပါသလော။ ရွေးကောက်ပွဲအနိုင်ရပါတီ၏အကျိုးစီးပွားကို မည်သို့ထိခိုက်ပါသနည်း။ အဲန်အယ်ဒီ စီအီးစီလူကြီးမင်းများအား ခေါင်းကိုက်၊ မျက်နှာနီမြန်းစေ၍ အရှက်ကွဲအကျိုးနည်းကိစ္စများဖြစ်ပွားစေလျက် တစုံတရာ စစ်မေးမြန်းခြင်းမပြုဘဲ မျက်ကွယ်တွင် စီရင်ဆုံးဖြတ်ခဲ့ရစေသည့် နောက်ကွယ်အကြောင်းတရား(Ulterior motive)ကွယ်ဝှက်ဖုံးကွယ်လျက်ထားသည့် အခြင်းအရာကား အဘယ်အရာများပါနည်း။

ဆယ်ခြောက်နှစ်ကြာ အဖွဲ့ချုပ်ကိုခေါင်းဆောင်ခဲ့သော စီအီးစီလူကြီးမင်းများ၏ ကိုယ်ကျိုးမငဲ့ တိုင်းကျိုးပြည်ကျိုးအတွက် စွန့်လွှတ်အနစ်နာခံမှုများနှင့် ဒီမိုကရေစီအတွက် ဦးလည်မသုန်ကြိုးပမ်းမှုများသည် မည်သို့မျှ မေးခွန်းထုတ်စရာ မရှိချေ။ တိုင်းပြည်အကျိုးငဲ့ကွက်လွန်း၍ ဘီးလူမသားလုခန်း၌ မိခင်ရင်းနေရာ၌ ကပြနေရသော စီအီးစီလူကြီးမင်းများ၏အဖြစ်မှာ လွန်စွာ အတိမ်းအစောင်းမခံနိုင်သော အခြေအနေတွင် ရှိနေသည်။ သို့သော် သူတို့နှင့်ယှဉ်ပြိုင်ရသူများမှာ နိပါတ်ဇာတ်တော်လာ ဘီလူးမထက် ဆိုးသွမ်းယုတ်မာသူများ ဖြစ်သည်။ လက်ဦးမှုရယူရေးအတွက် နည်းပေါင်းစုံ ကောက်ကျစ်သူများဖြစ်သည်။ ပို၍ဆိုးဝါးသည်မှာ စီအီးစီ အပါအဝင် အပစ်အခတ်ရပ်ဆဲရေးအဖွဲ့များ၊ အပစ်မရပ်သေးသော စေ့စပ်ဆဲ၊ စေ့စပ်မည့်အဖွဲ့များနှင့် ဆက်ဆံရေးတာဝန်ယူထားရသည့် တပ်မတော်ထောက်လှမ်းရေး၏လက်တွင် အဆုံးအဖြတ်အာဏာမရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်တွင် အဆုံးအဖြတ်ပြုအာဏာ ( Decisive power)မရှိဘဲ ဗိုလ်သန်းရွှေကသာ ဗိုလ်မောင်အေး ဗိုလ်ရွှေမန်းတို့နှင့်အတူ အာဏာကို ချုပ်ကိုင်ထားသည်။ ဗိုလ်ခင်ညွန့်လက်ရှိအာဏာမှာ လုံးပါးပါးလာလျက် နောက်ဆုံးတွင် သူကိုယ်တိုင်ပင် ဇာတ်သိမ်းမကောင်းနိုင်သည့် အလားအလာများ ပေါ်ထွန်းလျက်ရှိသည်။ သို့ပါ၍ စီအီးစီလူကြီးမင်းများအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များသည် အာဏာတကယ်မရှိသည့် စစ်ထောက်လှမ်းရေးမှ တာဝန်ယူဆောင်ရွက်နေသော၊ ဆောင်ရွက်မည်ဖြစ်သော အလျှော့အတင်း အပေးအယူအပါအဝင် ကတိစကားအားလုံးကို တော်လှန်သတိဖြင့် မျှော်ကြည့်ဆင်ခြင်ဖို့လိုအပ်ပါကြောင်း တံလျှပ်ကိုရေထင်၍ ရွှေသမင်အလိုက်မမှားမိစေရန် ဖော်ပြရပေသည်။ ❖

# စစ်ကိုင်း ယင်းမာပင်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပြည်ပသို့ထွက်ခွာလာ



လွှတ်တော်ကိုယ်စားလှယ်
ဦးတင်ထွန်းအောင်

စစ်အုပ်စု၏ ဖိအားပေးခြိမ်းခြောက်မှုများကြောင့် အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းအောင် (စစ်ကိုင်းတိုင်း၊ ယင်းမာပင်၊ အမှတ်–၂)သည် ယခုလ (၇)ရက်နေ့က ထိုင်း–မြန်မာနယ်စပ်သို့ တိမ်းရှောင်လာခဲ့ကြောင်း သိရသည်။

အသက်(၆၇)နှစ်အရွယ်ရှိ ဦးတင်ထွန်းအောင်သည် အဖွဲ့ချုပ်၏ ဗဟိုတတ်သိပညာရှင်အဖွဲ့ဝင်တဦးဖြစ်သည့်အပြင် ဗဟိုပြန်ကြားရေးအဖွဲ့ဝင်တဦးလည်းဖြစ်ကြောင်း သိရပြီး မြန်မာ့အသံတွင် (၁၀)နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ဖူးသလို မြန်မာ့အလင်းသတင်းစာတွင်လည်း (၁၀)နီးပါးနှင့် မြန်မာ့သတင်းစဉ် နိုင်ငံခြားသတင်းဌာနတွင်လည်း (၁၀)နီးပါးမျှ တာဝန်ယူခဲ့ဖူးကြောင်းသိရပြီး တင်ထွန်းအောင်(မြန်မာ့အလင်း)ဆိုသည့် ကလောင်အမည်ဖြင့်လည်း စာပေများ ရေးသားပြုစုခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

ဦးတင်ထွန်းအောင်သည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက်လူထုဆန္ဒကောက်ယူမှုများ ပြုလုပ်နေခြင်းအပေါ် ဖိအားပေးမှုများ ပိုမိုတင်းကျပ်လာသည့်အပြင် ယင်းမာမြို့နယ်တွင်ရှိသည့် ကျေးရွာပေါင်း(၁၀၀)ကျော်တို့ကို ဗိုလ်ချုပ်ကျော်ဆန်းက အဲန်အယ်လ်ဒီကင်းမဲ့ဇုံအဖြစ် သတ်မှတ်ပြီး လှုပ်ရှားမှုများမလုပ်နိုင်ရန် ထိန်းချုပ်ထားသည့်အတွက်၎င်း၊ အကြောင်းအမျိုးမျိုးပြ၍ ထပ်မံဖမ်းဆီးမည့်အစီအစဉ်ကို ကြိုတင်သိရှိထား၍၎င်း၊ အသက်အရွယ်အရ အဖမ်းအဆီးမခံနိုင်တော့သည့်အပြင် ထောင်ထဲတွင်နေမည့်အစား ပြည်ပတွင် လုပ်ခွင့်ရှိသမျှလုပ်နိုင်ရန် ပြည်ပသို့ထွက်လာခြင်းဖြစ်ကြောင်း သတင်းဌာနများသို့ ပြောကြားသွားခဲ့သည်။

ဦးတင်ထွန်းအောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းရန် ကြိုးပမ်းမှုဖြင့် ၁၉၉၈ ခုနှစ်တွင် ရဲမွန်စခန်း၌ (၃)နှစ်ကြာ အကျယ်ချုပ်ချခံခဲ့ရသည်ဟု သိရသည်။ ❖

# ယူအဲန်အယ်လ်ဒီက အဖွဲ့ချုပ်၏လုပ်ဆောင်နေသည့် လက်မှတ်ရေးထိုးလှုပ်ရှားမှုကို ထောက်ခံ



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်
တိုင်းရင်းသားခေါင်းဆောင်များအား အတူတကွတွေ့မြင်ရစဉ်

အဖွဲ့ချုပ်ခေါင်းဆောင်များ ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည် ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးပြန်လည် လွတ်မြောက်ရေး၊ အဖွဲ့ချုပ်ရုံးများပြန်လည် ဖွင့်ခွင့်ရရှိရေးတို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြုလုပ်နေသည့်လူထုဆန္ဒ လက်မှတ်ထိုးလှုပ်ရှားမှုကို တိုင်းရင်းသားနိုင်ငံရေးအင်အားစုကြီးဖြစ်သည့် ယူအဲန်အယ်ဒီက လက်မှတ်ရေးထိုးထောက်ခံလိုက်ကြောင်း သိရသည်။

စက်တင်ဘာ(၄)ရက်နေ့က စတင်၍ ယူအဲန်အယ်လ်ဒီခေါင်းဆောင်များက အသီးသီးလက်မှတ်ရေးထိုးခဲ့ကြရာ ယူအဲန်အယ်လ်ဒီ သဘာပတိအဖွဲ့ဝင်များဖြစ်သည့် ဦးစောမြအောင် (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်)၊ ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးရွှေအုန်း။ ရခိုင်အမျိုးသားလူ့ဘောဝမြှင့်တင်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလှဦးနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များဖြစ်ကြသည့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နိုင်ငွေရ။ ကရင်ပြည်နယ်သားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှဦးထွန်းဝင်းနှင့် ယူအဲန်အယ်လ်ဒီမှတမူးမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးထောင်ကိုထန်းတို့က ပါဝင်လက်မှတ်ရေးထိုးပြီးကြပြီး ဖြစ်ကြောင်း သိရသည်။

ထိုထောက်ခံချက် လက်မှတ်များကို စက်တင်ဘာ(၉)ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရုံးချုပ်သို့ သွားရောက်ပေးပို့ခဲ့ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ရွှေ နှင့် အတွင်းရေးမှူးဦးလွင်တို့က ဝမ်းမြောက်ဝမ်းသာကြိုဆို၍ လက်ခံခဲ့ကြကြောင်း သိရသည်။

ယူအန်အယ်လ်ဒီသည် ပြီးခဲ့သည့်လကလည်း အဖွဲ့ချုပ်၏လက်မှတ်ရေးထိုးလှုပ်ရှားမှုကို ထောက်ခံကြရန် သဘောထားထုတ်ပြန်ခဲ့ပြီး ယခုလိုလက်မှတ်ရေးထိုးမှုကို နယ်များတွင်ရှိသည့် တိုင်းရင်းသားအင်အားစုများကလည်း ကျယ်ပြန့်စွာပါဝင်ကြဖို့လိုကြောင်း တမူးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ယူအဲန်အယ်လ်ဒီ အဖွဲ့ဝင်ဦးထောင်ကိုထန်းက တိုက်တွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် ယူအန်အယ်လ်ဒီသည် တိုင်းရင်းသားနိုင်ငံရေးပါတီ (၂၁)ဖြင့် စုစည်းဖွဲ့စည်းထားသော တိုင်းရင်းသားနိုင်ငံရေးအင်အားစုကြီးဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ခိုင်မာစွာမဟာမိတ်ဖွဲ့ထားသည်။❖



# အာရှသူရဲကောင်းအဖြစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရွေးချယ်ခံရ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၄ခုနှစ် အာရှသူရဲကောင်းအဖြစ် နိုင်ငံတကာပြည်သူများက တခဲနက်မဲပေး ရွေးချယ်လိုက်ကြောင်း သိရသည်။

ကမ္ဘာကျော် တိုင်းမဂ္ဂဇင်းကြီး Time Asia ကြီးမှူးကျင်းပသည့် ယခုနှစ်အတွက် အာရှသူရဲကောင်းအဖြစ် အင်တာနက်မှတဆင့် ဆန္ဒပြုရွေးချယ်စေခဲ့ရာ နိုင်ငံတကာမှ မဲပေးသူ (၈၃,၀၀၀) ကျော်တို့အနက် ဆန္ဒမဲ ၃၇၆၁၇မဲဖြင့် (၄၀ ဒသမ ၄)ရာခိုင်နှုန်းဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး မကြာမီကမှ အကျဉ်းထောင်မှ ပြန်လွတ်လာသည့် မလေးရှားဒုဝန်ကြီးချုပ်ဟောင်း အန်ဝါအီဗရာဟင်ကဒုတိယနေရာ လိုက်၍တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားက တတိယမဲအများဆုံး ရရှိခဲ့သည်။

အာရှတလွှားနိုင်ငံများမှထင်ရှား ကျော်ကြားသူ(၂၀)ဦးတို့ကို Time မဂ္ဂဇင်း ပရိသတ်(၂၀၀၀)ကျော်တို့က အမည်စာရင်းတင်သွင်းခဲ့ကြရာ အိန္ဒိယဝန်ကြီးချုပ်အဖြစ် လက်ရှိတာဝန်ယူထားသည့် မန်မိုဟန်ဆင်း၊ တောင်ကိုးရီးယားသမ္မတဟောင်း ကင်းဒေးဂျုံ၊ တရုတ်ပြည်၏ ပထမဆုံး အာကာသယာဉ်မှူး ယမ်လီဝေနှင့် ဖိလစ်ပိုင်သမ္မတဟောင်း ကိုရာဇန်အကွီနိုတို့အပြင် အာရှနိုင်ငံများမှ ထင်ရှားကျော်ကြားသောနိုင်ငံရေး ခေါင်းဆောင်များ၊ အားကစားသမားများ၊ စာနယ်ဇင်းသမားများ ပါဝင်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ခု မေ(၃၀) ဒီပဲယင်းအရေးအခင်းကာလမှစ၍ ယနေ့တိုင် နေအိမ်အကျယ်ချုပ်ကျခံနေရပြီး ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်(၁၀၀)ကျော်တို့အနက် ဖမ်းဆီးခြင်းခံထားရသည့် တဦးတည်းသော ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်လည်း ဖြစ်သည်။

ယခုလို အာရှသူရဲကောင်းအဖြစ် ဒေါ်အောင်ဆန်းစုကြည် ရွေးချယ်ခံခဲ့ခြင်းကြောင့်



အာရှသူရဲကောင်း
ဒေါ်အောင်ဆန်းစုကြည်

မြန်မာ့ဒီမိုကရေစီအရေးကို အာရှနိုင်ငံများမှ ပြည်သူများက ပိုမိုစိတ်ဝင်စားအားပေးလာနိုင်ဖွယ်ရှိကြောင်း၊ နိုင်ငံရေးလေ့လာသုံးသပ်နေသူတဦးက မိုးကြိုးသို့ ပြောကြားခဲ့သည်။❖

# မြန်မာ့အရေး ကုလသမဂ္ဂက အမြန်ဆုံးဆောင်ရွက်သင့်ပြီ

အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာ့အရေးကို ဦးဆောင်ဆွေးနွေးခဲ့ပြီးဖြစ်သည့်အတွက် အဆိုပါရလဒ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ်များအား မြန်မာနိုင်ငံသို့ အမြန်ဆုံးလာရောက်ခွင့်ရရန် ဆောင်ရွက်ရန်လိုကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင်က ပြောကြားလိုက်သည်။

၅၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး ကျင်းပနေချိန်အတွင်း အတွင်းရေးမှူးချုပ်ကိုဖီအာနန်က ကမကထပြုလုပ်၍ အာဆီယံနိုင်ငံမှ ခေါင်းဆောင်များအပါအဝင် နိုင်ငံတကာမှခေါင်းဆောင်များနှင့် သီးခြားအစီအစဉ်တရပ်အနေဖြင့် မြန်မာ့အရေးတံခါးပိတ်ဆွေးနွေးခဲ့ကြပြီးနောက်ပိုင်း ဦးလွင်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဦးလွင်က ကုလသမဂ္ဂအဖွဲ့ကြီး အပါအဝင် နိုင်ငံတကာအစိုးရများသည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုထားကြသော်လည်း လက်တွေ့တွင် ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အသိအမှတ်မပြုဘဲ အာဏာသိမ်းစစ်အစိုးရကိုသာ အလေးပေးဆက်ဆံနေသည့်အတွက် နားမလည်အောင်ဖြစ်ရကြောင်းကိုလည်း ဝေဖန်ပြောကြားခဲ့သည်။

ထို့အပြင် အထွေထွေညီလာခံ၌ နအဖကိုယ်စားလှယ် ဦးတင်ဝင်း၏ပြောဆိုခဲ့သည့် မြန်မာနိုင်ငံရေးကို အမျိုးသားညီလာခံပြုလုပ်၍ဖြေရှင်းခြင်းမှအပ အခြားနည်းလမ်းမရှိဆိုသည့်အပေါ် ဦးလွင်က တရားမဝင်အစိုးရတရပ်အနေဖြင့် အမျိုးသားညီလာခံလုပ်ပိုင်ခွင့်မရှိသလို ယခုပြုလုပ်နေသည့် ညီလာခံမှာလည်း ဥပဒေနှင့်ကိုက်ညီမှုမရှိဟု တုံ့ပြန်ပြောဆိုလိုက်သည်။

ဦးလွင်က နအဖကိုယ်စားလှယ် ပြောဆိုခဲ့သည့် မြန်မာ့အရေးသည် လူတဦး အဖွဲ့အစည်းတရပ်အတွက်မဟုတ်ဟုဆိုသည့် ပြောကြားချက်အပေါ် တုံ့ပြန်ခဲ့ရာတွင်လည်း အဖွဲ့ချုပ်သည် ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ တခဲနက် မဲဆန္ဒနှင့် ထောက်ခံအားပေးထားသော နိုင်ငံရေးပါတီတရပ်ဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်မှာလည်း အဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်သည့်အတွက် ပြည်သူလူထုကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်တဦးဖြစ်ကြောင်း၊ စစ်အုပ်စုကသာ လက်နက်အားကိုးဖြင့် အာဏာရယူထားသည့် အဖွဲ့အစည်းဖြစ်ပြီး လူတဦးတယောက်အတွက် ဟုတ်မဟုတ်ဆိုသည်ကိုလည်း မေးစရာဖြစ်နေကြောင်း ပြန်လှန်မေးခွန်းထုတ်သွားခဲ့သည်။

ဦးလွင်က ရာဇာလီနှင့်ပင်ဟေးရိုးတို့ မြန်မာပြည်အမြန်ဆုံးလာ ရောက်ရေးကိစ္စသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ပိုင်ခွင့်နှင့် အရည်အချင်းသာဖြစ်သည့်အတွက် စောင့်ကြည့်ရဦးမည်ဟု ဒီမိုကရက်တစ်မြန်မာ့အသံနှင့် မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

❖

# မိတ္ထီလာခရိုင်အဖွဲ့ချုပ်ဝင်များ လစဉ်ပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်

မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် အဖွဲ့ချုပ်ဝင်များ၏ လစဉ်ပုံမှန်အစည်းအဝေးကို စက်တင်ဘာ(၁)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ချုပ်ကပြုလုပ်နေသည့် လူထုဆန္ဒသဘောထား ကောက်ခံနေခြင်းကိစ္စအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြကြောင်း သိရသည်။

မိတ္ထီလာခရိုင် အဖွဲ့ချုပ်ဝင်များ၏လစဉ်ပုံမှန်အစည်းအဝေးကို လစဉ် လဆန်း(၁) ရက်နေ့တိုင်းကျင်းပပြုလုပ်လျက်ရှိရာ မလှိုင်၊ သာစည်။ ဝမ်းတွင်း၊ မိတ္ထီလာခရိုင်များမှ အဖွဲ့ချုပ်ကိုယ်စားလှယ်များအပြင် ပျော်ဘွယ်နှင့် ကျောက်ပန်းတောင်း မြို့နယ်များမှ ကိုယ်စားလှယ်များပါ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထိုအစည်းဝေးတွင် အဖွဲ့ချုပ်ကဆောင်ရွက်နေသည့် လူထုဆန္ဒပြုလက်မှတ် ကောက်ယူနေသည့်ကိစ္စသည် နိုင်ငံရေးနိုးကြားမှုအတွက် အရေးပါအရာရောက်သည့်အတွက် အင်တိုက်အားတိုက် ဆက်လက်လုပ်ဆောင်သင့်ကြောင်း သဘောတူညီခဲ့ကြပြီး ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြသည်။

ဆုံးဖြတ်ချက်များအရ အာဏာပိုင်အဖွဲ့အစည်းက ခေါ်ယူဆွေးနွေးလျှင် အစည်းအဝေးတက်ရောက်ကြောင်းမှအပ မည်သည့်ခံဝန်ချက်မှ လက်မှတ်မထိုးရေး၊ လက်မှတ်ထိုးနိုင်ပါက မြို့နယ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့သဘောတူညီမှုရမှ လက်မှတ်ထိုးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားရန်၊ အဖွဲ့ချုပ်ဝင်များ *ခေါ်ယူတွေ့ဆုံခွင့်ရလျှင် အဖွဲ့ချုပ်ဝင်နဲ့ တံဆိပ်အပြည့်အစုံ ဝတ်ဆင်၍* သွားရောက်ရန်နှင့် လက်မှတ်ထိုးခြင်းကိစ္စကို ပါတီမှချမှတ်ထားသော မူဘောင်များနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ထို့အပြင်အာဏာပိုင်များက လက်မှတ်ထိုးစာရင်းတောင်းခံလျှင် ဗဟိုသို့ပို့ပြီးဖြစ်ကြောင်း ပြန်လည်ပြောကြားရန်တို့ဖြစ်သည်။

ထိုအစည်းဝေးတွင် လက်မှတ်ထိုးကောက်ခံမှု၌ ပါဝင်ဆောင်ရွက်ခဲ့၍ အလုပ်ထုတ်ခံခဲ့ရသည့် ရေနံချောင်းမြို့နယ် ပင်းဝရွာနေ ကျောင်းလုံခြုံရေးဝန်ထမ်းကို မတ္ထီလာအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် ကျပ်ငွေ (၁၀,၀၀၀) ပေးအပ်ခဲ့ပြီး အခြားမြို့နယ်များမှ ဒီမိုကရေစီလိုလားသူများအနေဖြင့်လည်း လူထုဆန္ဒသဘောထား ကောက်ယူ၍အလုပ်ဖြုတ်ခံရသူများရှိပါက ကူညီထောက်ပံ့ကြရန် ပြင်ဆင်နေကြ ကြောင်းသိရသည်။

❖



# အဖွဲ့ချုပ်(၁၆)နှစ်မြောက် ကြေညာချက် မိတ္တူကူးခွင့်မရ

စက်တင်ဘာ(၂၇)နေ့တွင် (၁၆)နှစ်ပြည့်မြောက်အဖြစ်ထုတ်ပြန်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ကြေညာချက်ကို မိတ္တူကူးခွင့်မရ၍ အဖွဲ့ချုပ်ဝင်များ မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။

အဖွဲ့ချုပ်က ပါတီတည်ထောင်သည့် (၁၆)နှစ်ပြည့်အဖြစ် ကြေညာချက်ထုတ်ပြန်ခဲ့ရာ ထိုကြေညာချက်ကိုမိတ္တူကူးရန် ကြိုးစားခဲ့သည့် မုံရွာမြို့မှအဖွဲ့ချုပ်ဝင်တဦးကို ဒေသခံအာဏာပိုင်တို့က တားဆီးခဲ့ခြင်းဖြစ်သည်။

အာဏာပိုင်တို့သည် အဖွဲ့ချုပ်ဝင်များ၏ လှုပ်ရှားမှုများကို နောက်ယောင်ခံ၍ လိုက်လံနှောင့်ယှက်နေကြောင်း မုံရွာမြို့မှအဖွဲ့ချုပ်ဝင်များ အဆိုအရသိရသည်။

အာဏာပိုင်တို့သည် တရားဝင်နိုင်ငံရေးပါတီတခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စာရွက်စာတမ်းထုတ်ဝေခွင့်ကို ပိတ်ပင်ထားသည်မှာ (၁၀)နှစ်ကျော်ကြာပြီဖြစ်သော်လည်း မိတ္တူကူးခွင့်ကို ပိတ်ပင်ခြင်းမှာ ယခုအကြိမ် ပထမဆုံးဖြစ်သည်။

ယခုနှစ်တွင် (၆)နှစ်သက်တမ်းပြည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကြေညာချက်တွင် နိုင်ငံရေးပါတီများအားလုံးကို စည်းရုံးရေးလုပ်ငန်းများ လွတ်လပ်စွာလုပ်ဆောင်ခွင့်ပြုရန်နှင့် စာနယ်ဇင်းများကို လွတ်လပ်စွာရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခွင့်ရရန် တောင်းဆိုထားသည်။

❖

# ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး အဖွဲ့ချုပ်ဝင်များ ဆုတောင်းပွဲပြုလုပ်

**စက်တင်ဘာ(၂၈)ရက်။**

အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ရန်ကုန်တိုင်းအဖွဲ့ချုပ်ဝင် အမျိုးသမီးများနှင့်လူငယ်အဖွဲ့ဝင်များစုပေါင်း၍ ရွှေတိဂုံဘုရား အဂ္ဂီထောင့်တွင် စက်တင်ဘာ(၂၈)ရက်နေ့လည်ပိုင်းက ဆုတောင်းပွဲတရပ်ကျင်းပခဲ့ကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။

ထိုဆုတောင်းပွဲတွင် တက်ရောက်သူအင်အား(၄၀)ကျော်တို့က အဂ္ဂီထောင့် တွင် မေတ္တာသုတ်ရွတ်ဖတ်ဆုတောင်းခြင်း၊ ဘုရားကန်တော့ခြင်းအမှုတို့ကိုပြုခဲ့ကြကြောင်း သိရသည်။ စက်တင်ဘာ(၂၇)ရက်က အဖွဲ့ချုပ်ဗဟိုရုံးတွင်ကျင်းပခဲ့သော (၁၆)နှစ်မြောက် အဖွဲ့ချုပ်တည်ထောင်ခြင်း နှစ်ပတ်လည်နေ့သို့ အဓိကခေါင်းဆောင် နှစ်ဦးဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ တက်ရောက်နိုင်ခြင်းမရှိခဲ့သည့်အတွက် ယခုလို ဆုတောင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုဆုတောင်းပွဲသို့ ယခင်အကြိမ်များကလို စစ်ထောက်လှမ်းရေးက ဓာတ်ပုံရိုက်ယူခြင်း၊ ဟန့်တားခြင်း နှောင့်ယှက်ခြင်း တစုံ တရာမရှိကြောင်း သိရသည်။❖

# လူထုဆန္ဒအစစ်အမှန်ဖော်ထုတ်ရေး သေသည့်တိုင် ထမ်းဆောင်ခဲ့

ပြည်သူလူထု၏ဆန္ဒမှန်ကို ဖော်ထုတ်ရေးအတွက် ပဲခူးတိုင်း အင်းတကော်မြို့နယ် ထုံးကြီး တိုက်နယ်ကျေးရွာမှ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးလှိုင်စိမ်းအသက် (၆၀)သည် လက်မှတ်ထိုးသည့်ကိစ္စကို(၃)ရက်တာ မမောမပန်းဆောင်ရွက်နေရင်း တီဘီရောဂါဖြင့် နောက်တနေ့တွင် သေဆုံးသွားကြောင်း ဒေသခံ အဖွဲ့ချုပ်ဝင်တဦးအဆိုအရ သိရသည်။❖

# သာစည်ရွေးကောက်ပွဲကော်မရှင်က လက်မှတ်ထိုးကောက်ခံနေမှုကို ခြိမ်းခြောက်ဟန့်တားနေ

လူထုဆန္ဒကောက်ခံမှု လက်မှတ်များစုဆောင်းနေသည့်အပေါ် မန္တလေးတိုင်း သာစည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်က တားမြစ်ခြိမ်းခြောက်အကျပ်ကိုင်နေ၍ လက်မှတ်ထိုးလာသူများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

စက်တင်ဘာ(၁)ရက်နေ့က သာစည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်က အဖွဲ့ချုပ်မြို့နယ်စည်းအဖွဲ့ဝင် ဦးပန်းအောင်ကို ခေါ်ယူ၍ လက်မှတ်စုဆောင်းနေမှုများ ရပ်ဆိုင်းရန် လက်မှတ်ထိုးနိုင်ခဲ့ရာ ဦးသန်းအောင်က ငြင်းဆိုခဲ့ကြောင်း သိရသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်က နေအိမ်တွင် ဟောပြောပွဲဆွေးနွေးပွဲများမပြုလုပ်ရန် ကျေးရွာပြည်သူများအကြား လက်မှတ် *ထိုးကောက်ခံနေမှုများ မပြုလုပ်တားမြစ်ခဲ့ပြီး ဦးသန်းဆောင်ကို လက်မပြု* လုပ်ရန် လက်မှတ်ထိုးခိုင်းခဲ့သည်ဟုဆိုသည်။

ဦးသန်းဆောင်က အဖွဲ့ချုပ်သည် တရားဝင်ပါတီဖြစ်၍ အဖွဲ့ချုပ်၏ညွှန်ကြားချက်အတိုင်း ဆက်လက်လုပ်ဆောင်မည်ဟု ပြန်လည်ပြောဆိုခဲ့ပြီး အဖွဲ့ချုပ်က ရပ်ဆိုင်းရန်ညွှန်ကြားပါမှ ရပ်တန့်နိုင်မည်ဖြစ်ကြောင်း တုံ့ပြန် ပြောဆိုခဲ့သည်။ သို့ရာတွင်ကော်မရှင်ဥက္ကဋ္ဌ က အစည်းအဝေးခေါ်ယူခြင်းကိုမှု တက်ရောက်ကြောင်း လက်မှတ်ရေးထိုးပေးခဲ့သည်ဟု သိရသည်။

ယခုလိုနယ်မြေအာဏာပိုင်များက လက်မှတ်မထိုးရေးအတွက် လူထုကိုနည်းမျိုးစုံဖြင့် ခြိမ်းခြောက်ဟန့်တားနေသည့်အတွက် လက်မှတ်ထိုးလိုသူများ အခက်အခဲကြုံတွေ့နေရကြောင်းသိရပြီး ဟန့်တားမှုများကြားမှ ကျောင်းသားလူငယ်များ အပါအဝင် လက်မှတ်ထိုးဆန္ဒပြုနေသူများ ရှိနေသေးကြောင်း သိရသည်။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## မင်းကိုနိုင်ပုံဖော်ပြခဲ့သည့် မြန်မာ့ဓနမဂ္ဂဇင်း နိုင်ငံတော်မှ ဖိနှိပ်ဖယ်ရှား

ကျောင်းသားခေါင်ဆောင် ဗကသများ အဖွဲ့ချုပ်ဥက္ကဋ္ဌ မင်းကိုနိုင်၏ပုံတူပန်းချီကားများပါဝင်နေသည့်အတွက် လစဉ်ထုတ်မဂ္ဂဇင်းကြီးတစောင်ဖြစ်သည့် မြန်မာ့ဓနမဂ္ဂဇင်းကို သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ဝေခွင့် ပိတ်ပင်လိုက်ကြောင်း သတင်းများပေါ်ထွက်လာခဲ့သည်။



စက်တင်လာလထုတ် မြန်မာ့ဓနမဂ္ဂဇင်းတွင်ပါရှိသည့်
ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ပုံတူပန်းချီကားများ

စက်တင်ဘာလထုတ် မြန်မာ့ဓနမဂ္ဂဇင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်အကျဉ်းထောင်၌ ထောင်ဒဏ်နှစ်ရှည်ကျခံနေရသည့် ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ မင်းကိုနိုင်၏ပုံတူပန်းချီကားများပါဝင်နေသည့်အတွက် သက်ဆိုင်ရာက မဂ္ဂဇင်းထုတ်ဝေခွင့်ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

မင်းကိုနိုင်၏ဖခင် ပန်းချီဆရာကြီး ဦးသက်ညွန့်နှင့် စာနယ်ဇင်းသမားတဦးတို့ ပန်းချီအကြောင်းတွေ့ဆုံမေးမြန်းခန်းပါရှိခဲ့ရာ ထိုစာမျက်နှာများတွင် ဖခင်ကိုယ်တိုင်ရေးဆွဲထားသော မင်းကိုနိုင်၏ (၈)လေးလုံးကာလလှုပ်ရှားမှုပုံတူပန်းချီကားများ ပီပီပြင်ပြင် ပါဝင်နေသည့်အတွက်ယခုလို ထုတ်ဝေခွင့် ရုပ်သိမ်းခံရခြင်းဖြစ်သည်ဟု သတင်းများပေါ်ထွက်လာခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ စာပေစိစစ်ရေးနှင့်ပုံနှိပ်ထုတ်ဝေရေးမှတ်ပုံတင်ဌာနမှ တာဝန်ရှိသူတဦးက ပိတ်ပင်ခြင်းမရှိဟု ငြင်းဆန်ထားပြီး မဂ္ဂဇင်းအယ်ဒီတာချုပ် သီဟစောကလည်း မြန်မာ့ဓနမဂ္ဂဇင်းကို ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်ဟု ရှင်းလင်းပြောဆိုခဲ့သည်ဟု သိရသည်။

အလားတူ တလနှစ်ကြိမ်ထုတ်ဝေနေသည့် ခေတ်ဆန်းဂျာနယ်ကိုလည်း အမေရိကန်လိုလားသော အကြောင်းအရာများနှင့် လစ်ဘရယ်ဒီမိုကရေစီအယူအဆများ ဖော်ပြနေပြီး အာဏာရှင်ဆန့်ကျင်ရေး သဘောတရားများ ပါဝင်နေသည့်အတွက်ဟုဆိုကာ ထုတ်ဝေခွင့် ရပ်ဆိုင်းခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ခေတ်ဆန်းဂျာနယ်ရပ်ဆိုင်းခံရခြင်းနှင့်ပတ်သက်၍ ပြင်သစ်အခြေစိုက်နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က နအဖထံ ကန့်ကွက်ခဲ့ရာ စာပေစိစစ်ရေးဌာနက ခေတ်ဆန်းဂျာနယ်သည် ငွေရေးကြေးရေးအခက်အခဲကြောင့် ဆက်လက်ထုတ်ဝေနိုင်မှုမရှိခြင်းသာဖြစ်ကြောင်း ငြင်းဆန်တုံ့ပြန်ခဲ့သည်။ ရန်ကုန်စာနယ်ဇင်းသမားတဦးက ထုတ်ဝေခွင့်ရပ်ဆိုင်းခံရသည့် မဂ္ဂဇင်းတိုင်းစာအုပ်တိုင်းအတွက် စာပေစိစစ်ရေးအဖွဲ့က အကြောင်းအမျိုးမျိုးပြလေ့ရှိကြောင်း၊ ဝန်ခံဖို့ကို အလွန်ဝန်လေးကြောင်း ပြောဆိုသွားခဲ့သည်။❖

## လူထုဆန္ဒကောက်ခံသည့် လက်မှတ်စုဆောင်းမှုများ နည်းမျိုးစုံနှောင့်ယှက်ခံနေရ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်၍ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေး လူထုဆန္ဒသဘောထားကောက်ယူသည့်လုပ်ငန်းအဖြစ် နိုင်ငံနှင့်တဝှမ်း လက်မှတ်ရေးထိုးပွဲများ လုပ်ဆောင်နေကြခြင်းကို နအဖလက်အောက်ခံ ကြံ့ဖွံ့အဖွဲ့များက ခြိမ်းခြောက်နှောင့်ယှက်ဟန့်တားမှုများ ပိုမိုလုပ်ဆောင်လာကြောင်း သိရသည်။

စစ်ကိုင်းတိုင်း။ ။ ပြီးခဲ့သည့်လ (၂၉) ရက်နေ့က စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး လက်မှတ်မရေးထိုးကြရန် မြို့နယ်ကြံ့ဖွံ့အဖွဲ့အတွင်းရေးမှူးဦးငွေဝင်းက ကျွန်းတောကျေးရွာလူထုအားလုံးကိုဆင့်ခေါ်၍ လက်မှတ်ရေးထိုးခြင်းကို လုံးဝ ရပ်ဆိုင်းပေးရန် သတိပေးခဲ့သည်။ လက်မှတ်ရေးထိုးသူများအား ပုဂ္ဂလိကမီးစက်ပိုင်ရှင်များထံမှ တအိမ် (၁၀၀)ကျပ်နှုန်းပေးယူနေရသည့် လျှပ်စစ်မီးကိုဖြတ်ခဲ့သည့်အတွက် မီးအခက်အခဲ ကြုံတွေ့နေရကြောင်း သိရသည်။ သို့သော် မြို့နယ်အတွင်း လူထုဆန္ဒလက်မှတ်ကောက်ယူသည့်လုပ်ငန်းကို မင်းကင်းအဖွဲ့ချုပ်က ယနေ့ထိ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်း။ ။ ရန်ကုန်တိုင်း သုံးခွမြို့နယ်တွင် ဆန္ဒပြုလက်မှတ်ရေးထိုးသည့် လူငယ်တဦးကို မယကရုံးက (၄)နာရီကြာခေါ်ယူစစ်ဆေးခြင်းခံခဲ့ရသည်။

ပဲခူးတိုင်း။ ။ ပဲခူးတိုင်းချောင်းဖျားဘက်တွင် လက်မှတ်ထိုးသူများအား နယ်မြေခံအာဏာပိုင်များကခေါ်ယူ၍ ယခုဆန္ဒပြုမှုသည် အဖွဲ့ချုပ်က အတင်းအဓမ္မ လက်မှတ်ထိုးခိုင်းခြင်းရှိမရှိ မေးမြန်းစစ်ဆေးခဲ့ပြီး မိမိဆန္ဒဖြင့်ထိုးသူများကို ပြန်လည် လွှတ်ပေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်း။ ။ လက်မှတ်ထိုးဆန္ဒကောက်ခံမှုတွင်ကူညီခဲ့၍ အလုပ်မှထုတ်ပစ်ခြင်းခံခဲ့ရသူ ပင်းဝရွာ၊ ရွာသစ်ကလေး ကျေးရွာမှ ကျောင်းလုပ်သား ကိုညွန့်ဝင်းအား မိတ္ထီလာနှင့် ကျောက်ပန်းတောင်းမြို့နယ် အဖွဲ့ချုပ်ဝင်များက ကျပ်(၂၀,၀၀၀)ကျော် ကူညီထောက်ပံ့ခဲ့သည်ဟု ရေနံချောင်းအဖွဲ့ချုပ်ဝင်ထံမှ သိရသည်။ ဝန်ထမ်းချင်း စာနာစိတ်ရှိသူတချို့ကိုလည်း ကိုညွန့်ဝင်းနှင့်မိသားစုအပေါ် တတ်နိုင်သလောက်ကူညီထောက်ပံ့ခဲ့ကြကြောင်းသိရပြီး ယခုလို မြို့နယ်များအတွင်းရှိ အဖွဲ့ချုပ်ဝင်များက အနည်းနှင့်အများကူညီကြလျှင် အတိုင်းအဆမရှိ ဝမ်းမြောက်အားတက်ကြမည်ဖြစ်သည်ဟု အမည်မဖော်လိုသည့်ဒေသခံတဦးထံမှ သိရသည်။❖

## ဖမ်းဆီးခံထားရသူနှစ်ဦး သတင်းအစအနပျောက်နေ၍ အဖွဲ့ချုပ်က စိုးရိမ်နေ

ကုသသမဂ္ဂအဖွဲ့ကြီးအနေဖြင့် နအဖစစ်အုပ်စုအပေါ် ထိရောက်စွာ အရေးယူပေးရန် တကိုယ်တော်ဆန္ဒပြတောင်းဆိုခဲ့၍ ဖမ်းဆီးခြင်းခံနေရသည့် ဦးအုန်းသန်းနှင့် တရက်တည်းအတူ ဖမ်းဆီးခံခဲ့ရသည့် စမ်းချောင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်ဝေ (ခေါ်)ကိုပေါက်စတို့၏ အခြေအနေကို ယနေ့အချိန်အထိ ဘာမျှမကြားသိရသည့်အတွက် အထူးစိုးရိမ်ပူပန်မိကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က ပြောဆိုလိုက်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီးစတင်သည့် စက်တင်ဘာ(၂၁)ရက်နေ့ ကတည်းက ၎င်းတို့နှစ်ဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ရက်သတ္တပတ်(၂)ပတ်ကြာလာသည့်အထိ ဘာတခုမျှ သတင်းမရရှိဟုဆိုသည်။

ဦးအုန်းသန်းသည် အဖွဲ့ချုပ်ပါတီဝင်မဟုတ်သော်လည်း ဒီမိုကရေစီအရေး တောင်းဆို၍ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည့်အတွက် အဖွဲ့ချုပ်ဥပဒေအထောက်အကူပြုအဖွဲ့က ရှေ့နေလိုက်ပေးရန် ပြင်ဆင်ထားကြောင်း၊ သို့ရာတွင် မည်သည့်နေရာတွင် ဖမ်းဆီးထားမှန်း မသိသည့်အတွက် အခက်အခဲဖြစ်နေသည်ဟု ဦးလွင်က ဆိုသည်။

ဦးသက်ဝေ(ခေါ်)ကိုပေါက်စမှာလည်း ဖမ်းဆီးခံရချိန်မှစ၍ ယနေ့အချိန်အထိ အဆက်အသွယ် မရသေးကြောင်း၊ ယခင်က အဖွဲ့ချုပ်ဝင်များကို ဖမ်းဆီးလျှင် ဘာကြောင့်ဖမ်းသည်၊ ဘယ်နေရာတွင်ထားသည်ဟု စစ်ထောက်လှမ်းရေးက အကြမ်းဖျဉ်းပြောလေ့ရှိသော်လည်း ယခုအကြိမ်တွင် ဘာမျှအကြောင်းကြားလာခြင်း မရှိသည့်အတွက် ပိုမိုစိုးရိမ်ရပါကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးလွင်က အောက်တိုဘာ(၄) ရက်နေ့တွင် ဒီဗွီဘီအသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

❖

## ထောင်သက်တမ်းတိုး၍ အစာငတ်ခံတိုက်ပွဲဝင်သည့် ဒေါက်တာသန်းငြိမ်း ကျန်းမာရေးဆိုးဝါးနေ

**စက်တင်ဘာ။ (၂၈)ရက်။**

ထောင်သက်တမ်းတိုးခြင်းကို မကျေနပ်၍ အစာငတ်ခံဆန္ဒပြရာမှ ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးလာသည့် ဒေါက်တာသန်းငြိမ်းကို ရန်ကုန်ဆေးရုံကြီး အချုပ်ဆောင်တွင် အသည်းဆရာဝန်ကြီးနှင့် တွေ့ခွင့်ပြုခဲ့ကြောင်း ၎င်း၏ဇနီးအဆိုအရ သိရသည်။

ထို့ပြင် အစာအိမ်နှင့်အကြောကုဆရာဝန်ကြီးများနှင့်ပါတွေ့ခွင့်ပေးခဲ့ပြီး အရေးပေါ်ဆေးစစ်မှုများပြုလုပ်နေရကြောင်း ဒေါက်တာသန်းငြိမ်း၏ဇနီးဖြစ်သူ ဒေါ်ခင်အေးက ဒီမိုကရက်တစ်မြန်မာ့အသံသို့ ပြောကြားခဲ့သည်ဟု ဆိုသည်။ ယခုလို ဒေါက်တာသန်းငြိမ်း ကျန်းမာရေးအခြေအနေ ပိုဆိုးလာရခြင်းသည် နဂိုကျန်းမာရေးဓာတ်ခံမကောင်းသည့်အထဲ အစာငတ်ခံဆန္ဒပြလိုက်တာကြောင့် ဖြစ်တယ်လို့ ဒေါ်ခင်အေးက ပြောဆိုခဲ့သည်။

ထောင်လွတ်ရက်စေ့နေသော်လည်း အာဏာပိုင်များကပြန်မလွှတ်ပေးဘဲ ပုဒ်မ–၁၀(က)နှင့် ထောင်သက်တမ်း ထပ်တိုးခြင်းကို မကျေနပ်သည့်အတွက် အစာငတ်ခံ ဆန္ဒပြခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ယခုလို အစာငတ်ခံဆန္ဒပြသည့်အတွက် အင်းစိန်ထောင်မှ သာယာဝတီထောင်သို့ ယခုလ(၂၁)ရက်နေ့ကပင် ပြောင်းရွှေ့ခံခဲ့ရခြင်းဖြစ်ပြီး (၂၆) ရက်နေ့တွင် ကျန်းမာရေးအခြေအနေ ပိုဆိုးလာသည့်အတွက် ရန်ကုန်ဆေးရုံကြီး အချုပ်ဆောင်သို့ပြောင်းရွှေ့ခဲ့ရသည်ဟုလည်း သိရသည်။

ဒေါက်တာ သန်းငြိမ်းအနေဖြင့် အစာငတ်ခံဆန္ဒပြခြင်းကို မည်သည့် အကြောင်းနှင့်ရပ်ဆိုင်းလိုက်ကြောင်း ယင်းကိုယ်တိုင်ထုတ်ဖော်ပြောကြားခြင်းမရှိဟု ဇနီးဒေါ်ခင်အေးက ဆက်လက်ပြောဆိုခဲ့ပြီး အာဏာပိုင်များနှင့် နှစ်ဖက်ဆွေးနွေးနေဆဲ ဖြစ်ကြောင်း၊ ယင်း၏တင်ပြချက်များ အခြေအနေကို ချက်ချင်း မသိရသေးကြောင်း၊ ဒေါက်တာသန်းငြိမ်းက ပြောကြားခဲ့သည်ဟု ဆိုသည်။

ထောင်သက်တမ်းထပ်တိုးသည့်ကိစ္စ နှစ်ဖက်ဆွေးနွေးနေခြင်းနှင့်ပတ်သက်၍ ဒေါ်ခင်အေးက အားလုံးအဆင်ပြေပါစေရန်ဆု တောင်းပါကြောင်း၊ ခင်ပွန်းဖြစ်သူတဦးအတွက်သာမဟုတ်၊ အားလုံးအတွက်ပါ အဆင်ပြေစေချင်ပါကြောင်း နိုင်ငံရေးအကျဉ်းသားများအားလုံးကို ရည်ရွယ်၍ ဒီဗွီဘီသို့ ပြောကြားသွားခဲ့သည်။

အလားတူ အင်းစိန်ထောင်တွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် သက်ကြီးရွယ်အို နိုင်ငံရေးအကျဉ်းသားများဖြစ်သည့် ဒီမိုကရေစီပါတီ ခေါင်းဆောင် ဦးသုဝေနှင့် ဦးထွေးမြင့်တို့၏ကျန်းမာရေး အခြေအနေ အလွန်ဆိုးဝါးနေကြောင်း ပြည်တွင်းသတင်းများအရ သိရှိရသည်။ ❖

## လူထုဆန္ဒကောက်ယူနေမှုကို တန်ပြန်တိုက်ခိုက်ရန် အာဏာပိုင်များညွှန်ကြားထား

**စက်တင်ဘာ၊(၂၀)ရက်။**

ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေး အကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် အဖွဲ့ချုပ်က လူထုဆန္ဒလက်မှတ်ကောက်ယူမှုများပြုလုပ်လျက်ရှိရာ အဆိုပါလှုပ်ရှားမှုကို တန်ပြန်တိုက်ခိုက်သွားရန် စစ်အုပ်စုအာဏာပိုင်များက ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ထိုညွှန်ကြားချက်ကို ယခုလ လလယ်ပိုင်းက စစ်ကိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်သာအေး ကလေးမြို့သို့ရောက်လာစဉ် မြို့နယ်ကြံ့ဖွံ့အဖွဲ့ဝင်များအား လူထုကို သွေးဆောင်ဖြားယောင်းရန်၊ အဖွဲ့ချုပ်ကို စနစ်တကျပြန်လည်တုံ့ပြန်ရန် ညွှန်ကြားခဲ့ကြောင်း ယုံကြည်ရသည့်ဝန်ထမ်း တဦး၏အဆိုအရ သိရှိရသည်ဟု ကလေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒိုထောင်းက ဒီမိုကရက်တစ်မြန်မာ့အသံသို့ ပြောကြားခဲ့သည်။

ဦးဒိုထောင်းက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် လက်မှတ်ထိုးတဲ့လူတွေကို "ကျနော်တို့လက်မှတ်ထိုးမိတာမှားပါတယ်၊ နားယောင်ပြီး ထိုးမိတာပါ" ဟု ကြံ့ဖွံ့များမှတဆင့် တန်ပြန်လက်မှတ်ထိုးရန် တိုင်းမှူးက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဝန်ထမ်း၏အဆိုကိုကိုးကား၍ ပြောကြားသွားခဲ့သည်။

အကယ်၍ လက်မှတ်ထိုးထားသူများသည် ကြံ့ဖွံ့အဖွဲ့တွင် တန်ပြန်လက်မှတ်မထိုးပါက တရားစွဲဆိုရန်ပင် တိုင်းမှူးက ညွှန်ကြားထားကြောင်း၊ သို့ရာတွင် လက်မှတ်ထိုးရုံနှင့် ဘယ်လိုမှ တရားစွဲနိုင်မည်မဟုတ်ကြောင်း၊ ဦးဒိုထောင်းက ဆက်လက်ပြောကြားခဲ့ပြီး "ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေး ဆန္ဒပေးတာပဲ၊ ရန်းရင်းဆန်ခတ်ဖြစ်ဖို့ လှုံ့ဆော်တာလည်း မဟုတ်ဘူး။ ပြည်သူ့စိတ်ဓာတ်ကို ဖောက်လွှဲဖောက်ပြန်ဖြစ်အောင်လုပ်တာလည်း မဟုတ်ဘူး။ နိုင်ငံတော်တည်ဆောက်ဖို့ ဟန့်တားတာလည်း မဟုတ်ဘူး၊ စာရွက်စာတမ်းဖြန့်ဝေတာလည်း မဟုတ်ဘူး။ အဲဒါကို တရားစွဲရင် ဥပဒေမဲ့တရားစွဲတာဖြစ်ရင်ဖြစ်မှာ။ ကြောက်ရွံ့ပြီး ခံစားဖို့လည်း မရှိပါဘူး"ပြည်သူများကိုယ်စား ပြောကြားသွားခဲ့သည်။ ကလေးမြို့တွင် လဆန်းပိုင်းသတင်းများအရ ဆန္ဒပြုလက်မှတ် (၂,၅၀၀) ကျော် စုဆောင်းရရှိပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်နယ်နှင့်တိုင်းများတွင်လည်း ငြိမ်းချမ်းစွာလက်မှတ်စုဆောင်းနေသည့် အဖွဲ့ချုပ်ဝင်များကို အာဏာပိုင်များက အကြောင်းအမျိုးမျိုးပြ ဖမ်းဆီးနှိပ်စက်ခြင်း၊ ထောင်ချခြင်းများပြုလုပ်နေကြောင်း ပြည်တွင်းအဖွဲ့ချုပ်ဝင်များ၏ ပြောပြချက်အရသိရသည်။ ❖

# မြန်မာ့အရေး ကုလအထွေထွေညီလာခံတွင် သီးခြားဆွေးနွေးပွဲ

မြန်မာ့ဒီမိုကရေစီရေးအတွက် နည်းလမ်းရှာသည့်အနေဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန် အစီအစဉ်ဖြင့် နိုင်ငံ(၁၂)နိုင်ငံတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များပါဝင်သည့် ဆွေးနွေးပွဲတရပ်ကို စက်တင်ဘာ(၂၉)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီး ကျင်းပနေစဉ် သီးခြားအစီအစဉ်တရပ်အနေဖြင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး ကိုဖီအာနန်က အစည်းအဝေးတက်ရောက်လာသည့်နိုင်ငံတိုင်းသည် မြန်မာ့အရေးကို စိုးရိမ်ပူပန်နေကြကြောင်း ပြောဆိုခဲ့သည်။



ကုလ အထွေထွေအတွင်းရေးမှူးချုပ်
မစ္စတာ ကိုဖီအာနန်

မစ္စတာအာနန်က နိုင်ငံတိုင်းကိုယ်စီက ကွဲပြားခြားနားသည့် သြဇာကိုသုံး၍ မြန်မာ့အရေးအတွက် ပါဝင်သွားကြမှာဖြစ်ပါတယ်လို့ပြောကြားခဲ့သည်။

ထိုအစည်းအဝေးသို့ အာဆီယံနိုင်ငံများဖြစ်ကြသည့် ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့မှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ နော်ဝေ၊ ဩစတြေးလျနှင့် အီးယူအလှည့်ကျဥက္ကဋ္ဌ နယ်သာလန်တို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့်ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့သည်ဟု သိရသည်။

ညီလာခံသို့တက်ရောက်လာသူ နအဖကိုယ်စားလှယ် အလုပ်သမားဝန်ကြီး ဦးတင်ဝင်းက မြန်မာ့အရေးကို ဖြေရှင်းနိုင်ရန် တခုတည်းသောနည်းလမ်းမှာ အမျိုးသားညီလာခံမှတပါး အခြားမရှိဟုဆိုလိုက်ပြီး ညောင်နှစ်ပင်ညီလာခံကို မဖြစ်မနေဆက်လက်ကျင်းပသွားမည်ဟု ဆိုသည်။

နအဖ၏အမျိုးသားညီလာခံနှင့်ပတ်သက်၍ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည်၊ အဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ မပါဝင်ပါက အသိအမှတ်ပြုခံရနိုင်ဖွယ်မရှိဟု ပြီးခဲ့သည့်လက ပြောကြားခဲ့သည်။

နအဖကိုယ်စားလှယ်ကမူ ယင်းညီလာခံသည် ပုဂ္ဂိုလ်တဦး၊ ပါတီတဖွဲ့ကို ကိုယ်စားမပြုကြောင်း အထွေထွေညီလာခံတွင် ပြောကြားခဲ့သည်။

ထိုဆွေးနွေးပွဲကို အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ကြိုဆိုလိုက်ပြီး ကုလသမဂ္ဂအထူးသံများဖြစ်သည့် မစ္စတာရာဇာလီနှင့် ပင်ဟေးရိုးတို့ကို မြန်မာပြည်သို့ အမြန်ဆုံးလာရောက်နိုင်ရန် လိုအပ်ကြောင်းလည်း ပြောဆိုခဲ့သည်။❖

# နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးရွားနေဆဲ အထွေထွေညီလာခံတွင် မစ္စတာပင်ဟေးရိုး အစီရင်ခံ



လူ့အခွင့်ရေးအထူး ကိုယ်စားလှယ်
မစ္စတာ ပင်ဟေးရိုး

နအဖစစ်အုပ်စုသည် နိုင်ငံရေးသမားကို အဆက်မပြတ်ဖမ်းဆီးကာ နှစ်ရှည်ထောင်ဒဏ်များချလျက်ရှိနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်ရေးအထူးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးက စက်တင်ဘာ(၂၈)ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ နယ်စပ်များတွင် နအဖက လူ့အခွင့်ရေးချိုးဖောက်မှုများ ဆက်လက်ပြုနေဆဲဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် ဦးပိုင်းကစ၍ နအဖလူ့အခွင့်ရေး ချိုးဖောက်မှုသတင်းများကိုရရှိထားပြီး မှန်မမှန် ဆက်လက်စုံစမ်းသွားမှာဖြစ်ကြောင်း၊ စစ်မှန်သောမြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းရေးကို အစိုးရကတကယ်ဆန္ဒရှိလျှင် အခြေခံလူ့အခွင့်ရေးကို အပြည့်အဝပေးဖို့လိုအပ်ကြောင်း အစီရင်ခံစာက ဆိုထားသည်။ နအဖက မိမိကို နိုင်ငံဝင်ခွင့်မပေးသဖြင့် ယခုနှစ်အစီရင်ခံစာသည် အကန့်အသတ်ရှိကြောင်း ဖော်ပြထားသည်။ ပင်ဟေးရိုးသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ နောက်ဆုံးအဖြစ်သွားရောက်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးရမှာပါ။ ငြိမ်းချမ်းစွာလှုပ်ရှားနေသူတွေကို ထပ်မဖမ်းသင့်ပါဘူးဟု အစီရင်ခံစာက ဆိုထားသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်တော့ပြန်လွှတ်ပေးမည်ဆိုသည့် အရိပ်အယောင်ပင်မတွေ့ရဟုလည်း ဖော်ပြထားသည်။ ရှမ်းပြည်နယ်တွင် နအဖစစ်သားများ ကျူးလွန်ထားသော ရှမ်းတိုင်းရင်းသူများအပေါ် အဓမ္မပြုကျင့်မှုအတွက် လွတ်လပ်သောစုံစမ်းရေးအဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာအောင် နအဖကိုတောင်းဆိုထားပေမယ့် အကြောင်းမပြန်သေး'' ဟုဆိုသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၁၃၀၀)ကျော်ရှိပြီး ၎င်းတို့အနက်(၅၀)ကျော်မှာ ထောင်ထဲတွင် ကျန်းမာရေးအခြေနေဆိုးရွားနေကြောင်း ၎င်း၏ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

စစ်အစိုးရသည် ပြီးခဲ့သောနှစ်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်ဒီလွှတ်တော်ကိုယ်စားလှယ်(၄)ဦးကို ထောင်ဒဏ်(၇)နှစ်ချခဲ့သည်။❖

# နအဖဗိုလ်ချုပ်ကြီးများနှင့် မိသားစု နယူးဇီလန်မဝင်ရ

**စက်တင်ဘာ(၁၈)ရက်။ [ဒီဗွီဘီ]**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးခြင်းမရှိသည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေသည့်အတွက် နအဖစစ်ဗိုလ်ချုပ်ကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များကို နယူးဇီလန်အစိုးရက ပြည်ဝင်ခွင့်ဗီဇာပိတ်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်ကို နယူးဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ် ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး ၎င်းက မြန်မာနိုင်ငံ၏လက်ရှိအခြေအနေကို နယူးဇီလန်အစိုးရက အထူးစိုးရိမ်မိကြောင်း၊ မိမိတို့၏စိုးရိမ်မှုကိုပြသည့်အနေဖြင့် နအဖစစ်ဗိုလ်ချုပ်ကြီးများနှင့် မိသားစုဝင်များကို ဗီဇာပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်က စစ်အုပ်စုအနေဖြင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်သွားနိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပြီး တိုင်းရင်းသားခေါင်းဆောင်များပါ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးပြုလုပ်ရန် တိုက်တွန်းတောင်းဆိုလိုက်သည်။❖




နယူးဇီလန်ဝန်ကြီးချုပ်
ဟယ်လင်ကလပ်

# ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ကုလ ကိုယ်စားလှယ်များ နှင့် အီးယူက တိုက်တွန်း

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီက နအဖအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်မှန်ပြီးအဓိပ္ပာယ်ရှိသည့် တွေ့ဆုံပွဲများ ပြုလုပ်ရန် တိုက်တွန်းတောင်းဆိုလိုက်သည်။

ယခုတောင်းဆိုချက်မှာ စက်တင်ဘာ(၂၇)ရက်နေ့က အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရစ်ချတ်အမီတိချ်နှင့် မစ္စတာရာဇာလီတို့ တွေ့ဆုံဆွေးနွေးအပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး၊ အမျိုးသားသင့်မြတ်ရေး၊ အဓိပ္ပာယ်ပြည့်ဝစွာ တွေ့ဆုံဆွေးနွေးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး ခြေလှမ်းလှမ်းရန် လိုအပ်သည်ဟု အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးနှင့် မစ္စတာရာဇာလီတို့က သဘောတူခဲ့ကြကြောင်း ဝန်ကြီး၏ပြောခွင့်ရပုဂ္ဂိုလ်က သတင်းထောက်များကိုပြောကြားခဲ့သည်ဟု အေအက်ဖ်ပီ သတင်းကဆိုသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် အရှေ့တောင်အာရှနိုင်ငံများ၏လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပြီး ထိုအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြားဝင်ကိုင်တွယ်သင့်ကြောင်း အမေရိကန်ဆီးနိတ်(အထက်လွှတ်တော်)၏ ဆုံးဖြတ်ချက်အပြီး ရက်အနည်းငယ်အတွင်း ၎င်းတို့နှစ်ဦး ယခုလို တွေ့ဆုံခဲ့ခြင်းဖြစ်သည်။



ကုလ အထူးကိုယ်စားလှယ်
မစ္စတာ ရာဇာလီအစ္စမေးလ်

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးကလည်း ကုလသမဂ္ဂအထွေထွေညီလာခံသို့ ၎င်းတင်သွင်းသည့် အစီရင်ခံစာတွင် အလားတူတောင်းဆိုခဲ့သည့်အပြင် အီးယူ(ဥရောပသမဂ္ဂ)အဖွဲ့ကလည်း အာဆီယံအစည်းအဝေးမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးချင်းမပြုပါက ပိုမိုပြင်းထန်သည့် အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယခုလ(၁၃)ရက်နေ့က စစ်အုပ်စုထံ ရာဇသံပေးထားသည်။❖

# ဒေါ်အောင်ဆန်းစုကြည်၏ဒီမိုကရေစီသဘောထား အမေရိကန် သမတ ကိုးကား

**စက်တင်ဘာ၊ (၂၃)ရက်။**

အမေရိကန် သမတဘုရှ်က ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏စကားကို ထူးထူးခြားခြားကိုးကား ပြောဆိုသွားခဲ့ကြောင်း သိရသည်။

လက်ရှိကျင်းပလျက်ရှိသည့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် စက်တင်ဘာ(၂၂)ရက်နေ့က အမေရိကန်သမတ ဂျော့ဂ်ျဒဗလျူဘွတ်ရှ်က မိန့်ခွန်းပြောကြားရာတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီ၏အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ပတ်သက်သည့်အမြင်ကို ကိုးကား၍ ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီဆိုသည်မှာ အနောက်နိုင်ငံများ၏ တန်ဖိုးထားမှုစံသတ်မှတ်ချက်တခု အဖြစ်သာပြောဆိုနေခြင်းများကို လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်ကို သမတဘုရှ်က ပြန်လည်ကိုးကားသွားခြင်းဖြစ်သည်ဟု သိရသည်။



သမတဘုရှ်က "အမှန်တွင်ဒီမိုကရေစီဆိုသည်မှာ တာဝန်သိတတ်ပြီး ထိန်ချုန်ဖုံးကွယ်မှုကင်းသည့် ရှင်းရှင်းလင်းလင်း တာဝန်ယူမှုရှိသော အစိုးရကောင်းများကျင့်သုံးသည့် စနစ်တရပ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုရမှာဖြစ်ကြောင်း'' ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်ကို ထည့်သွင်းရှင်းပြသွားခဲ့သည်ဟုဆိုသည်။

သမတဘုရှ်သည် အဆိုပါမိန့်ခွန်းထဲ၌ ကမ္ဘာ့ကုလသမဂ္ဂကြီးအနေဖြင့် ဒီမိုကရေစီတည်ဆောက်ရေးကြိုးပမ်းနေသည့် နိုင်ငံများကို အကူအညီပေးရေး၊ ဒီမိုကရေစီရံပုံငွေထူထောင်ရေးတို့ကို ထည့်သွင်းပြောဆိုသွားခဲ့ပြီး အမေရိကန်ပြည်ထောင်စုက ကမကထပြုလုပ်မည့် ဒီမိုကရေစီရံပုံငွေတွင် အခြားနိုင်ငံများကပါ ပါဝင်လှူဒါန်းကြရန် တိုက်တွန်းသွားခဲ့သည်။

ထို့အပြင် ဒီမိုကရေစီအခြေခံနှင့် တရားဥပဒေ စိုးမိုးရေးတည်ဆောက်စနိုင်ငံများတွင် လွတ်လပ်သည့်တရားစီရင်ရေး၊ သတင်းဌာနများ၊ နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများ၊ ထူထောင်နိုင်ရေးတို့တွင် အကူအညီပေးနိုင်ရန်ဖြစ်သည်ဟုလည်း အမေရိကန်သမတက ထည့်သွင်းပြောဆိုသွားကြောင်း သိရသည်။❖

# ၈၂နှစ်အောက်မြန်မာကလေးငယ် သုံးပုံတပုံအာဟာရချို့တဲ့မှုဒဏ်ခံနေရ



ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ဒုတိယ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စ စီစူလူး

နအဖစစ်အုပ်စု၏ စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာမူဝါဒများ မှားယွင်းနေမှုကြောင့် နိုင်ငံတဝှမ်းလုံးရှိ အသက်(၅)နှစ်အောက်ကလေးငယ် သုံးပုံတပုံခန့်သည် အာဟာရချို့တဲ့မှုဒဏ်ကိုခံနေကြရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုလ(၁၄)ရက်နေ့က (၄)ရက်ကြာ သွားရောက်ခဲ့သည့် မြန်မာပြည်ခရီးစဉ်မှ အပြန် ထိုင်းနိုင်ငံဘန်ကောက်သို့ရောက်ရှိလာသည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ဒုတိယ အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ မစ္စ စီစူလူးက ယခုလိုပြောကြားလိုက်ခြင်း ဖြစ်သည်။

မစ္စ စီစူလူးက နအဖစစ်အုပ်စု၏ ဘိန်းပပျောက်ရေးစီမံကိန်းအစီအစဉ်ဖြင့် ရှမ်းပြည်မြောက်ပိုင်းရှိလယ်သမားများအား ဘိန်းအစားထိုးသီးနှံ ပန်းဂျုံနှင့် အခြားသီးနှံများ စိုက်ပျိုးနေသည့်အတွက် ဘိန်းအထွက်နှုန်းကျဆင်းလာသော်လည်း ထိုအပြောင်းအလဲအတွက် ဒေသခံလယ်သမားများမှာ ကြိုးစားနေကြရပြီး လယ်သမားများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အာဏာပိုင်များက ကန့်သတ်မှုများထားရှိနေခြင်းကြောင့် စားနပ်ရိက္ခာ မလုံလောက်မှုကို ကြုံတွေ့နေရသည်ဟု ဆိုခဲ့သည်။

ဆက်လက်ပြောဆိုရာတွင် အဆိုပါကန့်သတ်မှုများထားရှိရခြင်းမှာ လုံခြုံရေးအခြေအနေများကြောင့်ဟု အာဏာပိုင်များက အကြောင်းပြခဲ့သော်လည်း စားနပ်ရိက္ခာမလုံလောက်သည့်ပဋိပက္ခကို ဖြေရှင်းရန်နည်းလမ်းမှာ အစိုးရ၏မူဝါဒများပြောင်းလဲရန်သာဖြစ်သည်ဟု ဝေဖန်ပြောဆိုခဲ့သည်။

ထို့အပြင် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် မြန်မာလူထု(၆)သိန်းခန့်အတွက် စားနပ်ရိက္ခာထောက်ပံ့နေသော်လည်း နိုင်ငံတွင်းအခြေအနေမှန်ကို လေ့လာခွင့်မရသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးချဲ့နိုင်ခြင်းမရခဲ့ကြောင်း သူမ၏မြန်မာပြည်ပထမခရီးစဉ်ကအပြန်တွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

မစ္စ စီစူလူးသည် မြန်မာပြည်သို့ ရောက်ရှိခဲ့စဉ် ကုလသမဂ္ဂဌာနေအေဂျင်စီများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့် ပါတွေ့ဆုံ၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ❖

# ဒေါ်စုလွှတ်မြောက်ရေးတောင်းဆိုမှု အရေးယူမှုများပါဝင်အောင် နိုင်ငံတကာခေါင်းဆောင်များ ဆောင်ရွက်ရန်လို



“ ကမ္ဘာ့ခေါင်းဆောင်တချို့က ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ တောင်းဆိုတဲ့အသံတွေကိုတော့ ကြားခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီတောင်းဆိုပါတယ်ဆိုတဲ့ စကားလုံးရဲ့နောက်မှာ …”

အောက်တိုဘာ(၇)ရက်နေ့ထုတ် Internationl Herald Trinbune သတင်းစာ၌ ယခုလိုရေးသားလိုက်ခြင်းဖြစ်ပြီး ယခုလိုပြောကြားခြင်းမှာ အီးယူ–အာဆီယံ အစည်းအဝေးတက်ရောက်နေသည့် ခေါင်းဆောင်များအား သတိပေးလိုက်ခြင်းဖြစ်သည်။

ဒက်စ်မွန်တူးတူးက“ကမ္ဘာ့ခေါင်းဆောင်တချို့က ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ တောင်းဆိုတဲ့အသံတွေကိုတော့ ကြားခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီတောင်းဆိုပါတယ်ဆိုတဲ့ စကားလုံးရဲ့နောက်မှာအရေးယူဆောင်ရွက်မှုတွေ တွဲပြီးမပါတဲ့အတွက် အချိန်ကြာလာရင် ဒါဟာ အနှစ်မပါတဲ့ ဟန်ပြတောင်းဆိုမှုမျိုးဖြစ်သွားနိုင်တယ်”ဟု ခရစ်ယာန်ဘုန်းတော်ကြီးက သတိပေးလိုက်သည်။

၎င်းက “ဗီယက်နမ်မှာရောက်နေတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးကိုလုပ်နေပါတယ်လို့ တချိန်လုံးကြွေးကြော်နေသူတွေ ဖြစ်ပါတယ်။ အခုခင်ဗျားတို့ရှေ့မှောက်မှာရောက်နေပြီး စားပွဲတခုတည်းမှာထိုင်နေတဲ့ မြန်မာနိုင်ငံက အကြမ်းဖက်သမားခေါင်းဆောင်တွေကို ခင်ဗျားတို့ ဘယ်လိုအရေးယူမှာလဲ”ဟု အဆိုပါသတင်းစာကနေ မေးခွန်းထုတ်ခဲ့ကြောင်း သိရသည်။❖

ဖမ်းဆီးခြင်းခံထားရသည်မှာ (၉)လနီးပါးကြာမြင့်နေပြီဖြစ်သည့် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အတွက် အလေးအနက်စဉ်းစားရန် လိုအပ်နေပြီဖြစ်ကြောင်း ဘဝတူ နိုဘယ်ဆုရှင် ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးက ကမ္ဘာ့ခေါင်းဆောင်များ အားလုံးကို တိုက်တွန်းပြောဆိုလိုက်သည်။

# မွန်ပြည်သစ်ပါတီ အရေးပေါ်အစည်းအဝေးကျင်းပပြီးစီး ညောင်နှစ်ပင်ညီလာခံတက်ရေး မတက်ရေး မဆုံးဖြတ်သေး

(၁၀)ရက်ကြာကျင်းပခဲ့သည့် မွန်ပြည်သစ်ပါတီ၏အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးပြီးဆုံးသွားခဲ့ပြီဖြစ်သော်လည်း နအဖက ဆက်လက်ကျင်းပမည့် ညောင်နှစ်ပင်ညီလာခံပြန်တက်ရေး မတက်ရေး အခြေအနေကို ယတိပြတ်ဆုံးဖြတ်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ(၁၆)ရက်က (၂၅)ရက်နေ့တိုင်ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးတွင် မည်သည့်အချိန်မှာပြန်လည် ကျင်းပမည်မှန်း မသိသည့် နအဖ၏ညောင်နှစ်ပင်ညီလာခံအတွက် အချိန်ကုန်ခံမစဉ်းစားဘဲ ကျင်းပမည့်ရက်အတိအကျသိမှ အစည်းအဝေးထပ်မံပြုလုပ်ပြီး ဆုံးဖြတ်ရဖွယ်ရှိကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် နိုင်အောင်ရှိန်က ဒီမိုကရက်တစ်မြန်မာ့အသံနှင့်မေးမြန်းခန်းတွင် ပြောဆိုသွားခဲ့သည်။

ရေးချောင်းဖျား ဗဟိုဌာနချုပ်တွင် ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးသို့ ပါတီခေါင်းဆောင်များ၊ တပ်မှူးများဒေသအုပ်ချုပ်ရေးမှူးများ စုံညီစွာတက်ရောက်ကြပြီး ပါတီတွင်းအခြေအနေ၊ ဒေသတွင်းအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုအစည်းအဝေးကျင်းပချိန်တွင် ပြီးခဲ့သည့် ဇွန်၂(၉)ရက်နေ့က ဖမ်းဆီးခံထားရသည့် ရေးမြို့နယ်မှ ပါတီဝင်(၈)ဦးကို အာဏာပိုင်များကပြန်လွှတ်ပေးခဲ့သော်လည်း တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်မှ ပါတီဝင်(၃)ဦးကို ထပ်မံဖမ်းဆီးခဲ့သည့်အပြင် ယခုအချိန်အထိ ဘာသတင်းမှမကြားသည့်အတွက် အခြေအနေမှာ ရှုတ်ထွေးနေဆဲဖြစ်သည်ဟု နိုင်အောင်ရှိန်က ပြောဆိုသွားခဲ့သည်။

ထိုသို့ဖမ်းဆီးမှုများရှိနေသလို ပေါ်တာဆွဲခြင်း၊ လုပ်အားအဓမ္မခိုင်းစေခြင်း၊ စစ်စခန်းများဆောက်လုပ်ရန် လယ်ယာမြေများ သိမ်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများကို နအဖတပ် ပိုမိုပြုလုပ်လာသည့်အတွက် ထိုကိစ္စများကို နအဖခေါင်းဆောင်ပိုင်းနှင့် ဆွေးနွေးတင်ပြသွားရန် မွန်ပြည်သစ်ပါတီက ပြင်ဆင်နေကြောင်း နိုင်အောင်ရှိန်အဆိုအရ သိရသည်။

❖

# တထောင်တန် ငါးရာတန်နှင့် နှစ်ရာတန်ငွေစက္ကူအသစ်များ မကြာမီ ထပ်မံထုတ်ဝေမည်



အသစ်ထုတ်ဝေလိုက်သည့် ငွေစက္ကူများ

(၁,၀၀၀)ကျပ်တန်၊ (၅၀၀)ကျပ်တန်နှင့် (၂၀၀)ကျပ်တန် ငွေစက္ကူအသစ်များအား မြန်မာနိုင်ငံဗဟိုဘဏ်က မကြာမီ ထုတ်ဝေတော့မည်ဖြစ်ကြောင်း စက်တင်ဘာ (၃၀) ရက်နေ့က မြန်မာ့အသံသတင်းတွင် ထုတ်လွှင့်သွားခဲ့သည်။

ထပ်မံထုတ်ဝေမည့်ငွေစက္ကူများမှာ ယခင်ပုံသဏ္ဌာန်နှင့် အရောင်အသွေးအားလုံး တူညီသော်လည်း အရွယ်အစားပိုသေးမည်ဟု ဆိုသည်။

ငွေစက္ကူအသစ်များ ထပ်မံထုတ်ဝေမည်ဖြစ်သော်လည်း ယခင်မူလကရှိနေသည့် ငွေစက္ကူများအားလုံးကိုလည်း ဆက်လက်သုံးစွဲခွင့်ရှိသည်ဟုလည်း သိရသည်။

ယခုလို ငွေစက္ကူအသစ်များ ထပ်မံထုတ်ဝေခြင်းမှာ စစ်အုပ်စု အာဏာသိမ်းခဲ့သည့် ၁၉၈၈ ခုနှစ်နောက်ပိုင်း (၈)ကြိမ်မြောက်ဖြစ်ပြီး လက်ရှိသုံးစွဲနေသည့် (၂၀၀) တန်ငွေစက္ကူကို ၁၉၉၂ တွင်လည်းကောင်း၊ (၅၀၀)တန် ငွေစက္ကူကို ၁၉၉၄ တွင်လည်း ကောင်း၊ ၁၉၉၈တွင် (၁၀၀၀)တန်ငွေစက္ကူကိုင်း ရိုက်နှိပ် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ငွေစက္ကူအသစ်များထပ်မံထုတ်ဝေတော့မည့်ကိစ္စနှင့်ပတ်သက်၍ စီးပွားတက္ကသိုလ်ပါမောက္ခဟောင်း ဦးမော်သန်း က ငွေစက္ကူဟောင်းများကိုမသိမ်းဘဲ အသစ်ထပ်မံထုတ်ခြင်းအတွက် ငွေကြေးဖောင်းပွမှုဖြစ်လာနိုင်ကြောင်း ငွေကြေးဖောင်းပွမှုဖြစ်လာပါက ငွေကြေးတန်ဖိုး ကျဆင်းသွားသည့်အတွက် ပြည်သူလူထုအနေဖြင့် စားသုံးစရိတ်မြင့်မားလာမည့်အပြင် နိုင်ငံခြားကုန်သွယ်ရေးတွင် သွင်းကုန်ထုတ်ကုန်ကတဆင့် တိုင်းပြည်စီးပွားရေးကိုပါ အများကြီးထိခိုက်လာနိုင်ကြောင်း ဒီဗွီဘီသတင်းဌာနသို့ ပြောကြားသွားခဲ့သည်။❖

# စစ်အုပ်စုနှင့်အပြန်အလှန်သံခန့်အပ်ရေး အိုင်ယာလန်က ယာယီရပ်ဆိုင်း

**အောက်တိုဘာ၊ (၅)ရက်။**

ဒေါ်အောင်ဆန်းစုကြည်ကို ယခုအချိန်အထိ ဆက်လက်ဖမ်းဆီးထားသည့်အပြင် ဒီမိုကရေစီပြောင်းလဲမှုမရှိသည့်အတွက် အိုင်ယာလန်နိုင်ငံက မြန်မာစစ်အုပ်စုနှင့် အပြန်အလှန် သံတမန်ခန့်အပ်ရေးကို ယာယီရပ်ဆိုင်းလိုက်ကြောင်း အိုင်ယာလန်နိုင်ငံခြားရေးဝန်ကြီးက ပြောဆိုလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီး ဒါမှတ်အာဟန်က သံတမန် အပြန်အလှန်ခန့်အပ်ရေးကိစ္စ ယာယီရပ်ဆိုင်းရခြင်းနှင့်ပတ်သက်၍ အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေမျိုးတွင် သံတမန်အဆက်အသွယ်လုပ်ရန်မဖြစ်နိုင်သေးဟု ဆိုသည်။

၎င်းက ဒီနှစ်အစောပိုင်းတုန်းက ကျနော်တို့ယူဆခဲ့တာက မြန်မာနိုင်ငံမှာ အပြုသဘော ဆောင်တဲ့ပြောင်းလဲမှုတွေဖြစ်ပေါ်မယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း လွတ်လာတော့မယ်လို့ ယူဆခဲ့တာပါ။ အခုတော့ ဒါတွေတခုမှဖြစ်မလာတာဟာ ဝမ်းနည်းစရာပဲဟု ဆိုခဲ့ကြောင်း အေအက်ဖ်ပီသတင်းကို ကိုးကား၍ ဒီမိုကရက်တစ်မြန်မာ့အသံသတင်းတွင် ဖော်ပြခဲ့သည်။

သံတမန်အပြန်အလှန်ခန့်အပ်ရေး အစီအစဉ်အရ မလေးရှားနိုင်ငံရှိ အိုင်ယာလန်သံအမတ်မစ္စတာဒယ်ရီယာမိုဟောကို မြန်မာသံအမတ် အဖြစ်ပူးတွဲခန့်အပ်ရန်စီစဉ်ခဲ့သော်လည်း ထိုအစီအစဉ်များအားလုံး ရပ်ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း အိုင်ယာလန်အစိုးရက ပြောဆိုခဲ့သည်။

အိုင်ယာလန်အစိုးရသည် ယခုနှစ် နှစ်ဆန်းပိုင်း ဖေဖော်ဝါရီလကမှ နအဖနှင့် သံတမန်ဆက်သွယ်ရန်ကြေညာခဲ့ပြီး မြန်မာပြည်ကို ဒီမိုကရေစီပြောင်းလဲရေးအတွက် ပိုမိုထိရောက်သောတွန်းအားများ ပေးသွားမည်ဟုဆိုခဲ့သည်။❖

# မြန်မာ့အရေးထောက်ခံအားပေးမည့်အဖွဲ့ ဩစတြေးလျလွှတ်တော်အမတ်များ ဖွဲ့စည်း

**စက်တင်ဘာ၊ (၂၇)ရက်။**

မြန်မာ့ဒီမိုကရေစီရေးကို ပိုမိုထောက်ခံအားပေးရန် ဩစတြေးလျနိုင်ငံမှ အနောက်ဩစတြေးလျပြည်နယ် လွှတ်တော်အမတ်များက ယခုလ(၂၄)ရက်နေ့တွင် စုပေါင်း၍ အဖွဲ့အစည်းသစ်တရပ် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

“မြန်မာပြည်၏မိတ်ဆွေ အနောက်ဩစတြေးလျ ပြည်နယ်လွှတ်တော်အမတ်များအဖွဲ့”ဟု အမည်ပေးထားသည့် အဆိုပါအဖွဲ့တွင် လေဘာပါတီ၊ ဒီမိုကရက်တစ်ပါတီ၊ လစ်ဘရယ်နှင့် ဂရင်းပါတီတို့မှ လွှတ်တော်အမတ်အများအပြားပါဝင်ကြောင်း သိရသည်။

အဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်စန်းစန်းနှင့် အမ်ပီယူညွှန်ကြားရေးမှူး ဒေါက်တာမြင့်ချိုတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။❖

# တရားရှိသူ ကူသူများမယ် တရားမဲ့သူ ကူသူရှားတယ်

ရဲထွင်

လက်ရှိသမတ ဟူဂိုချေဗက်ဇ်ကို ရာထူးက ဖယ်ရှားမယ်၊ မဖယ်ရှားဘူးဆိုတဲ့ လူထုအဆုံးအဖြတ်ခံယူပွဲကို ပြီးခဲ့တဲ့ ဩဂုတ်လ(၁၅)ရက်နေ့က ဗင်နီဇွဲလားနိုင်ငံ တဝှမ်းလုံးမှာ ကျင်းပခဲ့တာမှာ ဟူဂိုချေဗက်ဇ်က အမေရိကန်ရဲ့ အားပေးကူညီမှုနဲ့ သူ့ကိုထုတ်ပစ်ဖို့ အပြင်းအထန် လုံးပမ်းခဲ့ကြတဲ့ အတိုက်အခံများအပေါ် အပြတ်အသတ် အောင်ပွဲခံလိုက်ပါပြီ။

သည်ဆန္ဒခံယူပွဲမှာ နံနက်(၆)နာရီက စပြီး ညသန်းခေါင်အချိန်အထိ မဲရုံများကို ဖွင့်ထားပေးရလောက်အောင် မဲပေးပိုင်ခွင့်ရှိသူ ဗင်နီဇွဲလားပြည်သူ (၁၄)သန်းအနက် (၁၀.၉)သန်းက တခဲနက်တန်းစီပြီး လာရောက်မဲပေးကြပါတယ်။ ယခင်အများ ဆုံးစံချိန်တင်မဲပေးမှုဖြစ်တဲ့ ၁၉၈၈ ခုနှစ် သမတရွေးကောက်ပွဲမှာ (၇.၅) သန်းထက်ပိုများတာကြောင့် ဗင်နီဇွဲလား ရွေးကောက်ပွဲရာဇဝင်မှာ ပြည်သူလူထု အများဆုံးပါဝင်တဲ့ လူထုရဲ့နိုင်ငံရေးလှုပ်ရှားမှုတရပ်အဖြစ် လက်တင်အမေရိကရေးရာ ကျွမ်းကျင်သူများက မှတ်ချက်ချပြောကြားကြပါတယ်။

မဲကဒ်ပြားစုစုပေါင်းရဲ့ (၉၄.၄)%ကို ရေတွက်ပြီးစီးတဲ့ ဩဂုတ်လ(၁၆)ရက် နံနက်(၄)နာရီအချိန်မှာ အမျိုးသားရွေးကောက်ပွဲကောင်စီ(National Electorial Council) က ဟူဂိုချေဗက်ဇ်ကို သမတရာထူးက ဖယ်ရှားဖို့အဆိုကို ဆန့်ကျင်ဘက်မဲပေးသူပေါင်း (၅၈.၂၅)%ရှိပြီး ထောက်ခံမှုက (၄၁.၇၄)% ပဲရှိကြောင်း ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ဆန္ဒခံယူပွဲရလဒ်အပေါ်မှာ ဟူဂိုချေဗက်ဇက်ရဲ့တုံ့ပြန်မှုကတော့ အင်မတန် အတုယူစရာပါ။ သူ့ကို ဆန့်ကျင်မဲပေးခဲ့သူများအပေါ် လေးစားမှုပြဖို့လိုအပ်တယ်လို့ သူ့ကိုထောက်ခံသူများကို ပြောကြားလိုက်ပြီး တချိန်တည်းမှာပဲ ဝါရှင်တန်ဟာ ဗင်နီဇွဲလားပြည်သူတွေနဲ့ အစိုးရအပေါ် လေးစားမှုပြသဖို့လိုပြီဖြစ်ကြောင်း တောင်းဆိုလိုက်ပါတယ်။

အတိုက်အခံတွေရဲ့တုံ့ပြန်မှုကတော့ အံ့ဩလောက်စရာပါ။ ဒါပေမယ့် သူတို့ရဲ့ အမုန်းတရားနဲ့ အာဃာတ က ပေါက်ဖွားလာတဲ့ တာဝန်မဲ့အပြုအမူတွေဟာ ဒီမိုကရေစီဆန္ဒမဲရဲ့ရလဒ်များအပေါ် ပယ်ဖျက်ဖို့မဖြစ်နိုင်တော့ပါ။ လက်ရှိအတိုက်အခံခေါင်းဆောင်ဖြစ်တဲ့ သမတဟောင်း (Carlos Andres Perez)က ချေဗက်ဇ်ဟာ ခွေးတကောင်လိုပဲ သေသင့်တယ်။ သူ့ကိုအာဏာက ဖယ်ရှားပစ်ဖို့ဆိုရင် အကြမ်းဖက်တဲ့နည်းလမ်းကို ရွေးရမှာပဲလို့ မထိမ်းနိုင်မသိမ်းနိုင်ပြောခဲ့ပါတယ်။ ဒါ့အပြင် ဒီမဲဆန္ဒခံယူပွဲကို စောင့်ကြည့်လေ့လာနေကြတဲ့ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့စည်းများအနက်က အများက အသိအမှတ်ပြု လေးစားခံကြားရတဲ့ ကာတာစင်တာနဲ့ အမေရိကန်နိုင်ငံများအဖွဲ့ (OAS) တို့ကိုဦးဆောင်နေတဲ့ အမေရိကန်သမတဟောင်း ဂျင်မီကာတာနဲ့ ကိုလံဘီယာသမတဟောင်း (Casan Giviria) တို့က ဆန္ဒခံယူပွဲရလဒ်မှန်ကန်ကြောင်း အတည်ပြုစီရင်ချက်ပေးမယ့် သတင်းစာရှင်းလင်းပွဲတရပ် ကျင်းပဖို့စီစဉ်ထားတာကို မလုပ်ဖြစ်အောင် အတိုက်အခံတို့က ဖျက်ဆီးခဲ့ပါသေးတယ်။

ဒါပေမယ့် ကာတာက သူတို့ရဲ့ဆန္ဒခံယူပွဲနဲ့စပ်လျဉ်းပြီးတွေ့ရှိချက်ဟာ အမျိုးသားရွေးကောက်ပွဲကော်စီရဲ့ကြေညာချက်နဲ့ ထပ်တူပဲဖြစ်ကြောင်း၊ ဗင်နီဇွဲလားပြည်သူအားလုံးဟာ ရွေးကောက်ပွဲရလဒ်ကိုလက်ခံပြီး အနာဂတ်အတွက် အတူအကွ ပူးပေါင်းလုပ်ဆောင်ကြဖို့လိုပြီဖြစ်ကြောင်း ပန်ကြားခဲ့ပါတယ်။ Casar Gaviria ကတော့ (OAS) အနေနဲ့ ဆန္ဒခံယူပွဲဖြစ်စဉ်အတွင်းမှာ လိမ်လည်လှည့်ဖျားမှုများ မတွေ့ရဘူးလို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သူတို့နှစ်ဦးစလုံးက ဒီဆန္ဒခံယူပွဲဟာ လွတ်လပ်ပြီးတရားမျှတစွာ ဖြစ်ထွန်းခဲ့တယ်၊ လိမ်လည်လှည့်ဖျားမှုတွေကို နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက မတွေ့ခဲ့ရဘူးလို့ တညီတညွတ်တည်း မှတ်ချက်ချခဲ့ပါတယ်။

ဘာပဲပြောပြော အတိုက်ခံတွေက ဘယ်လောက်ပဲကန့်ကွက်ဖျက်ဆီးနေပါစေ သမတကြီး ဟူဂိုချေဗက်ဇ်ရဲ့ နိုင်ငံရေးမူဝါဒတွေ ဆက်လက်အကောင်အထည်ဖော်ဖို့ အခု ဆန္ဒခံယူပွဲက လမ်းဖွင့်ပေးလိုက်ပါပြီ။ လေထီးစစ်သားဟောင်းတဦးဖြစ်တဲ့ ဟူဂိုချေဗက်ဇ် ဟာ ၁၉၉၂ ခုနှစ်မှာ သမတCarlos Ardies Perez အပေါ် မအောင်မြင်တဲ့ အာဏာသိမ်းဖို့အားထုတ်မှုကို ခေါင်းဆောင်ခဲ့တဲ့အတွက် ထောင်(၂)နှစ်ကျခံခဲ့ရပြီး (၂)နှစ်အကြာမှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်လာခဲ့ပါတယ်။ ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲမှာတော့ ပြီးခဲ့တဲ့ နှစ်(၄၀)ကျော်အတွင်းမှာ အမြီးစားဘက်၊ ခေါင်းစားဘက် ပေါ်လစီကျင့်သုံးပြီး ရေနံတင်ပို့ရငွေများနဲ့ တိုင်းပြည်ရဲ့အကျိုးစီးပွားများကို သူတို့အကျိုးအတွက် ခွဲဝေယူနေမှုကြောင့် အကျင့်ပျက်ချစားနေတဲ့ ပါတီကြီးနှစ်ပါတီကို ပြည်သူလူထုကတော့ နှလုံးနာနေတာကြောင့် ဟူဂိုချေဗက်ဇ်က သမတအဖြစ် အရွေးခံခဲ့ရပါတယ်။

ဆန္ဒခံယူပွဲများကတဆင့် ဟူဂိုချေဗက်ဇ် ဖျက်ဆီးရှုံးနိမ့်စေရေးအတွက် အတိုက်အခံများရဲ့ စီစဉ်ဆောင်ရွက်မှုဟာ တတိယအကြိမ်မြောက်ကြိုးပမ်းမှုဖြစ်ပါတယ်။ ပထမအကြိမ်ကတော့ သက္ကရာဇ် ၂၀၀၂ ခုနှစ် ဧပြီလအတွင်းက လုပ်ဆောင်ခဲ့တဲ့ မအောင်မြင်တဲ့ အာဏာသိမ်းမှုပါပဲ။ ဘွတ်ရှ်အစိုးရရဲ့ အသိအမှတ်ပြုမှုကိုရယူနိုင်ထားတဲ့ အာဏာသိမ်းအဖွဲ့ဟာ သူတို့ကြိုတင်တွက်ဆမထားတဲ့ တိုင်းပြည်နဲ့တဝှမ်း လူထုဆန့်ကျင်ဆန္ဒပြမှုတွေကို ကြုံတွေ့လိုက်ရပြီး ဟူဂိုချေဗက်ဇ်ကို ပြန်လွှတ်ပေးခဲ့ရတယ်။ တပတ်အတွင်းမှာပဲ ဟူဂိုချေဗက်ဇ်ဟာ သူ့ရာထူးကို ပြန်ရယူနိုင်တာကြောင့် အာဏာသိမ်းပွဲကို အားပေးခဲ့တဲ့ အိမ်ဖြူတော်အဖို့ အတော်ကလေး မအီမသာဖြစ်ခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ဒုတိယအကြိမ်ကတော့ ၂၀၀၂ခုနှစ် ဒီဇင်ဘာလအတွင်းကပါ။ အမေရိကန်ကွန်ဂရက်နဲ့ ဆက်စပ်ထားတဲ့ ငွေကြေးထောက်ပံ့မှုအဖွဲ့အစည်းကြီးတခုရဲ့ ငွေကြေးထောက်ပံ့မှုကိုရယူပြီး ဗင်နီဇွဲလားစီးပွားရေးရဲ့ အသက်သွေးကြောဖြစ်တဲ့ နိုင်ငံပိုင်ရေနံကုမ္ပဏီ (PDVSA) ရဲ့ လုပ်ငန်းအားလုံး ရပ်ဆိုင်းစေရေး ရည်ရွယ်ချက် အကောင်အထည်ဖော်ဖို့အတွက် ဆန္ဒပြပွဲကြီးတခုဖြစ်စေရေးကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ တကယ်လို့ သူတို့မျှော်မှန်းတဲ့အတိုင်း ဆန္ဒပြပွဲကြီးဖြစ်လာခဲ့ရင် ဟူဂိုချေဗက်ဇ်အစိုးရကို ဖြုတ်ချနိုင်မယ်လို့ မျှော်လင့်ခဲ့ကြတာဖြစ်ပါတယ်။ အမှန်မှာလည်း ၁၉၇၀ ခုနှစ်ရဲ့ စောစောပိုင်းနှစ်များကဆိုရင် ချီလီနိုင်ငံရဲ့ ဆိုရှယ်လစ်အစိုးရခေါင်းဆောင် Saluadere Allende ပြုတ်ကျစေရေးအတွက် ချီလီအလယ်အလတ်တန်းစားတွေ ပါဝင်တဲ့ ဆန္ဒပြပွဲကြီးတခုကို စီအိုင်အေက အောင်မြင်စွာ စီစဉ်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဟူဂိုချေဗက်ဇ်ဟာ ဒီဆန္ဒပြပွဲကို အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်ခဲ့တယ်။ PDVSA ကို အစိုးရရဲ့ အပြည့်အဝထိန်းချုပ်မှုအောက်မှာ ထားရှိလိုက်ပြီး သူ့ကိုဆန့်ကျင်တဲ့ အလုပ်သမားပေါင်း (၁၈,၀၀၀) ကို အလုပ်ကဖြုတ်ပစ်လိုက်တယ်။ ဒီအချက်ကြောင့် ဗင်နီဇွဲလားရေနံလုပ်ငန်းဟာ တဖြည်းဖြည်းလုံးပါးပါးပြီး နောက်ဆုံးမှာ ရပ်တန့်သွားလိမ့်မယ်လို့ အနောက်တိုင်းသရုပ်ခွဲဝေဖန်သူတွေက ကောက်ချက်ချခဲ့ပေမယ့် PDVSA ဟာ ပိုပြီး စွမ်းဆောင်နိုင်ရေတိုးမြှင့်လာတာ တွေ့ရပါတယ်။ တနေ့ကို ရေနံစည်း (၂.၇)သန်းထုတ်လုပ်ပြီး ဒေါ်လာသန်း ခုနှစ်ထောင်ဖိုး သည့်နှစ်မှာ ဝင်ငွေရှိတယ်လို့ အကဲခက်များခတ်များက ခန့်မှန်းထားပါတယ်။

ဝါရှင်တန်ရဲ့ အဓိကစိုးရိမ်ချက်ကတော့ ပြည်တွင်းစစ်ကြောင့် ဆန့်ငင်ဆန့်ငင် အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ ကိုလန်ဘီယာနိုင်ငံအပါအဝင် အခြား လက်တင်အမေရိကန်နိုင်ငံများက ဟူဂိုချေဗက်ဇ် ဦးဆောင်လုပ်နေတဲ့ ဗင်နီဇွဲလားမော်ဒယ်(ပုံစံ)ကို အတုယူလုပ်ဆောင်လာကြမှာကိုပဲ ဖြစ်ပါတယ်။ ကိုလံဘီယာ သမတ Alvaro Uribe၊ ပီရူး သမတ Alejandro Toledo Mannigue တို့ဟာ ၁၉၈၀ ကျော်ခုနှစ်များအတွင်းက မူးယစ်ဆေးဝါးရာဇာ Palelo Escobar ဦးဆောင်ခဲ့တဲ့ မူးယစ်ဆေးဝါးဂိုဏ်းတဂိုဏ်းက ငွေကြေးများလက်ခံရယူနေတယ်လို့ သတင်းများက ဆိုပါတယ်။

မှန်ပါတယ်။ အခုအချိန်မှာတော့ ဟူဂိုချေဗက်ဇ်နဲ့ သူ့ရဲ့ ဂလိုဗယ်လိုက်ဇေးရှင်း ဆန့်ကျင်ရေး အိုက်ဒီရိုလော်ဂျီဟာ လက်တင်အမေရိကားက နိုင်ငံတဝှမ်းမှာ ချီမွမ်းထောပနာပြုမှုကိုရရှိနေပါပြီ။ သူက လက်တင်အမေရိက နိုင်ငံများကိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပုံစံ အပြောင်းအလဲတခု ဖော်ထုတ်ရှာဖွေရေးနဲ့ နိုင်ငံရေးအရ ညီညွတ်ကြဖို့ ထပ်ခါတလဲလဲ အလေးအနက် ထောက်ပြပြောဆိုနေပါတယ်။ သူဟာ တပြိုင်တည်းမှာပဲ အာဂျင်တီးနားသမတ (Krichner)ရဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ကို ဆန့်ကျင်နေတဲ့လှုပ်ရှားမှုကို ထောက်ခံပံ့ပိုးလျက်ရှိပါတယ်။ ဘရာဇီးက အာဏာရအလုပ်သမားပါတီကလည်း ဆန္ဒခံယူပွဲမှာ သူ့ကိုထောက်ခံကြောင်း အတိအလင်း ဖော်ပြခဲ့ပါတယ်။ လက်တင်အမေရိက နိုင်ငံများရဲ့အနာဂတ်ကံကြမ္မာကို ထိန်းချုပ်ထားတဲ့ အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့ပြောဆိုချက်များ၊ လုပ်ရပ်များကြောင့် မကောင်းဆိုးဝါး မိစ္ဆာစာရင်းမှာ ထည့်သွင်းကြေညာတော့မယ်လို့ တချို့က ယုံကြည်နေပါတယ်။ ဒါ့အပြင် Fidel Castro နဲ့ သူ့ရဲ့ ကျူးဘားဆိုရှယ်လစ် မော်ဒယ်ပုံစံအပေါ် ထပ်တလဲလဲ ချီးကျူးဂုဏ်ပြုပြောဆိုနေမှုကလည်း ဘုရှ်အစိုးရအဖွဲ့အတွင်းက အဆင့်မြင့် အရာရှိကြီးများကို ပိုလို့ဒေါသထွက်စေတာဖြစ်ပါတယ်။

အမေရိကန်အစိုးရဟာ ဆန္ဒခံယူပွဲရလဒ်ကို လက်ခံတယ်ဆိုပေမယ့် ဟူဂိုချီဗက်ဇ်အပေါ် ဆက်လက်တိုက်ခိုက်မှုများ လုပ်နေဦးမှာပါ။ အခုဆိုရင်ပဲ ဆန္ဒခံယူပွဲ အကျိုးဆက်ကြောင့် လက်တင်အမေရိကနိုင်ငံများအတွင်း ဗင်နီဇွဲလားရဲ့ဩဇာသက်ရောက်မှု ကျယ်ပြန့်လာတာကိုတားဆီးဖို့အတွက် (CIA) ဟာ အသေးစိတ်အစီအစဉ်များရေးဆွဲပြီး စတင်အကောင်အထည် ဖော်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် လာမယ့်နိုဝင်ဘာလမှာကျင်းပမယ့် အမေရိကန် ရွေးကောက်ပွဲရလဒ် ဘာပဲဖြစ်ဖြစ် အမေရိကန်အစိုးရနဲ့ ဗင်နီဇွဲလားအပေါ် ထားရှိတဲ့ပေါ်လစီဟာ အပြောင်းအလဲရှိမှာ မဟုတ်ပါ။ ဒီမိုကရက်တစ် သမတလောင်း ဂျွန်ကယ်ရီက ဗင်နီဇွဲလားအပေါ် ပိုမိုဖိအားပေးဖို့တောင်းဆိုလိုက်ပြီး ဗင်နီဇွဲလားလယ်ယာအုပ်စုတွေကို ငွေကြေးထောက်ပံ့နေတဲ့ အမေရိကန်ငွေကြေးအေဂျင်စီတခုကို သုံးဆတိုးပြီး ထောက်ပံ့ဖို့ ဆော်ဩထားပါတယ်။

ဩဂုတ်လ ဆန္ဒခံယူပွဲမှာ တိုးတက်တဲ့ အမြင်ရှိသူ ဒီမိုကရေစီအင်အားစုတွေက အောင်ပွဲခံလိုက်ပေမယ့် ကံမကောင်းအကြောင်းမလှစွာပဲ အမေရိကန်အကူအညီနဲ့ လက်ျာအင်အားစုတွေရဲ့ ဖျက်ဆီးရေးစစ်ပွဲကတော့ လွယ်လွယ်နဲ့ ပြီးဆုံးဖို့မမြင်ပါ။ ဘာဘဲပြောပြော ပြည်သူလူထုရဲ့အခန်းကဏ္ဍကတော့ အဆုံးအဖြတ်ဖြစ်ပါတယ်။ ဟူဂိုချေဗက်ဇ်ဟာ ပြည်သူလူထုအကျိုးစီးပွားကို လိုလိုလားလား လုပ်ဆောင်နေသ၍ ပြည်သူလူထုက သူ့ကို အကာအကွယ်ပေးနေမှာဖြစ်ပါတယ်။ တနည်းအားဖြင့် ဓမ္မဝါဒီဖြစ်တဲ့ သမတကြီးဟာ တရားရှိသူမို့ ကူသူများတာကို သည်ဆန္ဒခံယူပွဲက အထင်အရှားပြလိုက်ပါပြီ။ ကာတာစင်တာက အမေရိကန် သမတဟောင်း နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဂျင်မီကာတာက မဲဆန္ဒပေးဖို့ ဒီလောက်လူအများကြီး တန်းစီနေကြတာ သူ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးပါဘူးလို့ တအံ့တဩ ထုတ်ပြောခဲ့ရတဲ့အထိ ပြည်သူလူထုဟာ သူတို့ခေါင်းဆောင်ကို ကူညီခဲ့တယ်။ ဘာကြောင့်ဆိုတော့ သူတို့ခေါင်းဆောင်ဟာ သူတို့အကျိုးအတွက် လုပ်နေတယ်ဆိုတာ နှလုံးသားထဲက နှစ်နှစ်ကာကာ ယုံကြည်ကြလို့ပါ။ အထူးသဖြင့် ကျေးလက်ဒေသတွေ၊ ဆင်းရဲသားရပ်ကွက်တွေက မဲတွေဟာ ဟူဂိုချေဗက်အတွက် စုပုံအောခဲ့ကြတာဖြစ်ပါတယ်။ ဧပြီလအတွင်းက မဲပေးဖို့မှတ်ပုံတင်သူပေါင်း (၁၂.၅)သန်းသာရှိရာက မဲပေးချိန်မှာ (၁၄)သန်းအထိ တိုးပွားလာမှုဟာလည်း အစိုးရရဲ့ ဆင်းရဲသားပြည်သူလူထုအများစုအပေါ် အလုပ်အကြွေးပြုမှုရဲ့ အသီးအပွင့်တခုဖြစ်တယ်လို့ ဆိုကြပါတယ်။

ဆန္ဒခံယူပွဲများကတဆင့် ပြည်သူလူထုရဲ့မေတ္တာနဲ့ ကာကွယ်စောင့်ရှောက်မှုကို တုံ့ပြန်ရယူနိုင်ခဲ့တဲ့ သမတကြီး ဟူဂိုချေဗက်ဇ်ကတော့ သူကြိုစည်တွေးတောထားတဲ့ အခြေခံကျကျ ပြုပြင်ပြောင်းလဲမှုများကို သူ့တိုင်းပြည်အတွက် ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်သွားမယ်လို့ ဆိုပါတယ်။ တကယ်တော့ သူဟာ ဗင်နီဇွဲလားမှာသာမက လက်တင်အမေရိကတိုက်မှာပါ ရှေ့တန်းအရောက်ဆုံး တိုင်းပြုပြည်ပြုခေါင်းဆောင်တဦးဖြစ်သွားပြီဖြစ်ပါတယ်။ သူ ဦးဆောင်ဆင်နွှဲနေတဲ့ ဗင်နီဇွဲလား မော်ဒယ်ဆိုတာမှာ ကိုယ့်တိုင်းကိုယ့်ပြည်ရဲ့ ရေခံမြေခံသမိုင်းနောက်ခံနဲ့ ကိုက်ညီတာတွေရှိမယ်ဆိုရင်လေ့လာပြီး အတုယူသင့်တာအတုယူဖို့လိုအပ်ပါကြောင်း အထူးသဖြင့် သူ့ရဲ့ခေါင်းဆောင်မှုစွမ်းရည်ကို အတုယူသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်းပါ။

ရဲထွင် (၁၆၊ ၉၊ ၂၀၀၄)

ကိုးကား – (၁) A hat-trick in Venezula (Front line Sep 10/2004)

(၂) A decisive victory (Front line Sep 10/2004)

(၃) Rooting for Chavez Front line Sep 10/2004)

မှတ်ချက် ။ ။ ဤဆောင်းပါးကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၁၁ )ရက်နေ့ထုတ် ရခိုင်သတင်းစဉ်တွင်ပါရှိသည့် “ပေါက်ပင်ဘာ့ကြောင့် ကိုင်းရတယ်”ဆောင်းပါးနှင့် ဆက်စပ်ဖတ်ရှုပါရန်။

# နအဖ၏လူ့အခွင့်အရေးသင်ခန်းစာ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီခြင်းမရှိ

(၂၀၀၄–၂၀၀၅)မှစ၍ အခြခံပညာကျောင်းများတွင် လူ့အခွင့်အရေးပညာရေးကို သင်ခန်းစာအဖြစ်ထည့်သွင်းရန် နအဖ ပြဋ္ဌာန်းခဲ့သော်လည်း ထိုပြဋ္ဌာန်းချက်မှာ နိုင်ငံတကာလက်ခံထားသည့် လူ့အခွင့်အရေးစံနှုန်းများနှင့် မကိုက်ညီကြောင်း ပြည်ပအခြေစိုက် လူ့အခွင့်အရေးပညာပေးရေးအဖွဲ့က ဝေဖန်လိုက်သည်။

လာမည့်ပညာသင်နှစ်မှစ၍ အဌမတန်းနှင့် နဝမတန်းတို့တွင် နအဖက လူ့အခွင့်အရေးသင်ခန်းစာများသင်ကြားရန် ပြဋ္ဌာန်းထားရာ 'လူ့အခွင့်အရေး'ဆိုသည့် စကားလုံးအစား 'လူ့အခွင့်အလမ်း' ဟု ပြောင်းလဲသုံးစွဲထားသည့်အတွက် နအဖ အလိုအကျ အဓိပ္ပာယ်ဖွင့်သလိုဖြစ်နေကြောင်း၊ နိုင်ငံတကာကသတ်မှတ်ထားသည့် လူ့အခွင့်အရေးဆိုသည်မှာ Right ဆိုသည့် စကားလုံးဖြစ်ပြီး လူသားတိုင်း ဘာမျှခွဲခြားခြင်းမရှိဘဲ မွေးကတည်းက တူညီသည့်အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို မွေးရာပါအခွင့်အရေးအဖြစ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ နအဖက အသုံးပြုထားသည့် အခွင့်အလမ်းဆိုသည်မှာ လူတို့၏ တူညီနိုင်သည့်ဂုဏ်သိက္ခာများ၊ တူညီနိုင်သည့်အခွင့်အရေးများသည် အခြေအနေအရ ကွဲပြားနိုင်သည်ဟု အဓိပ္ပာယ်ကို လိုရာဆွဲ ဖွင့်ဆိုထားကြောင်း၊ နိုင်ငံတကာက လူ့အခွင့်အရေးပညာပေးရေးအဖွဲ့ ဒါရိုက်တာဖြစ်သူ ကိုအောင်မျိုးမင်းက ဝေဖန်ပြောဆိုလိုက်သည်။

ထို့အပြင်အဆိုပါသင်ခန်းစာထဲ၌ နအဖ၏ လမ်းပြမြေပုံ(၇)ချက်ကိုပါ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမှာလည်း လူ့အခွင့်အရေးအမည်ခံ၍ နိုင်ငံရေးအမြတ်ထုတ်ခြင်းသာဖြစ်သည်ဟု ထောက်ပြဝေဖန်ခဲ့သည်။

၎င်းက "လူ့အခွင့်အရေးပညာပေးလို့ဆိုထားပေမယ့် နအဖရဲ့လမ်းညွှန်မြေပုံတွေ ပြဋ္ဌာန်းထားခြင်းဟာဆိုရင် လူ့အခွင့်အရေးပညာပေးလမ်းကြောင်းနဲ့ ဘယ်လိုမှကိုက်ညီမှုမရှိဘူး။ အမှန်တော့ သူတို့အနေနဲ့လုပ်ဆောင်ထားတဲ့ပုံစံက လူ့အခွင့်အရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ သူတို့ရဲ့နိုင်ငံရေးပေါ်လစီတွေကိုသုံးပြီးတော့ ကလေးတွေ (သင်ကြားတဲ့သူတွေ)ရဲ့ ဦးနှောက်ထဲ ရိုက်သွင်းဖို့အတွက် အခွင့်အလမ်းတခုကို ဖန်တီးသွားတဲ့ပုံစံမျိုးဖြစ်ပါတယ်"ဟု ထောက်ပြဝေဖန်သွားခဲ့သည်။

ဆက်လက်၍ လူ့အခွင့်အရေးကို လိုရာဆွဲအဓိပ္ပာယ်ဖွင့်၍ လူ့အခွင့်အရေးဆိုသည်မှာ ကြောက်စရာကောင်းသည့် စနစ်ကြီးတခုအဖြစ်ပြည်သူလူထုက ပိုမိုကြောက်ရွံ့သွားနိုင်ကြောင်း၊ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းဆီးထားပြီး သူတို့နည်းသူတို့ဟန်ဖြင့် လူ့အခွင့်အရေးပညာပေးလုပ်ဆောင်နေပါသည်ဟု တင်ပြလိုသည့်သဘောမျိုးဖြစ်လာနိုင်ကြောင်း၊ အကယ်၍ စစ်အုပ်စုအနေဖြင့်စေတနာမှန်ကန်ပါက ဆရာ ဆရာမများကို လူ့အခွင့်အရေးနှင့်ပတ်သက်သည်များအား သေချာစွာလေ့ကျင့်ပေးသင့်ပြီး လူ့အခွင့်အရေးပညာပေးမှုများမလုပ်ခင် ကမ္ဘာက ဝိုင်းဝန်းပြစ်တင်ခံနေရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန်းက ရပ်ဖို့လိုကြောင်း ဝေဖန်ပြောဆိုသွားခဲ့သည်။ ❖

# ကိုဖီအာနန်က နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် တောင်းဆိုစဉ် အဖွဲ့ချုပ်ဝင်(၄)ဦး ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံရ

(၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး ကျင်းပနေချိန်တွင် အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန် စစ်အုပ်စုကို တောင်းဆိုနေချိန်မှာပင် အဖွဲ့ချုပ်ပါတီဝင်(၄)ဦးကို နအဖတရားရုံးက ထောင်ဒဏ်နှစ်ရှည်ချမှတ်လိုက်ကြောင်း သိရသည်။

ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံခဲ့ရသူများမှာ ယခုနှစ် နှစ်လည်ပိုင်းက ဖမ်းဆီးခြင်းခံခဲ့ရသည့် သဃ်န်းကျွန်းမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူးဦးတင်မြင့်၊ မကွေးတိုင်း အမျိုးသမီးအဖွဲ့ဝင်ဒေါ်သန်းသန်းဌေး၊ မွန်ပြည်နယ် သိမ်ဇရပ်မှ ဦးစံရှိန်နှင့် မရီရီဝင်းတို့ဖြစ်ကြပြီး ၎င်းတို့အားလုံးကို လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ၁၃(၁)၊ မတရားသင်းနှင့်ဆက်သွယ်မှုပုဒ်မ ၁၇(၁)နှင့် အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅(ည)တို့ဖြင့် စွဲချက်များတင်၍ နောက်ဆုံးတွင် ပုဒ်မ၅(ည)ဖြင့် အင်းစိန်ထောင်တရားရုံးက ထောင်ဒဏ်(၇)နှစ်စီ ချမှတ်လိုက် ခြင်းဖြစ်သည်။



အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးလွင်

အဖွဲ့ချုပ်ဝင်(၄)ဦး ယခုလို ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံရခြင်းနှင့်ပတ်သက်၍ အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က အာဏာပိုင်များ၏လုပ်ရပ်သည် စိတ်ပျက်ဖွယ် ဖြစ်ကြောင်းပြောဆိုလိုက်ပြီး ယခုတရားစီရင်မှုသည် တရားရုံး၏ စစ်ဆေးချက်အပေါ်တွင် မူတည်ခြင်းမရှိဘဲ ရုံးမတင်မီ ထောက်လှမ်းရေးနှင့်ရဲတို့၏ စစ်ဆေးချက်များအပေါ် အခြေခံ၍ပြစ်ဒဏ်စီရင် ခြင်းဖြစ်သည့်အတွက် တရားဥပဒေနှင့် ညီညွတ်မှုမရှိဟု ပြောဆိုလိုက်သည်။

ဆက်လက်ပြောဆိုရာတွင် ယခုအမှုနှင့်ပတ်သက်၍ အဖွဲ့ချုပ်က ခရိုင်တရားရုံးနှင့် ဗဟိုတရားရုံးတို့တွင် တရားဥပဒေကြောင်းအရ အယူခံဝင်သွားမည်ဖြစ်ကြောင်း ဦးလွင်က ပြောဆိုသွားခဲ့သည်။❖

# ရဲက မတရားအမှုဆင်၍ ထောင်ကျနေသူအတွက် ထိုင်းအစိုးရပါမှ ရဲဘက်စခန်း အပို့ခံရ

**စက်တင်ဘာ(၆)ရက်။ (ရိုးမ–၃)**

မတရားသဖြင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရသူတဦးအတွက် ယင်း၏မိသားစုများက ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပါအဝင် သက်ဆိုင်ရာ နအဖထိပ်ပိုင်းခေါင်းဆောင်များထံ ကန့်ကွက်တိုင်ကြားခဲ့သော်လည်း အရေးယူခြင်းမရှိသည့်အပြင် ပိုမိုဆိုးဝါးသည့် ချင်းပြည်နယ်ရဲဘက်စခန်းတခုသို့ ပို့ဆောင်လိုက်ကြောင်း သိရသည်။

ယခုနှစ်စောစောပိုင်း မတ်လ(၈)ရက်နေ့ ညနေ(၃)နာရီခန့်က ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးရှေ့ သီတာလမ်း ဝိုက်တောဈေးတွင် ကွမ်းယာရောင်းသူ မစန်းစန်းဌေးကို အရက်မူးနေသည့် ရဲတပ်ကြပ်အောင်နိုင်စိုးက အနိုင်ကျင့်သည့်အနေဖြင့် ခြေနှင့်ကန် ပါးရိုက်ဆံပင်ဆွဲပြီး ဒရွတ်တိုက်ဖမ်းဆီးလာသည်ဟု ဆိုသည်။ ထိုအဖြစ်အပျက်ကိုမြင်၍ ဖမ်းဆီးခြင်းခံနေရသူ ကိုကျော်မင်းထွန်းက မခံမရပ်နိုင်ဖြစ်ကာ "အမျိုးသမီးတဦးကို ဘာကြောင့် ရိုက်နှက်ညှဉ်းပန်းနှိပ်စက်နေရတာလဲ၊ ဖမ်းချင်ရင် ဖမ်းသွားပါ"ဟု ဘေးမှဝင်ပြောရာမှ အဆိုပါရဲတပ်ကြပ်နှင့် အပြန်အလှန်စကားများရန်ဖြစ်ခဲ့ကြသည်ဟု သိရသည်။ ထိုဖြစ်ရပ်ကို ရဲတပ်ကြပ်အောင်နိုင်စိုးက ပြစ်မှုပုဒ်မ(၃၃၃) ဝတ္တရားနှောင့်ယှက်မှုဖြင့် ကြည့်မြင်တိုင်တရားရုံးတွင် (၁၈၊ ၃၊ ၂၀၀၄) ရက်နေ့က စတင်တရားစွဲဆိုခဲ့ရာ (၂၄၊ ၆၊ ၂၀၀၄)ရက်နေ့တွင် ထိုတရားရုံးက ကိုကျော်မင်းထွန်း(၂၆)နှစ်၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ (၅)လမ်း၊ အိမ်အမှတ်(၁၆၉)နေသူကို ထောင်ဒဏ်(၂)နှစ် ချမှတ်ခဲ့သည့်အတွက် အင်းစိန်ထောင်တွင် ထောင်ဒဏ်ကျခံခဲ့ရသည်ဟု သိရသည်။

ကိုကျော်မင်းထွန်း ယခုလိုမတရားဖမ်းဆီးထောင်ဒဏ်ချမှတ်ခံရခြင်းကို ၎င်း၏ဖခင် ဦးအောင်သန်းက ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ လိပ်မူကာ ရဲတပ်ကြပ်အောင်နိုင်စိုးအား ထိရောက်စွာအရေးယူပေးရန် တိုင်ကြားသည့်စာနှင့် ကိုကျော်မင်းထွန်း၏ဇနီး မဌေးကလည်း ခင်ပွန်းဖြစ်သူ ကိုကျော်မင်းထွန်းအား ကြည့်မြင်တိုင်တရားရုံးက ပြစ်ဒဏ်(၂)နှစ် ချမှတ်ခဲ့ခြင်းအတွက် အသနားခံစာတင်သွင်းသည့်စာတို့ကို ဗိုလ်ချုပ်ကြီးခင်ညွန့်၊ဇနီး ဒေါ်ခင်ဝင်းရွှေ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းအနောက်ပိုင်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများထံ ပြီးခဲ့သည့်ဇူလိုင်(၂)ရက်နေ့ နေ့စွဲဖြင့်ပေးပို့ခဲ့ကြပြီး မိတ္တူများကို ပြည်ထဲရေးဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင်နှင့် ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီထံသို့ပါ ဆက်လက် ပေးပို့ခဲ့ကြသည်ဟုဆိုသည်။

သို့ရာတွင် အဆိုပါတိုင်ကြားချက်ကို မည်သို့မျှ အရေးယူဆောင်ရွက်ခြင်းမပြုခဲ့ဘဲ မတရားဖမ်းဆီးခံနေရသည့် ကိုကျော်မင်းထွန်းကိုသာ အလုပ်ကြမ်းခိုင်းစေရန် အင်းစိန်ထောင်မှတဆင့် ချင်းပြည်နယ်ရဲဘက်စခန်းသို့ ပြီးခဲ့သည့်လ(၃၁)ရက်နေ့က ထပ်မံရွှေ့ပြောင်း ပို့ဆောင်လိုက်ကြောင်းသိရသည်။

အဆိုပါအမှုကို ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) ကလည်း အာရှလူ့အခွင့်ရေးကော်မရှင် (Asian Human Rights Commission) ထံ ဩဂုတ်လ(၂၆)ရက်နေ့ရက်စွဲဖြင့် အရေးပေါ်တင်ပြထားကြောင်း ရိုးမ(၃) သတင်းဌာနတွင် ဖော်ပြပါရှိသည်။❖

# မြန်မာ့ဒီမိုကရေစီရေးထောက်ခံအားပေးရန် အာဆီယံနိုင်ငံများသို့ မြန်မာဒီမိုကရေစီအင်အားစု စည်းရုံးရေးခရီးစဉ်

**စက်တင်ဘာလ၊ (၂၈)ရက်။**

ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ၏ အဖွဲ့ဝင်(၃)ဦးပါ ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်သို့ ယခုလနှောင်းပိုင်းတွင်သွားရောက်၍ ဖိလစ်ပိုင်လွှတ်တော်အမတ်များနှင့်တွေ့ဆုံကာ ဖိလစ်ပိုင်အစိုးရအနေဖြင့် မြန်မာနိုင်ငံပတ်သက်သည့်သဘောထားများ ပြောင်းလဲလာစေရေးနှင့် မြန်မာ့ဒီမိုကရေစီအရေး ထောက်ခံအားပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဖွဲ့စည်းနိုင်ရေးတို့ကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

စက်တင်ဘာ(၂၆)ရက်နေ့ကစတင်ခဲ့သည့် (၅)ရက်ကြာခရီးစဉ်အတွင်း ဖိလစ်ပိုင် အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ၊ အထက်လွှတ်တော်လူမျိုးစုခေါင်းဆောင် အထက်လွှတ်တော်အမတ်တချို့ အပါအဝင် လေဘာပါတီခေါင်းဆောင်များနှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ပြီး ဗီယက်နမ်တွင် ကျင်းပမည့် အာရှ–ဥရောပ အစည်းအဝေး (အာဆမ်)၌ မြန်မာနိုင်ငံ တက်ရောက်မည့်ကိစ္စနှင့် ၂၀၀၆ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူမည့်အရေးနှင့်ပတ်သက်၍ အလေးထားစဉ်းစားပါရန် ဆွေးနွေးခဲ့ကြကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင် NCUB အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ဝင် ဦးမောင်မောင်အေး၏အဆိုအရ သိရသည်။

ထိုခရီးစဉ်တွင် ဖိလစ်ပိုင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တရပ်မကြာခင် ချနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် မြန်မာ့ ဒီမိုကရေစီအရေး ထောက်ခံအားပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့တဖွဲ့ မကြာခင်ဖွဲ့စည်းနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အဆိုပါ ကိုယ်စားလှယ်အဖွဲ့အဆိုအရ သိရသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် ရန်ကုန်တိုင်း ကျောက်တန်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ ဦးညိုအုန်းမြင့်တို့ ပါဝင်ကြောင်း သိရသည်။

❖

# ငြိမ်းချမ်းရေးကြိုးပမ်းနေဆဲကာလအတွင်း ကေအဲန်ပီပီနှင့် နအဖကြား တိုက်ပွဲများဆက်ဖြစ်နေ

**စက်တင်ဘာလ၊ (၃၀)ရက်။ (FIG)**

ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (ကေအဲန်ပီပီ)နှင့်နအဖအကြား အပစ်အခတ်ရပ်ဆဲရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရန် ကရင်နီဘက်က ကြိုးပမ်းနေသော်လည်း နအဖတပ်များက ကရင်နီပြည်အတွင်း ထိုးစစ်ဆင်နေ၍ နှစ်ဖက်တပ်များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

ယခုလ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ကရင်နီပြောက်ကျားတပ်ဖွဲ့များနှင့် နအဖတပ်ရင်း ခလရ(၄၂၈)မှ တပ်ရင်းမှူးဝင်းဇော်ဦးဆောင်သည့်စစ်ကြောင်းတို့ ကယားပြည်နယ် ဖားဆောင်းမြို့နယ်၊ နူထူးထာရွာအနီးတွင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ကရင်နီဘက်မှ တပ်သား(၁)ဦးကျဆုံး၍ (၁)ဦးဒါဏ်ရာရခဲ့ကြောင်းသိရပြီး နအဖတပ်မှလည်း ဗိုလ်ကြီးတဦးသေဆုံးသွားခဲ့ကြောင်း စက်တင်ဘာ(၂၉)ရက်ထုတ် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသတင်းအရ သိရသည်။

ထိုတိုက်ပွဲအပြီးတွင် နအဖတပ်က အိမ်(၂)လုံး မီးရှို့ဖျက်စီးသွားသည့်အပြင် ရွာသား လိုဖားကိုလည်း ဖမ်းဆီးသွားပြီး ကျေးရွာအနီးတွင် မြေမြှုပ်မိုင်း(၁၈)လုံး ထောင်သွားခဲ့သည်ဟု ဆိုသည်။

အလားတူ စက်တင်ဘာလ (၈)ရက်နေ့ကလည်း ဒီမောဆိုမြို့နယ် ဒေါဆော်ဖျရွာအနီး၌ နအဖတပ်ရင်း ခမရ(၅၃၀)မှ ဗိုလ်ကြီးသန်းထွန်း ဦးဆောင်သောတပ်ဖွဲ့နှင့် ကရင်နီတပ်ရင်း(၂)တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ပွဲအတွင်း ဗိုလ်ကြီးသန်းထွန်း အပါအဝင် တပ်သား(၅)ဦး သေဆုံး၍ ပစ္စတို(၁)လက်၊ အမ်အေ–၁ (၅) လက်၊ စကားပြောစက်(၁)လုံးတို့ကို ကရင်နီမှ သိမ်းဆည်းရမိခဲ့သည်။

သတင်းများအရ ကရင်နီနယ်မြေတွင်း အခြားနေရာများတွင်လည်း နှစ်ဖက်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အပြင် နအဖတပ်များက လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေဆဲဖြစ်သည် ဟုဆိုသည်။

နအဖနှင့် ကေအဲန်ပီပီသည် ၁၉၉၅ ခုနှစ်တွင် အချက်(၁၆)ချက်ပါ နှုတ်ကတိသဘောတူချက်ဖြင့် အပစ်အခတ်ရပ်စဲခဲ့ကြသော်လည်း (၃)လမပြည့်မီတွင်ပင် စစ်ချီစစ်တက်မလုပ်ရဆိုသည့်အချက်ကို နအဖတပ်များက စတင်ချိုးဖောက်ကာ မဲ့ဟောင်ဆောင်နယ်စပ်အထိ တပ်သားအလုံးအရင်းနှင့် ချီတက်လာသဖြင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားပြီး နှုတ်ကတိပျက်ပြားခဲ့ရသည်။ ယခုအခါ နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ အခြေအနေမှာ မရေမရာဖြစ်နေသေးကြောင်း သိရသည်။❖

# အလွမ်းကဗျာ အလွမ်းစာ [၄]

ညိုဇီ

ဖေဖော်ဝါရီလထဲမှာ နောက်ထပ် အလွမ်းပန်းတပွင့် ပွင့်စေရမည့်သူကတော့ ကိုသိန်းတင်ပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၁၁)နှစ် ၁၆၊ ၂၊ ၁၉၉၃နေ့က ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့် အင်းစိန်အကျဉ်းထောင်ထဲမှာ ကွယ်လွန်သွားတော့ ကိုသိန်းတင် အသက်ရှင်လျက်ရှိပါသေးတယ်။ အဖမ်းလည်း မခံရသေးပါဘူး။ ၁၈၊ ၂၊ ၁၉၉၈ နေ့ကျမှ ကွယ်လွန်သွားတာပါ။ အခုဆိုရင် ၆–နှစ်ပြည့်မြောက်ခဲ့ပါပြီ။

**ဘဝကို ယုံကြည်ချက်နဲ့လျှောက်လှမ်းသူတို့အတွက် စံနမူနာပြ သူရဲကောင်းတဦးအဖြစ် ဦးညွှတ်အလေးပြုလိုက်ပါတယ်။**

**သိန်းတင်**

**၂၂–၂–၉၃**

ဦးခင်မောင်မြင့်ကွယ်လွန်ခြင်း ရက်လည်အထိမ်းအမှတ်နေ့မှာ ကိုသိန်းတင်ဦးက ဦးခင်မောင်မြင့်အတွက် အမှတ်တရ စာတမ်းလေး ရေးခဲ့တာပါ။ စစ်အာဏာရှင်အုပ်စိုးမှုအောက်မှာ သူကိုယ်တိုင်လည်း တနေ့နေ့တော့ ဦးခင်မောင်မြင့် လျှောက်လှမ်းခဲ့တဲ့လမ်းအတိုင်း လိုက်ရမှာပဲလို့ ကိုသိန်းတင်တွေးမိကောင်းတွေးမိမှာပါ။ အဲဒီလမ်းကြောင်းကိုလျှောက်ဖို့ကို ကိုသိန်းတင် ဆုံးဖြတ်ခဲ့ပုံရပါတယ်။ ဒီလမ်းကြောင်းကိုလျှောက်လှမ်းဖို့အတွက် မတွေဝေခဲ့၊ မယိမ်းယိုင်ခဲ့၊ နောက်မတွန့်ခဲ့ပါဘူး။ ဝံ့ဝံ့ရဲရဲပဲ လျှောက်လှမ်းခဲ့ပါတယ်။

ကိုသိန်းတင်နှင့် ကျွန်ုပ်ဟာ ငယ်ပေါင်းတွေ မဟုတ်ပါဘူး။ ကြီးမှခင်မင်ခဲ့ကြတာပါ။ တကယ်တော့ ရင်းနှီးကျွမ်းဝင်ခဲ့တာ မဟုတ်သေးဘူးလို့ ပြောရမှာပေါ့။ ကိုစိန်ဝင်း၊ ကိုတင်မောင်ဝင်းတို့လောက် မရင်နှီးပါဘူး။ ဒါပေမယ့် အချိန်ကာလရှည်ကြာခြင်းဟာ အဓိက မကျလှပါဘူး။ ရည်မှန်းချက် ယုံကြည်ချက်တူညီပြီး တဦးနှင့်တဦး နားလည်မှုရှိဖို့က အရေးကြီးပါတယ်။ အဲဒီနားလည်မှုရှိတဲ့အတွက်ကြောင့်ပဲ အချိန်ကာလတိုသော်လည်း ခင်မင်မှု၊ လေးစားမှုတို့က နက်ရှိုင်းသွားခဲ့ပါတယ်။

ကိုသိန်းတင်ဟာ ဥပဓိရုပ်ကောင်းကောင်းနဲ့ ယောကျ်ားပီသခန့်ညားသူ လူချောတယောက်ဖြစ်ပါတယ်။ အရပ်အမောင်းကောင်းသလို မျက်ခုံးကောင်း၊ မျက်လုံးကောင်းသူတဦးလည်း ဖြစ်ပါတယ်။ သူက မြစ်ဝကျွန်းပေါ်သားတဦးပါ။ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ အင်းရဲရွာ ဇာတိဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး တက္ကသိုလ်ဆက်မတက်ဘဲ ဝန်ထမ်းလောကကို စောစီးစွာ ဝင်ရောက်ခဲ့သူပါ။ မြေတိုင်းဦးစီးဌာနမှာ တတိယတန်းအတွက် စာရေးအဖြစ် အမှုထမ်းခဲ့ပါတယ်။ အမှုထမ်းကောင်းတဦးဖြစ်ပါတယ်။

ကိုသိန်းတင်နဲ့ခင်မင်ရာမှာ အဓိကကျတဲ့ ယုံကြည်ချက်တူညီခြင်းအပြင် စာပေဝါသနာပါတာခြင်းလည်း တူညီလို့ဖြစ်ပါတယ်။ ကိုသိန်းတင်ဟာ စာပေသမားတဦးပါ။ စာအလွန်ဖတ်တဲ့ စာပေကို မြတ်နိုးတဲ့ဝါသနာအိုးတဦးပါ။ ဒါကြောင့်မို့ သူ့ရဲ့အတွေးအခေါ် သူ့ရဲ့ယုံကြည်ချက်တွေဟာ သာမန်မျှမဟုတ်ဘဲ လေးနက်တိုးတက်တဲ့ ခံယူချက်တွေဖြစ်နေပါတယ်။ ဘဝကိုမြင်တဲ့ တွေးတဲ့နေရာမှာလည်း အဓိပ္ပာယ်မဲ့ အချည်းအနှီးဘဝနဲ့ တန်ဖိုးရှိတဲ့ဘဝဆိုတာကို ခွဲခြားနားလည်ထားသူပါ။ ကိုယ်ကျိုးနည်းနည်း အများအကျိုး များများလုပ်နိုင်ရေးကို တန်ဖိုးထားသူပါ။ စစ်မှန်ပြည့်ဝပြီး အဓိပ္ပာယ်ရှိတဲ့ဘဝဆိုတာ လူသားများကိုအကျိုး ကျေးဇူးပြုနိုင်တဲ့လုပ်ငန်းတခုခုမှာ ပါဝင်လုပ်နိုင်မှ တန်ဖိုးရှိတဲ့ဘဝဖြစ်မယ်ဆိုတာကို သူ ခံယူထားပါတယ်။ ဒါဟာ သူ့ယုံကြည်ချက်ပါပဲ။

ကိုသိန်းတင်ဟာ မိတ်ဆွေကောင်းပီသသူတဦးလည်း ဖြစ်ပါတယ်။ သူ့ကျန်းမာရေးကြောင့် အလုပ်က ဆေးပင်စင်ယူပြီး သူနေထိုင်ရာလမ်းထိပ်မှာ ဆေးမျိုးစုံအရောင်းဆိုင်လေး ဖွင့်ထားပါတယ်။ မိတ်ဆွေတွေလိုအပ်တဲ့ဆေးဝါးများကို သူတတ်နိုင်သလောက် ကူညီတတ်ပါတယ်။ အရေးအခင်းဖြစ်ပြီးစအိမ်ကို မကြာခဏလာလေ့ရှိပါတယ်။ သတင်းမေးရင်း၊ အကူညီပေးရင်း၊ စကားစမြည်ပြောဖို့ဖြစ်ပါတယ်။ စာဖတ်အား၊ လေ့လာရေးအားကောင်းသူမို့ စကားပြောလည်းကောင်းပါတယ်။ စကားပြောရာမှာ အားမာန်ပါတယ်။ ရှင်းလင်းတယ်။ တက်ကြွတယ်။ ပြတ်သားတယ်။ ဟာသနှောပြီးလည်း ပြောတတ်ပါတယ်။ ကိုသိန်းတင်ပါဝင်တဲ့ စကားဝိုင်းတွေဟာ စိတ်ဝင်စားစရာကောင်း စိုပြေနေတတ်ပါတယ်။ လူမှုရေး ဘဝအမောထဲမှာ နစ်နေတဲ့ကျွန်ုပ်ဟာ သူလာတဲ့အခါမှပဲ သတင်းအချက်အလက် စုံစုံလင်လင်ကို သိရလေ့ရှိပါတယ်။

ကိုသိန်းတင်ဟာ စာသမားပီပီ ဆေးရောင်းရင်း တဖက်က စာပေဆောင်းပါးများကို ရေးသားခဲ့ပါတယ်။ တခါတရံ လူတွေဘဝမှာ အဓိကနဲ့သာမညကိုခွဲခြားပြီး အခြေခံကျတဲ့ အလုပ်တွေကို ပြောင်းလဲလုပ်တတ်ကြပါတယ်။ ကိုသိန်းတင်အနေနဲ့ သူ့ဘဝမှာ သူအလုပ်ချင်ဆုံးနဲ့ တိုင်းပြည်အတွက် အလိုအပ်ဆုံးအလုပ်ကို ရွေးချယ်ခဲ့ပါတယ်။ သူ့မျက်မှောက်မှာဖြစ်ပျက်နေတဲ့ တိုင်းပြည်ရဲ့အခြေအနေတွေကို ဘယ်လိုမှ လက်ခံနိုင်ပုံမရပါဘူး။ တိုင်းပြည်မှာ ဒီမိုကရေစီအမှောင်ကျနေတယ်။ အမျိုးသားစည်းလုံး ညီညွတ်ရေးက အစိတ်စိတ်အမွှာမွှာ ပြိုကွဲနေတယ်၊ ပြည်တွင်းစစ်မီးလျှံကြီး ထွက်နေတယ်။ ငြိမ်းချမ်းရေး ကင်းမဲ့နေတယ်၊ ဖွံ့ဖြိုးတိုးတက်ရေး နောက်ဆုတ်နေတဲ့ကာလကို သူသည်းမခံနိုင်တော့ဘူး။ ၈၈ အရေးတော်ပုံအပြီးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝင်ရောက်ပြီး ရန်ကုန်တိုင်းစည်းရုံးရေး ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ရန်ကုန်တိုင်းရုံးမှာ ကိုတင်မောင်ဝင်းနဲ့ ဆုံခဲ့ပါတယ်။ သူနဲ့တွဲဖက်ညီပြီး စိတ်တူသဘောတူဖြစ်ခဲ့ပါတယ်။ သူ့ရဲ့စီးပွားရေးလုပ်ငန်းကို လျှစ်လျူရှုပြီး နိုင်ငံရေးကို အစွမ်းရှိသမျှ ကြိုးစားလုပ်ကိုင်ခဲ့ပါတယ်။ ဒီမိုကရေစီတော်လှန်ရေးအတွင်း ခြေစုံပစ်ဝင်ခဲ့ပါတယ်။ ဒေါက်တာသန်းငြိမ်း၊ ကိုမောင်ဝင်းတို့နဲ့အတူတွဲပြီး ကျရာတာဝန်ကို တက်ကြွစွာယူခဲ့ကြပါတယ်။

၁၉၉၀ခုနှစ် မေလရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကျောက်တန်းနဲ့ ခရမ်းနယ်ဘက်မှာ ကျေးရွာတွေကို စည်ရုံးရေးဆင်းခဲ့ပါတယ်။ မြို့ပေါ်ကတ္တရာလမ်းပေါ်မှာ စည်းရုံးရေးဆင်းရတာနဲ့ဆန့်ကျင်ဘက် ကျေးလက်စည်းရုံးရေးက အခက်အခဲ ဒုက္ခကြီးမားလှပါတယ်။ မိုးထဲရေထဲ၊ ရွှံ့ဗွက်ထဲမှာ ရုန်းကန်ပြီး အစားဆင်းရဲ အအိပ်ပျက်ခံပြီး ရွာစဉ်လှည့်စည်းရုံးရေးထွက်ကြရတာပါ။ ကျေးလက်လူထုရဲ့အသံကို နားထောင်ပြီး ဒူးတိုက်ထိပ်တိုက်ဆွေးနွေးပွဲတွေလုပ်ကြရတာပါ။ ကျေးလက်လူထုရဲ့ တကယ့်ဘဝ ဆင်းရဲမှုတွေကို ကိုယ်တွေ့ဆုံခဲ့ ကြုံခဲ့ကြတာမို့ သူတို့ရဲ့ ယုံကြည်ချက်က ပိုမိုအားကောင်း ခိုင်မြဲလာပါတယ်။ ဒီလိုနဲ့ကိုသိန်းတင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်အမတ်လောင်း ကိုတင်မောင်ဝင်း(ခရမ်း)နဲ့ ကျောက်တန်းမြို့နယ် ကိုယ်စားလှယ်အမတ်လောင်း ဒေါက်တာသန်းငြိမ်းတို့ အောင်နိုင်ရေးအတွက် အထူးကြိုးစားလှုပ်ရှားပေးခဲ့ပါတယ်။ သူတို့အောင်မြင်ခဲ့ကြပါတယ်။

၁၉၉၀ ခုနှစ် အောက်တိုဘာလမှာ ကိုသိန်းတင် ရက်ပိုင်းမျှ အဖမ်းခံခဲ့ရပြီး ပြန်လွတ်ခဲ့ပါတယ်။ ဒီနောက် သူနဲ့တွဲဖက်ညီပြီး အထူးခင်မင်ရင်နှီးတဲ့ သူ့ရဲဘော် ကိုတင်မောင်ဝင်း အဖမ်းခံရတဲ့အခါမှာ သူ အတော်စိတ်မကောင်းဖြစ်ခဲ့ပါတယ်။ ဒေါက်တာသန်းငြိမ်းနဲ့ ပိုပြီးအတွဲများခဲ့ပါတယ်။ ကိုတင်မောင်ဝင်း အင်းစိန်အကျဉ်းထောင်ထဲမှာ ကွယ်လွန်သွားတော့ သူတို့ အထူးစိတ်ထိခိုက်ကြေကွဲခဲ့ကြပါတယ်။ သူ့ရဲ့အခင်မင်ဆုံး အရင်းနှီးဆုံး၊ နားလည်မှုအရှိဆုံး ရဲဘော်တယောက် ဆုံးရှုံးလိုက်ရတဲ့အတွက် သန္နိဋ္ဌာန်ဟာ ပိုမိုခိုင်မာ ပြတ်သားလာပါတော့တယ်။

ကိုတင်မောင်ဝင်းရေ လွမ်းတယ်ဗျာဆိုတဲ့ ကိုသိန်းတင်ရဲ့ မှတ်တမ်းစကားလေးကလည်း ရိုးရိုးကလေးနဲ့ စိတ်ထိခိုက်စရာကောင်းလှပါတယ်။

ကိုသိန်းတင်နဲ့ ကိုသန်းငြိမ်းတို့ဟာ ကိုတင်မောင်ဝင်းရဲ့ဈာပနကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးကြပါတယ်။ နောက်တော့ ကိုသန်းငြိမ်းလည်း စစ်အစိုးရရဲ့ ဖမ်းဆီးခြင်းကို ခံရပြန်တယ်။ ဒီအခါမှာ ကိုသိန်းတင်အနေနဲ့ အထီးကျန်စွာခံစားရပေမယ့် စိတ်ဓာတ်ကတော့ တစက်ကလေးမှာ မကျခဲ့ပါဘူး။ သူအခင်မင်ဆုံး ရဲဘော်တွေအတွက်ပါ တာဝန်ယူတွေပို ယူခဲ့ပါတယ်။ ဒီလိုနိုင်ငံရေးတာဝန်တွေနဲ့ မအားလပ်ရှာတဲ့ ကိုသိန်းတင်ဟာ ခါတိုင်းလို အိမ်ဘက်ကို ခြေဦးမလှည့်နိုင်တော့ပါဘူး။ ကျွန်ုပ်အနေနဲ့ သူ့ရဲ့လှုပ်ရှားမှုများ၊ ကြိုးစားမှုများ၊ ရပ်တည်ချက်များကို အဝေးကနေ ကျေနပ်အားရ ဂုဏ်ယူနေမိပါတယ်။ အားပေးနေရပါတယ်။

ကိုသိန်းတင်တယောက် နိုင်ငံရေးတာဝန်တွေနဲ့ မအားမလပ်တဲ့ကြားက သူဝါသနာကြီးလှတဲ့ စာပေရေးသားခြင်းအမှုကိုလည်း ပြုလျက်ရှိပါတယ်။ မိတ်ဆွေတွေအနေနဲ့ သူ့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုများကို စောင့်ကြည့်နေရသလို သူရေးသားတဲ့ စာပေများ၊ ဆောင်းပါးများကိုလည်း ဂျာနယ်၊ မဂ္ဂဇင်းများမှာ စောင့်ဖတ်နေရပါတယ်။

သူ့ရဲ့ကြိုးစားမှု အသီးအပွင့်များကို အားရကျေနပ် အသိအမှတ်ပြုနေရပါတယ်။ ပထမဆုံးဆောင်းပါးဖြစ်တဲ့ ဆေးဝယ်ရင်း မင်္ဂလာဈေး ဆောင်းပါးကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလထုတ် တော်ဝင်ဂျာနယ်မှာ ပါရှိပါတယ်။ တင်သိန်းမောင်ကလောင်အမည်နဲ့ပါ။ ဆက်လက်ပြီး တော်ဝင်ဂျာနယ်၊ အတွေးအမြင်၊ စာပေဂျာနယ်၊ ရှေ့ဝတ်မှုန်မဂ္ဂဇင်း၊ ဒီလှိုင်းမဂ္ဂဇင်း၊ စံပယ်ဖြူမဂ္ဂဇင်းတွေမှာဆောင်းပါးများ ရေးခဲ့ပါတယ်။ တင်သိန်းမောင် ကလောင်အမည်အပြင်၊ ပထဝီမောင်တင် ကလောင်အမည်ကိုလည်း ခံယူထားပါတယ်။

ကိုသိန်းတင် နောက်ပိုင်းရေးတဲ့ ဆောင်းပါးတွေဟာ သမိုင်းနောက်ခံ ဆောင်းပါးတွေများတယ်။ သမိုင်းတန်ဖိုးရှိတဲ့ ဆောင်းပါးများဖြစ်ပါတယ်။ ဥပမာ – ယူနစ်နဲ့ ပြည်သူ့အရေးတော်ပုံပါတီ(ဒီလှိုင်းမဂ္ဂဇင်း)၊ ဒေါ်မြရီ (ကျောက်ဆည်)နှင့်တွေ့ခြင်း (တော်ဝင်ဂျာနယ်)၊ ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်ခဲ့ကြတုန်းက (အတွေးအမြင်)စသည်တို့ဖြစ်ပါသည်။ တင်သိန်းမောင် ကလောင်အမည်နဲ့ ဆောင်းပါးအပုဒ် ၃၀ ခန့်နဲ့ ပထဝီမောင်တင်အမည်နဲ့ ဆောင်းပါးအပုဒ် ၂၀ ခန့်ရေးသားခဲ့ပါတယ်။ နိုင်ငံရေးတာဝန်များကို မအားမလပ်အောင် ထမ်းဆောင်နေတဲ့ကြားက စာပေတာဝန်များကိုပါ ထမ်းဆောင်ခဲ့လို့ ချီးကျူးလေးစားမိပါတယ်။ သူ့ရဲ့စာပေမှတ်တိုင်ကိုလည်း အောင်မြင်စွာ စိုက်ထူနိုင်ခဲ့သူပါ။ တကယ်တော့ စာရေးဆရာဘဝကိုပါ သူအောင်မြင်စွာ ရယူနိုင် ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။

၁၉၉၆ မေလ(၁၂)ရက်မှာ စစ်အစိုးရရဲ့ ဖမ်းဆီးခြင်းကို ဒုတိယအကြိမ်မြောက် ကိုသိန်းတင် ခံရပါသည်။ ပုဒ်မ ၁၀(က)နဲ့ ထိန်းသိမ်းတာမို့ မိသားစုက တွေ့ဆုံခွင့်မရခဲ့ပါဘူး။ ပစ္စည်းဆေးဝါးပို့ခွင့်လည်း မရခဲ့ပါ။ မိသားစုက အကြိမ်ကြိမ်ကြိုးစားခဲ့လို့ (၇)လအကြာမှာ ပစ္စည်းပို့စတင်ရရှိခဲ့ပါတယ်။ နှစ်ပတ်တခါ ပစ္စည်းပို့ခွင့်ရခဲ့ပေမယ့် ကိုသိန်းတင်ရဲ့ ကျန်းမာရေးအခြေအနေမှန်ကို မိသားစု သိရှိခွင့်မရခဲ့ပါ။ မိသားစုခများ ကိုသိန်းတင်ရဲ့ ကျန်းမာရေးအတွက် အဝေးကပင် စိုးရိမ်ပူပန်နေကြပါတယ်။

မိသားစုစိုးရိမ်တဲ့အတိုင်း ၁၉၉၇ ဒီဇင်ဘာ ၃ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ကိုသိန်းတင် ရောက်ရှိလာပါတယ်။ ကျန်းမာရေး အခြေအနေဆိုးဝါးစွာရောက်ရှိလာတာပါ။ ဒီဇင်ဘာ ၄ ရက်နေ့မှာ ဇနီးဖြစ်သူ တွေ့ခွင့်ရရှိပါတယ်။ ကိုသိန်းတင်ရဲ့ ပြောပြချက်အရ အင်းစိန်အကျဉ်းထောင်ထဲမှာ လေးလခန့် သွေးဝမ်းများ သွားနေပါတယ်။ အာဟာရပြတ်ပြီး အားနည်း၊ ရောဂါအခြေအနေက ဆိုးဝါးဖြစ်လာပါတယ်။ သူကိုယ်တိုင်ဆေးဆိုင်ဖွင့်ရောင်းခဲ့သူဖြစ်လို့ သူ့ရောဂါအတွက် လိုအပ်တဲ့အသည်းဆေးများကို တောင်းသော်လည်း ထောင်ဆေးမှူးက အစာအိမ်ဆေးများကို သာပေးခဲ့ပါတယ်။ အနာတခြား ဆေးတခြားဖြစ်နေလို့ ရောဂါတိုးပြီး ဆိုးခဲ့ပါတယ်။

ရောဂါအခြေအနေဆိုးမှ ပြင်ပဆေးရုံကို ထုတ်ခဲ့တာပါ။ Drip အလုံး ၂၀ကျော်၊ သွေး ၄ ပုလင်းသွင်းပြီး ကုသခဲ့ပေမယ့် ရောဂါက လွန်နေပါပြီ။ မိုးလွန်မှထွန်ချသလိုဖြစ်ခဲ့ပါပြီ။ နှစ်လခွဲခန့်မိသားစုက ကြိုးစားကုသပေမယ့် ကိုသိန်းတင်ရဲ့အသက်ကို မကယ်တင်နိုင်တော့ပါဘူး။ ၁၉၉၈ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ ရန်ကုန်ဆေးရုံကြီး အသည်းရောဂါဌာန ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ကိုသိန်းတင်အသက်စိုးရိမ်ရပြီး ရက်ပိုင်းကလေးသာ ခံတော့မည့်အကြောင်း ဇနီးဖြစ်သူကို အသိပေးခဲ့ပါသည်။

စစ်အစိုးရနဲ့သက်ဆိုင်ရာ အာဏာပိုင်များဟာ ကိုသိန်းတင် ၁ ရက်၊ ၂ ရက် သာခံတော့မှာကို အတိအကျသိရှိတဲ့အခါကျမှ ပြည်ထဲရေးဝန်ကြီးအမိန့်နဲ့လွှတ်မိန့်ပေးခဲ့ပါတယ်။ ဒီအခြေအနေရောက်မှတော့ ဘာလုပ်လို့ရတော့မှာလဲ။ ထောင်တွင်းမှာ အကျဉ်းသားများကို ထားရှိတဲ့စနစ်၊ နေရာပတ်ဝန်းကျင်၊ မိလ္လာစနစ်၊ ရေ အစရှိတာတွေ မသန့်ရှင်းမှု ညစ်ညမ်းမှုတွေကြောင့် သွေးဝမ်းသွားကြ၊ ဝမ်းကိုက်ပိုးတွေ ကူးစပ်မှုဖြစ်၊ ဆေးဝါးမရှိ၊ ရောဂါဆိုးဝါးလာ၊ အချိန်လွန်မှ ပြင်ပဆေးရုံထုတ်၊ ကုသမရ၊ ဒီလိုအချိန်မှာ သေဆုံးကြရတာပါ။ ကိုစိန်ဝင်းနဲ့ ကိုတင်မောင်ဝင်းလည်း ဒီနည်းအတိုင်း ကြုံကြရ၊ ခံစားခဲ့ကြ၊ သေဆုံးခဲ့ကြရတာပါ။

၁၉၉၈ ၊ ဖေဖော်ဝါရီ ၁၈ ရက်နေ့ည ၈း၃၅ နာရီမှာ ကိုသိန်းတင်ကွယ်လွန်သွားခဲ့ပါတယ်။ အသည်းကင်ဆာဆိုတဲ့ ရောဂါတံဆိပ်ကို တပ်လိုက်ကြပါတယ်။ အသည်းကင်ဆာဆိုတဲ့ ကင်ဆာဆိုတဲ့ ရောဂါတံဆိပ်ကို တပ်လိုက်ကြပါတော့တယ်။ ဒီဓာတ်ပြားဟောင်းကြီးဖြစ်တဲ့ ကင်ဆာရောဂါဟာ စစ်အစိုးရရဲ့ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသမားတွေ အများဆုံး ဖြစ်ပွားကြပါတယ်။ ကိုသိန်းတင်ဟာ စစ်အာဏာရှင်စနစ်ဆိုးကို ဆန့်ကျင် တော်လှန်ရင်းကွယ်လွန်သွားတာပါ။ ကွယ်လွန်ချိန်မှာ အသက် ၅၆ နှစ်ရှိပါပြီ။

မိသားစုက ကိုသိန်တင်ကို ဆုံးရှုံးကြပါတယ်။ အဲန်အယ်ဒီ ပါတီကလည်း ကိုသိန်းတင်ကို တော်တဲ့ပါတီဝင် တစ်ယောက်ကို ဆုံးရှုံးခဲ့ပါတယ်၊ စာပေလောကအနေနဲ့လည်း စာရေးဆရာကောင်းတစ်ယောက် ဆုံးရှုံးခဲ့ပါတယ်။ကျွန်ုပ်အတွက်လည်း မိတ်ဆွေကောင်းတယောက် ဆုံးရှုံးခဲ့ပါတယ်။

ဒါပေမယ့် ကိုသိန်းတင်ကတော့ မရှုံးခဲ့ပါဘူး။ အောင်မြင်သူပါ၊ 'အောင်မြင်မှုအစစ်ဆိုတာ အများအတွက် ဘယ်လောက်စွန့်လွှတ်အနစ်နာခံနိုင်သလဲ၊ ဘယ်လောက်အကျိုးကျေးဇူးပြုနိုင်သလဲဆိုတာနဲ့ပဲ တိုင်းတာရမှာဖြစ်လို့ပါပဲ'။

'တဆိတ်သူတို့သွားကြပြီ
အသိဉာဏ်ရှိသူတွေ၊ ဉာဏ်ရှင်သူတွေ
ရဲရင့်သူတွေ၊ ငါသိခဲ့ရပါပြီ။
ဒါပေမယ့် .... ငါသဘောမတူဘူး။
ပြီးတော့ .... ငါမလျှော့နိုင်ဘူး။ ။

(အက်ဒနာစိန့်ဗင်းဆင့်လေးရဲ့ အတီးအမှုတ်မပါတဲ့ အသုဘတေးကဗျာ–မှ)

ဒေါင်းအိုးဝေ

# အဖွဲ့ချုပ် (၁၆) နှစ်ပြည့်အခမ်းအနား လွတ်မြောက်နယ်မြေတွင် ကျင်းပ

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဖွဲ့စည်း တည်ထောင်ခဲ့သည့် (၁၆)နှစ်ပြည့်အခမ်း အနားတရပ်ကို အန်အယ်လ်ဒီ (လွတ်မြောက် နယ်မြေ)က ထိုင်း–မြန်မာနယ်စပ်တနေရာ တွင်ပြုလုပ်ခဲ့သည်။

စက်တင်ဘာ (၂၇)ရက်နေ့တွင် ကျ ရောက်သည့် (၁၆)နှစ်မြောက်အဖွဲ့ချုပ် တည်ထောင်ခြင်းအခမ်းအနားတွင် အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) က ကြေညာချက် တဆောင်ထုတ်ပြန်ခဲ့ရာ ထိုကြေညာချက်၌ "လူထုတိုက်ပွဲကြားက ပေါ်ထွန်းလာခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ လူထုကြီးနှင့်အတူ တိုက်ပွဲစဉ်အဆင့်ဆင့်တို့ အား အကောင်အထည်ဖော်နိုင်ခဲ့သလို အပြီး သတ်အဆုံးအဖြတ်တိုက်ပွဲကိုလည်း ပြည်သူ လူထုနှင့်အတူ ပန်းတိုင်အရောက် လက်တွဲ ချီတက်သွားမည်ဖြစ်သည်။ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အနေဖြင့် ပြည်သူလူထုကြီး၏ ဆန္ဒသဘော ထားများကို ခံယူလျှက်လူထုတိုက်ပွဲ အရှိန် အဟုန်ကို ဘက်ပေါင်းဆုံမှ အစွမ်းကုန်မြှင့် တင်သွားမည်"ဟုဖော်ပြထားသည်။

ထိုအခမ်းအနားသို့ ကရင်အမျိုးသား အစည်းအရုံး၊ ဗကသ(နိုင်ငံခြားရေးရာ ကော်မတီ) လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား များဒီမိုကရက်တစ်တပ်ဦးနှင့် မဟာမိတ် အဖွဲ့အစည်း များမှခေါင်းဆောင်များစုံညီစွာ တက်ရောက်ခဲ့သည်။❖

# ကရင်ရဲဘော်များထောင်တွင်းတွင် ကျန်းမာရေးဆိုးဝါးနေ

ကရင်အမျိုးသားအစည်းအရုံး ကေအဲန် ယူနှင့်နအဖတို့အကြား ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲများကျင်းပနေချိန်တွင် အကျဉ်း ထောင်အသီးသီးတွင် နှစ်ရှည်ထောင်ဒဏ်ကျ ခံနေရသော ကရင့်တော်လှန်ရေးရဲဘော်များ ၏ ကျန်းမာရေးအခြေအနေမှာ ဆိုးဝါးလျက် ရှိကြောင်း သိရသည်။

(၁၉၈၄–၈၅)ခုနှစ်အတွင်း မန်းငွေ အောင် ဦးဆောင်သည့် ပြည်လမ်းအသံလွှင့်ရုံ ပစ်ခတ်မှုတွင် သေဒဏ်(ယခုတကျွန်းပြောင်း) ကျခံနေရသည့် စောတူကီး၊ စောရစ်ကီး၊ စောရစ်ချတ်တို့သည်သရက်ထောင်တွင် ရာသီဥတုဆိုးဝါးမှုဒဏ်နှင့် မိသားစုများကို တွေ့ခွင့်မရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ခံစားနေကြရကြောင်း သိရသည်။

အလားတူ အင်းစိန်ခဝဲခြံပစ်ခတ်မှုနှင့် သေဒဏ် (တကျွန်းပြောင်း) ကျခံနေရသည့် စသန်းမြင့်ဆွေ (ရေဝတီတိုင်း၊ ရွှေလောင်း မြို့နယ်၊ ပေကုန်းရွာမှာလည်း သရက်ထောင် တွင် အဆုတ်ရောဂါ အပြင်းအထန် ခံစား နေရသည်ဟု သိရသည်။

အရှေ့ရိုးမတွင် အဖမ်းခံခဲ့ရသူ ဗိုလ်သန်းလှလည်း ပေါင်တွင် သေနတ်ကျည် စိုက်ဝင်နေမှုခြင်းကို ယနေ့အထိ ကုသပေး ခြင်းမရှိသည့်အတွက် ယမ်းဆိပ်တက် ဝေဒနာအပြင်းအထန်ခံစားနေရသည်ဟု သိရသည်။

ထို့အတူ (၁၉၈၄–၈၅)ခုနှစ် မြိတ်– ထားဝယ်လေယာဉ်ပြန်ပေးဆွဲရန် ကြံစည်မှု ဖြင့် သေဒဏ်(တကျွန်းပြောင်း)ခံနေရသည့် မန်းအောင်နိုင်နှင့်မန်းတင်စိုး (လှိုင်းဘွဲ့ မြို့ နယ်စည်းရုံးရေးတာဝန်ခံ)တို့သည် စိတ်ပိုင်း ဝေဒနာနှင့် ရာသီဥတုဆိုးဝါးမှုဒဏ်တို့ အပြင်းအထန် ခံစားနေရကြောင်း မကြာမီ က သရက်ထောင်မှလွတ်လာသူ နိုင်ငံရေး အကျဉ်းသားတဦးအဆိုအရ သိရသည်။ ❖

# ရန်ကုန်တွင် ကေအဲန်ယူနှင့် နအဖ တတိယအကြိမ် ဆွေးနွေးမည်



ပဒိုဒေးဗစ်ထော

ကရင့်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)နှင့် နအဖ စစ်အုပ်စုတို့အကြား တတိယအကြိမ်ဆွေးနွေးပွဲကို အောက်တိုဘာ (၁၄)ရက်နေ့တွင် ရန်ကုန်မြို့တွင်ပြုလုပ်ရန် နှစ်ဖက်သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သိရသည်။

ထိုဆွေးနွေးပွဲတက်ရောက်ရန် ကေအဲန် ယူဘက်မှ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီး တူးတူးလေးနှင့် နိုင်ငံခြားရေးတာဝန်ခံ ပဒို ဒေးဗစ်ထောတို့ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့ သွားရောက်မည်ဟု ဆိုသည်။

ထိုဆွေးနွေးပွဲတွင် နှုတ်အားဖြင့်သဘော တူညီထားသည့်အပစ်အခတ်ရပ်စဲရေး အခြေ အနေမှ ပိုမိုခိုင်မြဲသည့် အခြေအနေတရပ်ဖြစ် ထွန်းလာရန် အသေးစိတ်ကျသည့်အချက် အလက်များ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း ပဒိုဒေးဗစ်ထောက ပြောဆိုသည်။ တပ်များ နေရာချထားရေး၊ တပ်များလှုပ်ရှားမှုနှင့် စစ်ဆင်ရေးအရ နှစ်ဖက်တပ်များ ထိန်းသိမ်း သွားရေးအပါအဝင် အဓိကအားဖြင့် စစ်ရေး နှင့်ပတ်သက်သည်များကို ဦးစားပေးဆွေး နွေးကြမည်ဖြစ်သည်ဟုလည်း ဒီမိုကရက်တစ် မြန်မာ့အသံသို့ ပြောဆိုခဲ့သည်။

ဆက်လက်ပြောကြားရာတွင် ငြိမ်းချမ်း ရေးကိုရှေ့ရှုမည့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုတွင် နှစ်ဦးနှစ်ဖက်စိတ်ရှည်ရှည်နှင့် အားနည်းချက်များကို ပြန်လည်ပြုပြင်၍ ပြည်သူလူထု၏လူ့အခွင့်အရေးနှင့်ပတ်သက် သည့် အရာများကိုပါ စောင့်စည်းရန်လိုအပ် ကြောင်းကိုပါထည့်သွင်းပြောကြားခဲ့ပြီး အပစ် အခတ်ရပ်စဲရေးမှတဆင့် နိုင်ငံရေးအဆင့်သို့ တဖြည်းဖြည်းချင်း တက်လှမ်းနိုင်လိမ့်မည် အနေအထားရှိနေသည်ဟုလည်း ပြောကြား သွားခဲ့သည်။❖

# ဆွေးနွေးပွဲပြန်လည်စတင်ရန် သဘောတူထားသော်လည်း နအဖတပ်များ ထိုးစစ်ပြန်ဆင်



**ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ**

**စက်တင်ဘာလ၊ (၃၀)ရက်။** (FIG)

စက်တင်ဘာ(၂၈)ရက် နံနက် ၅ နာရီ ခန့်က တနသ်ာရီတိုင်း ကော့သောင်ခရိုင် ဘုတ်ပြင်းမြို့နယ်တွင်းရှိ ကေအဲန်ယူစခန်း တခုနှင့် ကရင်ကျေးရွာတရွာအား နအဖ စစ်တပ်က ဝင်ရောက်တိုက်ခိုက်ကာ ရွာအား ဖျက်ဆီးလိုက်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကရင်အမျိုး သားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာက"ကရင်အထူးတပ်ရင်း(၂၀၃) စခန်းထိုင် နကဖောင်စခန်းနဲ့ ကော့ဘနန်း ရွာကို ဝင်တိုက်သွားတာပဲ၊ ဝင်တိုက်တာ ခလရ ၂၆၂ ဗိုလ်မှူးအောင်ကျော်ဦး ခေါင်း ဆောင်တယ်။ အထက်က ညွှန်ကြားတာက စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းဖြစ်တယ်။ အင်အား(၁၀၀)လောက်ရှိတယ်။ ရွာသား တွေထွက်ပြေးပြီး တောထဲမှာ ပုန်းနေရ တယ်။ စခန်းကိုလည်း သိမ်းသွားတယ်" ဟု FIG သတင်းဌာနတွင် ဖော်ပြထားသည်။

ယခုတိုက်ခိုက်ခံရမှုသည် အောက်တို ဘာလလယ်တွင်ပြုလုပ်မည့် နအဖနှင့် ကေအဲန်ယူတို့၏ တတိယကြိမ်ဆွေးနွေးပွဲ အတွက် ပြင်ဆင်ထားချိန်ဖြစ်သောကြောင့် နအဖကို ကရင်ဘက်မှ စိတ်ပျက်နေကြောင်း အဆိုပါသတင်းတွင် ဆက်လက် ဖော်ပြထား ပြီး ယခုတိုက်ခိုက်မှုအတွက် နအဖကို စာပို့ ကန့်ကွက်မည်ဟု ဆိုသည်။ သို့ရာတွင် ကေအဲန်ယူအနေဖြင့် နိုင်ငံရေးပြဿနာများ ကို နိုင်ငံရေးနည်းနှင့်ဆွေးနွေးရန်ကိုမူ ဆက် လုပ်သွားရန်ပြင်ဆင်နေကြောင်း သိရသည်။

နကဖောင်စခန်းသည် ကေအဲန်ယူ ဒု ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြ၏သား ဒုဗိုလ်မှူးကြီး စောသုလုတပ်ရင်းမှူးအဖြစ် ဦးဆောင်သော ကရင်အထူးတပ်ရင်းဖြစ်သည်။

လွန်ခဲ့သော စက်တင်ဘာ (၁၇)ရက် နေ့တွင်လည်း ကရင်အထူးတပ်ရင်း (၂၀၂) ကို နအဖမှ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရပြီး ကရင်ပြည်အခြားနေရာအနှံ့အပြား တွင်လည်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေ ကြောင်း သိရသည်။

(ကေအဲန်ယူ)ကရင်အမျိုးသားအစည်း အရုံးနှင့် နအဖတို့သည် ယခုနှစ် ဇန်နဝါရီမှ စကာ နှုတ်ကတိအပစ်အခတ် ရပ်စဲခဲ့ကြသည် မှာ (၈)လကြာခဲ့ပြီဖြစ်သော်လည်း ဒုတိယ အကြိမ် ဆွေးနွေးပွဲ မော်လမြိုင်တွင်ကျင်းပ နေစဉ် ကရင်တပ်ဖွဲ့တခုက နအဖစခန်းတခု ကို ဝင်တိုက်ခဲ့သဖြင့် ဆွေးနွေးပွဲများရပ် ဆိုင်းခဲ့ပြီးနောက် ဆွေးနွေးပွဲများ ပြန်လည် ကျင်းပရန် နှစ်ဖက်သဘောတူညီထားချိန် တွင် နအဖတပ်ဖွဲ့များက ကေအဲန်ယူ အမာခံ စခန်းများအား ဝင်ရောက်တိုက်ခိုက်လာနေ ခြင်းဖြစ်သည်။❖

# အပစ်ရပ်အဖွဲ့များအား စစ်ရေးအရဖိအားပေး၍ လိုရာပုံသွင်းနိုင်ရန် နအဖစီစဉ်နေ

ညောင်နှစ်ပင်ညီလာခံဆက်လုပ်နိုင်ရေး အတွက် အပစ်အခတ်ရပ်စဲထားသည့် တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့များကို စစ်ရေး နည်းနှင့် နအဖက ဖိအားပေးရန်ပြင်ဆင် နေကြောင်း သိရသည်။

ငြိမ်းချမ်းရေးအဖွဲ့များတွင် အင်အား အကြီးဆုံးဖြစ်သည့် ယူဒဗလျူအက်စ်အေ 'ဝ'ဒေသတွင် အမြောက်ကြီးတပ်ရင်း(၁) ရင်းနှင့် ခမရတပ်ရင်း(၂)ရင်းတို့ကို ပြီးခဲ့ သည့်လအတွင်းဆောက်လုပ်ခဲ့ရာ ကွမ်းလုံ ခရိုင် ဟိုပန်မြို့နယ်၌ အမှတ်(၃၄၈) အမြောက်တပ်ရင်း၊ အောင်းမော့ဒေသတွင် ခမရ (၁၄၃)နှင့် ရွှေဝါခြံဒေသတွင် ခမရ (၁၄၅)တို့ ချထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ဒုတိယ အင်အားအကြီးဆုံး ဖြစ်သည့် ကေအိုင်အေ(ကချင်ဒေသတွင်) ဝိုင်းမော်မြို့နယ် ဆင်ဘိုဒေသ၌ ခမရ(၁၄၁)၊ ဒေါ်ဖိုးရံဒေသတွင် (၁၄၂)နှင့် ကေအိုင်အို ဌာနချုပ်ရုံးအနီး နန်းဆန်ရံကျေးရွာတွင် အမှတ်(၈)စစ်ထောက်လှမ်းရေးတပ်ဆွယ်တို့ ဖွင့်လှစ်ထားကြောင်း သိရသည်။

ရှမ်းအပစ်အခတ်ရပ်စဲရေးအဖွဲ့များ ဖြစ်သည့် အက်စ်အက်စ်အေ(မြောက်ပိုင်း)၊ အက်စ်အက်စ်အဲန်အေ ထိန်းချုပ်ဒေသအနီး တိုးလောဒေသနှင့် ကြေးဘီးဒေသတို့တွင် အမြောက်တပ်ရင်း (၃၄၇)၊ (၃၅၉)နှင့် ခမရတပ်များဖြစ်သည့် (၁၃၁)၊ (၁၃၂)တို့ကို တိုးချဲ့ဖွဲ့စည်းထားကြောင်း၊ ထို့ပြင် ဌာနချုပ် စေကျော့စခန်းနှင့်(၅)မိုင်ခန့်အကွာ ကျေးရွာ တခုတွင်လည်း ခလရ(၆၇)နှင့် ခမရ (၃၂၅) တို့က အခိုင်အမာတပ်စွဲထားကြောင်း နယ်စပ်အခြေစိုက် စစ်ဘက်သတင်းများကို ကိုးကား၍ ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံရေးအရ ဩဇာအကြီးဆုံးဖြစ် သည့် မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေ သံဖြူဇရပ်နှင့် ဘုရားသုံးဆူဒေသကို ဖားအံ အခြေစိုက် တပ်မ(၂၂)မှ ဗိုလ်မှူးချုပ်ငွေသိန်း ခေါင်းဆောင်သည့် တပ်ရင်း(၁၀)ရင်းကို ပို့ ထားပြီး လက်အောက်ခံတပ်များကိုလည်း ချောင်းဖျားဒေသနှင့် ရေဖြူမြို့နယ် ဒေသ များသို့ အင်အားတိုးချဲ့ ပို့လွှတ်ထားကြောင်း သိရသည်။

ထိုသို့တပ်အင်အားများ တိုးချဲ့ဖြန့်ကျက် ထားချိန်တွင် ပြီးခဲ့သည့် ဩဂုတ်လက နအဖ စစ်မဟာဗျူဟာဌာနက တင်သွင်းသည့် တောင်တန်းနှင့်နယ်စပ်ဒေသရှိ လူမျိုးစုလက် နက်ကိုင်အဖွဲ့များဖျက်သိမ်းရေး စီမံချက်ကို လည်း ရေးဆွဲအတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်အခြေစိုက် စစ်ရေးလေ့လာ နေသူ ဦးငွေအောင်၏အဆိုအရ အဆိုပါ စီမံချက်တွင် လူမျိုးစုလက်နက်ကိုင်အဖွဲ့ အစည်းများကို မြေပေါ်နိုင်ငံရေးပါတီအဖြစ် မြို့ပေါ်ခေါ်ယူ၍ လက်နက်ကိုင်အင်အား တဖြည်းဖြည်းလျှော့ချပြီး နောက်ဆုံး ပျောက် ကွယ်သွားသည်အထိ စနစ်တကျလုပ်ဆောင် ရန်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်း များအချင်းချင်း သပ်လျှိုဖြိုခွဲ၍ ၎င်းတို့ နယ်မြေများအား နအဖမြေဖြစ်သွားရေးတို့ ပါဝင်သည်ဟု ဆိုသည်။



**နယ်စပ်အခြေစိုက် စစ်ရေးလေ့လာသူ ဦးငွေအောင်**

နအဖအနေဖြင့် အပစ်ရပ်ထားသည့် အဖွဲ့များအား စစ်ရေးအရဖိအားပေးကာ ညောင်နှစ်ပင်ညီလာခံကို မဖြစ်ဖြစ်အောင် ဆက်လုပ်သွားပြီး ၎င်းတို့ကြိုတင်ရေးဆွဲ ထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို အတည်ပြုနိုင်အောင် လုပ်ဆောင် နေခြင်းဖြစ်ကြောင်း ပြောကြားသုံးသပ်သွား ခဲ့သည်။

အခြားသတင်းတရပ်အရ ရှမ်းပြည် နယ်တွင်နှင့် ကရင်နီပြည် နယ်စပ်တလျှောက် ဒေသများတွင် နအဖဘက်မှ စစ်စခန်းသစ် များ ထပ်မံတိုးချဲ့နေသဖြင့် အဆိုပါဒေသ များရှိပြည်သူများထံမှ အဓမ္မ ငွေကြေး ကောက်ခံလျက်ရှိသည့်အပြင် အဓမ္မလုပ်အား ခိုင်းစေမှုများပါ ခံစားနေကြရကြောင်း သိရ သည်။❖

# ငြိမ်းချမ်းရေးတမန်တော်အဖြစ် ကြားဝင်စေ့စပ်ပေးလိုကြောင်း ဆရာကြီးဒဂုန်တာရာ ဆန္ဒပြုပြောဆို



ကဗျာဆရာ၊ စာရေးဆရာကြီး ဒဂုန်တာရာ

တိုင်းပြည်ငြိမ်းချမ်းရေးအတွက် မိမိအနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက ကြားဝင်ဆောင်ရွက်ပေးလိုကြောင်း ကဗျာဆရာ စာရေးဆရာကြီး ဒဂုန်တာရာက ပြီးခဲ့တဲ့လဆန်းပိုင်းက ဆန္ဒပြု ပြောဆိုလိုက်သည်။

အမျိုးသားလွတ်မြောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစာပေဖွံ့ဖြိုးမှုတွင် ရှေ့တန်းက ပါဝင်ဆောက်ရွက်ခဲ့သူ သခင်ဌေးမြိုင် (ခေါ်) ကဗျာဆရာ စာရေးဆရာကြီး ဒဂုန်တာရာက ယခုလိုပြောကြားခဲ့ခြင်းအပေါ် စာရေးဆရာ သတင်းစာဆရာမကြီးလူထုဒေါ်အမာကလည်း သူမနာကိုယ်မနာ လုပ်နည်းလုပ်ဟန်ဖြင့် ဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ကြောင်း ထောက်ခံပြောဆိုလိုက်သည်။

ယခုလိုအသက်အရွယ် အတွေ့အကြုံကြီးရင့်ပြီး မြန်မာ့လွတ်လပ်ရေးခေတ်တလျောက် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် လွတ်လပ်ရေးခေါင်းဆောင်များနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူ ဆရာကြီး ဒဂုန်တာရာ၏ အဆိုပြုချက်ကိုကြိုဆိုပါကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ပြောကြားခဲ့ပြီး အာဏာပိုင်များနှင့် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးရန်လိုအပ်ကြောင်း မှတ်ချက်ချပြုခဲ့သည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် နိုင်ငံရေးနှင့် တိုက်ရိုက်မပတ်သက်သည့် စာရေးဆရာ ဆရာမကြီးများက ယခုလိုဆန္ဒပြု ထုတ်ဖော်ပြောဆိုကြခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး စစ်အုပ်စုဖက်က ထိုအဆိုပြုချက်အပေါ် လက်ခံစဉ်းစားမည့်ပုံ တစုံတရာမပြသေးကြောင်း သုံးသပ်သူများက ဆိုသည်။

လွန်ခဲ့သည့် နှစ်များအတွင်းကလည်း နိုင်ငံတော်ဩဝါဒစရိယ ဆရာတော် အရှင်သူမြတ်ကြီးများက ယခုအခါ ပြန်လည်သင့်မြတ်ရေးနှင့် တိုင်းပြည်ငြိမ်းချမ်းရေးတို့အတွက် အာဏာပိုင်များရေး အတိုက်အခံများကိုပါ နှစ်ဦးနှစ်ဖက် ညှိနှိုင်းကြရန် တိုက်တွန်းပန်ကြားခဲ့သော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။

အသက် (၈၆)နှစ်အရွယ်ရှိပြီဖြစ်သော ဆရာကြီး ဒဂုန်တာရာသည် လွတ်လပ်ရေးခေတ်ဦးကာလ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အမျိုးသားစာဆိုကြီး ငြိမ်းချမ်းရေးဖခင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် လက်တွဲဆောင်ရွက်ခဲ့သူဖြစ်သည့် အမေလူထုဒေါ်အမာမှာ အသက်(၉၀)နှစ်အရွယ်ရှိပြီဖြစ်ပြီး နှစ်ဦးစလုံးယနေ့အချိန်အထိ စာပေများ ရေးသားနေကြဆဲလည်း ဖြစ်သည်။

နိုင်ငံရေးသုံးသပ်သူများက အဖက်ဖက်မှ ယိုယွင်းပျက်စီးလာသည့် ပြည်တွင်းအခြေအနေကြောင့် သြဇာညောင်းခဲ့သည့် စာရေးဆရာ၊ ဆရာမကြီးများပင်မနေသာတော့သည့်အတွက် ယခုလိုဆန္ဒပြုထုတ်ဖော်ပြောဆိုလာခြင်းဖြစ်သည်ဟု ယူဆနေခဲ့ကြသည်။

❖

# သတင်းစာဆရာကြီးဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန် အေအိုင်အဖွဲ့ကြီးက တောင်းဆို

မတရားဖမ်းဆီးခြင်းခံရပြီး နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် ဟံသာဝတီ သတင်းစာဆရာကြီးဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် အေအိုင် ခေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက အောက်တိုဘာ(၇)ရက်နေ့တွင် နအဖကိုတောင်းဆိုလိုက်သည်။

နအဖ၏အကျဉ်းထောင်များတွင် ဆရာကြီးဦးဝင်းတင်အပါအဝင် နိုင်ငံရေးအကျဉ်းသား(၁,၄၀၀)တို့ကို မတရား ဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ်များချထားခြင်းကို အီးယူနှင့်အာဆီယံခေါင်းဆောင်များအား အသိပေးလို၍ ယခုလိုတောင်းဆိုရခြင်းဖြစ်ကြောင်း စကော့တလန်အခြေစိုက် အေအိုင်အဖွဲ့ တာဝန်ခံက ပြောဆိုသည်။

ထိုနေ့တွင် အမြင့်မီတာ (၁၀)မီတာနှင့် အကျယ် မီတာ (၉)မီတာရှိ ဦးဝင်းတင်၏ ရုပ်ပုံပါ နဖူးစီးပိတ်စကြီးကို အီဒင်ဘာဂ်မြို့ ပရင့်စက်စတြိတ်တွင် လူအများမြင်သာအောင် ချိတ်ဆွဲထားခဲ့သည်ဟု ဆိုသည်။ ထို့အပြင် အေအိုင်အဖွဲ့ကြီးက ဆရာကြီးဦးဝင်းတင်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေးကို တောင်းဆိုထားသည့် ပို့စ်ကဒ်ပေါင်း (၆,၅၀၀)ကို နိုင်ငံတကာ အီဒင်ဘာဂ်ပွဲတော်တွင် ဖြန့်ဝေသွားရန် စီစဉ်ထားကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

❖



သတင်းစာဆရာကြီး ဦးဝင်းတင်

# နအဖဝန်ကြီးများ အပြောင်းအလဲပြုလုပ်



နအဖ နိုင်ငံခြားရေးဝန်ကြီးသစ် ဗိုလ်ချုပ်ဉာဏ်ဝင်း

နအဖစစ်အုပ်စုက ၎င်းတို့အာဏာသိမ်းခဲ့သည့် (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အစိုးရအဖွဲ့အတွင်း ရာထူးနေရာအချို့ အပြောင်းအလဲပြုလုပ်ခဲ့ရာ နအဖ နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုဝန်ကြီးတို့ ရာထူးမှနုတ်ပယ်ခြင်းခံရ လိုက်ကြောင်းသိရသည်။

ရာထူးမှဖယ်ရှားခြင်းခံရသည့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင်၏ နေရာတွင် တပ်မတော်လေ့ကျင့်ရေးဌာနမှ ဗိုလ်ချုပ်ဉာဏ်ဝင်းကို အစားထိုးလိုက်ပြီး ဒုဝန်ကြီးချုပ်အဖြစ် ဗိုလ်မှူးကြီးမောင်မြင့်ကို ပြောင်းလဲလိုက်သည်။

အလားတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်းဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ပို့ ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့ကို ရာထူးမှဖယ်ရှားလိုက်ပြီး ဗိုလ်မှူးကြီး ဇော်မင်းကို သမဝါယမဝန်ကြီး အဖြစ်လည်းကောင်း၊ ဗိုလ်မှူးချုပ် တင်မောင်သိန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ယခုလို နိုင်ငံတကာအစည်းဝေးများတွင် နအဖ စစ်အုပ်စု၏မူဝါဒများကို တစိုက်မတ်မတ်နာခံ ပြောဆိုလာသူ ဦးဝင်းအောင်နှင့် ဒုဝန်ကြီးချုပ် ဦးခင်မောင်ဝင်းတို့အစား တပ်ဖက်အရာရှိများကို အစားထိုးလိုက်ခြင်းသည် စစ်အုပ်စုသဘောထား ပိုမိုတင်းမာမှုကို ပြသရာရောက်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ခဲ့ကြသည်။ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ရာထူးအပြောင်းအလဲပြုလုပ်ခြင်းမှာ နအဖလုပ်ရိုးလုပ်စဉ်သာ ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

❖



# သဘာဝရှု

☆ ရှုပ်ထွေးမှု
သီအိုရီလို့
တချို့ကယူဆ

☆ တချို့က
ဦးခေါင်းထက်
လွင့်စင်ကျလာမယ့်
နီစွမ်းရဲပ ကြယ်ပွင့်များနဲ့
ချစ်သူတို့ရင်ဘတ်များနဲ့
နွေးထွေးလိုက်ကြ။

☆ တချို့က ပင်လယ်
တချို့က မြေပြင်
အဲဒီမြေပြင်ပေါ်က
'စပီရှုလိုင်းနား' စိမ်းပြာရေညှိမှာ
အသိတရားနဲ့ အရှိတရား
တခုခုပါတယ်ဆိုတာ
ငြင်းခုံလို့ရတဲ့ အရာမှမဟုတ်တာ။

☆ ဘာပဲဖြစ်ဖြစ်
အချိန်စစ်စစ်များရဲ့
သစ္စာပန်းရောင်စုံတွေက
အပူနေခြည်တမျှင်
အကြင်နာလေနုအေး မိုးတပေါက်
လင်းလက်တဲ့မိုးသောက် မြေပြင်ထက်
ရက်ရက်စက်စက် ပွင့်ဝေနေကြဦးမှာ။။

သီဟကျော်

❖ စပီရှုလိုင်းနား
လူတို့အတွက်ဆေးဘက်ဝင်သော၊ သစ်ပင်တို့အတွက် မြေသြဇာဖြစ်စေသော ရေညှိတမျိုး။

ကျောဖုံးမှ ...

ကြောင်း ကြိုတင်ကြေညာခဲ့သည်။

သို့ရာတွင် နအဖစစ်အုပ်စုက ယနေ့အချိန်အထိ ထိုတောင်းဆိုချက်များကို လိုက်လျောခြင်းမရှိခဲ့သည့်အတွက် (၂၅)နိုင်ငံပါဝင်သည့် အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်းပွဲတွင် နအဖအပေါ်စီးပွားရေးပိတ်ဆို့မှုထပ်မံတိုးမြှင့်ရန် သဘောတူလိုက်ခြင်းဖြစ်သည်။

လူ့အခွင့်အရေး ချိုးဖောက်နေသည့် နအဖ စစ်အုပ်စုကို စီးပွားရေးပိတ်ဆို့မှုမှလွဲ၍ အခြားရွေးချယ်စရာ နည်းလမ်းမရှိဟုလက်ရှိအီးယူဥက္ကဋ္ဌ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့ကြောင်း ဘရပ်ဆဲလ်မှလာသည့် အေအက်ဖ်ပီသတင်းအရ သိရသည်။

ယခုသဘောတူညီမှုတွင် မြန်မာအရေးနှင့်ပတ်သက်၍ နူတ်ဆိတ်နေခဲ့သည့် ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့ကပါ ပါဝင်ခဲ့ကြောင်း သိရသည်။

ထိုသဘောတူညီချက်အရ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် အပြီးသတ်ကြေညာချက် ထုတ်ပြန်ဖွယ်ရှိကြောင်း သိရသည်။❖

# တနင်္သာရီမြို့နယ်မှ ကရင်ရွာသားများနအဖတပ်က ညှဉ်းပန်းနှိပ်စက်

တနင်္သာရီတိုင်းတနင်္သာရီမြို့နယ်မှ ကရင်ရွာသားများအား ကေအဲန်ယူနှင့် အဆက်အသွယ်ပြုလုပ်သည်ဟု စွပ်စွဲကာ နယ်မြေခံစစ်တပ်က ဖမ်းဆီးနှိပ်စက်မှုများ ပြုလုပ်နေကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းအရသိရသည်။

တနင်္သာရီမြို့နယ်နယ်စပ်ကျေးရွာများတွင်နေထိုင်သည့် ကရင်ဒေသခံများကို ကေအဲန်ယူကို သတင်းပေးသည်၊ ရိက္ခာထောက်ပံ့သည် စသည့်ဖြင့် အမျိုးမျိုးစွပ်စွဲ၍ နယ်မြေခံတပ်များက ဖမ်းဆီးနှိပ်စက်နေသောကြောင့် ဒေသခံရွာသားများမှာ တောတောင်များထဲတွင် မကြာခဏ ပုန်းအောင်းတိမ်းရှောင်နေကြရသည်ဟု ဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာ ပထမပတ်အတွင်းကလည်း ပဝကျေးရွာအရှေ့ဘက်တောနက်ထဲတွင် ပုန်းအောင်းနေသည့် ကရင်မိသားစု(၃)စုကို ခမရ(၅၅၇)မှ ဗိုလ်အောင်ကျော်မြင့်ဦးဆောင်သည့် တပ်စိတ်က တောနင်းရှာဖွေ၍ ဖမ်းဆီးနှိပ်စက်ခဲ့ကြောင်း ဒေသခံတို့က ပြောဆိုသည်။

ထို့အပြင် အဆိုပါမိသားစုများအား ကြိုးတုပ်ခေါ်ဆောင်၍ အခြားပုန်းအောင်းနေသူများကို လိုက်ပြခိုင်းခဲ့ကြောင်း၊ တဖန်ညောင်ပင်ကွင်း၊ မရမ်းကုန်း၊ တကျက်၊ ထဖိုးထရွာများမှ ရွာသားများကိုလည်း တောနင်းရှာဖွေ၍ အသွားအလာကို ကန့်သတ်ပိတ်ပင်ထားကြောင်း ဒေသခံရွာသားတို့က ပြောဆိုခဲ့သည်ဟု သိရသည်။

❖

# နိုင်ငံတကာ

## သတင်းတိုထွာ

### အီရတ်စစ်ပွဲအတွင်း အကျအဆုံးစာရင်း

၂၀၀၄ ခုနှစ်၊ စက်တင်ဘာ (၃၀)ရက်နေ့အထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၁,၁၉၅)ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၀၅၆)ဦး၊ ဗြိတိသျှစစ်သား(၆၇)ဦး၊ အီတလီစစ်သား(၁၉)ဦး၊ ပိုလန်စစ်သား(၁၃)ဦး၊ စပိန်စစ်သား(၁၁)ဦး၊ ယူကရိန်းစစ်သား(၉)ဦး၊ ဘူဂေးရီးယားစစ်သား(၆)ဦး၊ ဆလိုဗက်စစ်သား(၃)ဦး၊ ထိုင်းစစ်သား(၂)ဦး၊ ဒတ်ချ်စစ်သား(၂)ဦး ဒိန်းမတ်စစ်သား(၁)ဦး၊ အက်စ်တိုးနီးယားစစ်သား(၁)ဦး၊ ဟန်ဂေရီစစ်သား(၁)ဦး၊ လတ်ဗီးယန်းစစ်သား(၁)ဦး၊ ဆာဗေးဒိုးစစ်သား(၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန် သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားဦးရေမှာ (၇,၅၃၂)ဦးရှိပြီးဖြစ်သည်။ **[စီအဲန်အဲန်]**

### တရုတ်လူမျိုးများ၏ အိမ်ထောင်မှုသံသယ

၎င်းတို့၏ဇနီးများ သစ္စာရှိမရှိကိုသံသယရှိသော ယောကျ်ားများက ပိုမိုသိရှိချင်လာကြသည့်အတွက် တရုတ်ပြည်မြို့တော် ပီကင်းတွင် ဖခင်ဟုတ်မဟုတ် စမ်းသပ်မှုများ တိုးပွားလာနေသည်။ လွန်ခဲ့သည့်နှစ်က အဓိကမြို့ကြီးတမြို့ရှိ ဆေးရုံတခု၌ ဒီအင်န်အေ (DNA) စစ်ဆေးမှုများ (၂၀)ရာခိုင်နှုန်း တိုးလာကြောင်း နိုင်ငံတော်သတင်းဌာနက ပြောကြားသည်။ ပီကင်းရှိ အခြားဆေးခန်းများကလည်း ဒီအင်န်အေစမ်းသပ်မှုများ ထူးထူးခြားခြား တိုးပွားလာကြောင်း အစီရင်ခံကြသည်။ လူအများသည် အိမ်ထောင်သစ္စာရှိမှုအပေါ် ယုံကြည်မှု ပိုမိုနည်းလာ သည့်အတွက်ကြောင့် ဤအခြေနေများက မိသားစုဆက်ဆံရေးမတည်ငြိမ်မှုကို ဖော်ပြနေသည်ဟု ဆရာဝန်များကပြောဆိုသည်။ "လူ့အဖွဲ့အစည်းပွင့်လင်းလာမှုရဲ့ ဘေးထွက်ပစ္စည်းတခုပါ" ဟု ဆေးရုံအုပ်ချုပ်ရေးမှူးတဦးဖြစ်သူ ရှောင်က ပြောဆိုခဲ့သည်။ စမ်းသပ်စရိတ် သိပ်မများလျှင် ဤသည်ထက်ပင်များမှာဖြစ်ကြောင်း တရုတ်သတင်းဝန်ဆောင်မှုလုပ်ငန်းက ပြောဆိုခဲ့သည်။ **[ဘီဘီစီ]**

### ဥရောပလူဝင်မှုပြဿနာ

ဥရောပတဝှမ်းလုံး၌ လူဝင်မှုပြဿနာသည် အဓိကကိစ္စတခုအဖြစ်ပေါ်ထွက်လာနေသည်။ သက်ကြီးရွယ်အို လူဦးရေများပြားခြင်းနှင့် မွေးဖွားနှုန်းကျဆင်းလာသည့် နိုင်ငံအများအပြားသည် ကျွမ်းကျင်သည့်နိုင်ငံခြားသားအလုပ်သမားများကို ဆွဲဆောင်ရန် အလွန်အမင်းလိုအပ်လာသည်။ သို့သော် တရားမဝင်ဝင်ရောက်လာခြင်းနှင့် လူမှောင်ခိုကူးခြင်းများအပေါ် စိုးရိမ်ပူပန်မှုများ ကြီးထွားလာနေသည်။ အချို့နိုင်ငံများက ၎င်းတို့၏ ခိုလှုံခွင့်ဥပဒေကို တင်းကျပ်လိုက်ပြီး အစိုးရအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိအားများ တိုးပွားလာနေသည်။ **[ဘီဘီစီ]**

### ဆူဒန်ပဋိပက္ခ

ဒါဖာဒေသတွင် သူပုန်ထပြီးနောက်ပိုင်း၌ အစိုးရလိုလားသည့် အာရပ်ပြည်သူ့စစ်များ၏ မြေလှန်စနစ်ကြောင့် အိမ်နီးခြင်းနိုင်ငံများသို့ ပြည်သူ(၁)သန်းကျော် ထွက်ပြေးသွားရသည်။ ဤလ၌ ဒုက္ခသည် ၁ သန်း ၂ သိန်းအတွက် စားနပ်ရိက္ခာများဝေငှခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ပြောကြားခဲ့သည်။ အကြမ်းဖက်မှုများမှာ ဆက်လက်ဖြစ်ပွားနေပြီး လုံခြုံရေး ပြန်လည်တည်ဆောက်မှုအတွက် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ အင်အား(၃,၀၀၀)စေလွှတ်ရန် ခွင့်ပြုချက်မရသေးချေ။ ဆူဒန်အစိုးရအပေါ်ဖိအားပြင်းထန်နေခြင်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပိတ်ဆို့အရေးယူမည့်ခြိမ်းခြောက်မှုများရှိနေသော်ငြားလည်း အစိုးရနှင့်သူပုန်များအကြားဆွေးနွေးပွဲသည် သဘောတူညီမှုမရဘဲ အချိန်ကြန့်ကြာနေသည်။ တိုင်းပြည်ငြိမ်းချမ်းရေးရပါက မည်သည့်အကူအညီများပေးရမည်ကိုဆွေးနွေးရန် ဆူဒန်၏ အဓိက အလှူရှင်များသည် နော်ဝေတွင် ခါတွမ်အစိုးရကိုယ်စားလှယ်နှင့် ဒါဖာမှသူပုန်ကိုယ်စားလှယ်များကိုတွေ့ဆုံခဲ့ကြသည်။ **[ဘီဘီစီ]**

### ပလပ်စတစ် နည်းပညာသစ်

အမေရိကန်၊ အိုင်အိုဝါပြည်တက္ကသိုလ်မှ သုတေသီများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုအား အနှောက်အယှက်မဖြစ်စေသည့် ပလပ်စတစ်လုပ်သည့်နည်းများကို လေ့လာနေကြသည်။ ဂေါက်သီးတင်သည့် တီခုံမှ မြေကြီးအတွင်း တိုက်ရိုက်စိုက်ပျိုးနိုင်သည့် ဘက်တီးရီးယားပိုးဖြင့် ဆွေးမြေ့ပျက်စီးစေနိုင်သော ပန်းအိုးအထိ ပလပ်စတစ်ပစ္စည်းများကို ကြက်မွေးနှင့် ပဲပုပ်မှရသည့်ပရိုတင်း အစရှိသည့်ပစ္စည်းများမှ ပြောင်းလဲပြုလုပ်သည့်နည်းများကို လေ့လာနေကြသည်။ ကြက်မွေးနှင့် ကြက်ဆင်မွေး စသည့်ပစ္စည်းများကို ဘက်တီးရီးယားပိုးဖြင့် ဆွေးမြေ့ပျက်စီးစေနိုင်သော ပလပ်စတစ်အဖြစ် ပြောင်းလဲလိုက်ခြင်းက ပတ်ဝန်းကျင်ကို သာမက လယ်သမားများ၊ ဥယျာဉ်မှူးများနှင့် စားသုံးသူများကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။ **[အေပီ]**

## ချီလီအာဏာရှင် ဗိုလ်ချုပ်ကြီးဟောင်း ပီနိုရှေးအား တရားစွဲဆိုခွင့် ရတော့မည်

**ဘီဘီစီ။**

ယခင်စစ်အာဏာရှင်ဟောင်း ဩဂတ်စတိုပီနိုရှေးအား တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်တောင်းခံမှုကို ပယ်ချသင့်သည်ဟု တရားရုံးချုပ်က စီရင်ချက်ချမှတ်လိုက်သည်။ စီရင်ချက်ကို တရားသူကြီး(၉)ဦးတွင် (၈)ဦးက အတည်ပြုလိုက်ခြင်းဖြစ်သည်။

ဤဆုံးဖြတ်ချက်က ၁၉၇၀ စုနှစ်များနှင့် ၈၀ စုနှစ်များက လူထုအား ရက်စက်စွာ ဖိနှိပ်မှုများအတွက် အသက်(၈၈) နှစ်ရှိပြီဖြစ်သည့် သမတဟောင်းအား တရားစွဲဆိုရန် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်။ ဤသည်မှာ မေလက အောက်ရုံး၏စီရင်ချက်ကို အတည်ပြုလိုက်ခြင်းဖြစ်ပြီး တရားခံ၏ ဆွေမျိုးများက ဤဆုံးဖြတ်ချက်ကို ဩဘာပေးကြသည်။ ယခင်က အာဏာရှင်ကြီး ပီနိုရှေးအား တရားစွဲဆိုရန်ကြိုးစားမှုမှာ မအောင်မြင်ဘဲ ဦးနှောက်ထိခိုက်ဒဏ်ရာကြောင့် စိတ်ဖောက်ပြန်နေသည်ဆိုသည့် ဆေးထောက်ခံချက်ဖြင့် ပယ်ချခြင်းခံနေရသည်။ သို့သော် ဇူလိုင်လက အမေရိကန်အထက်လွှတ်တော်အစီရင်ခံစာတွင် ဒေါ်လာသန်းပေါင်းများစွာရှိသည့် ဗိုလ်ချုပ်ကြီးဟောင်းပီနိုရှေးပိုင်ဆိုင်သော အသေးစိတ်



စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးဟောင်း ဩဂတ်စတိုပီနိုရှေး

လျှို့ဝှက်ဘဏ်စာရင်းအား ဖွင့်ချလိုက်ရာ ပြည်သူလူထု၏ထင်မြင်ချက်များက ပွက်လောရိုက်လာရာမှ ယခုကဲ့သို့ တရားရုံးကစွဲဆိုချက်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်ကြောင့် အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီးသည် ၁၉၇၃ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်ကာလ စစ်တပ်အုပ်စိုးစဉ်ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အမှုရင်ဆိုင်ရမည်ဖြစ်သည်။

အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီး ပီနိုရှေးသည် ၁၉၁၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၅၀ခုနှစ်တွင် ချီလီကွန်မြူနစ်ပါတီ ချေမှုန်းရေးကို ဦးဆောင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် လက်ဝဲ သမတ ဆယ်လ်ဗေဒါအာယန်းဒေးထံမှ စစ်တပ်က အာဏာသိမ်းရာတွင် ဦးဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်သေနာပတိမှ ဆင်းပေးခဲ့ရပြီး အင်္ဂလန်တွင် အဖမ်းခံခဲ့ရသည်။❖

## နှစ်ပတ်လည် အထိမ်းအမှတ်အနေဖြင့် အယ်လ်ခိုင်းဒါအဖွဲ့က အမေရိကန်၏ ရှုံးနိမ့်မှုအား သတိပေးပြောကြား




အိုစမာဘင်လာဒင် နှင့် အီမန်အယ်လ်ဇာဝါဟီရီ

**အေအက်ဖ်ပီ။**

စက်တင်ဘာ(၁၁)ရက် တိုက်ခိုက်မှုကြီး သုံးနှစ်မြောက်နေ့မတိုင်မီ နှစ်ရက်က အီရတ်နှင့် အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များ ရှုံးနိမ့်လုနီးပါးဖြစ်နေပြီဖြစ်ကြောင်း အိုစမာဘင်လာဒင်၏ ညာလက်ရုံးတဦးက ပြောဆိုလိုက်သည်။

(၁၆) ရက်နေ့ကလည်း အယ်လ်ခိုင်ဒါအဖွဲ့၏ ဒုတိယခေါင်းဆောင် အီမန်အယ်လ်ဇာဝါဟီရီက "အမေရိကန် အစိုးရဟာ အီရတ်၊ အာဖဂန်နစ္စတန်နဲ့ ပါလက်စတိုင်းမှာရှိတဲ့ မွတ်ဆလင်တွေအပေါ် ကျူးလွန်နေတဲ့ ရာဇဝတ်မှုတွေကို မရပ်ဘူးဆိုရင်တော့ သူတို့အတွက် လုံခြုံမှုရမှာ မဟုတ်ဘူး" ဟု အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားမှ ပြောဆိုခဲ့သည်။ "တိုင်းပြည်နှစ်ခုမှာ အမေရိကန်တွေဟာ မီးနှစ်မီးအကြားမှာ ရောက်နေတယ်၊ ဆက်နေမယ်ဆိုရင် မရဏထိသွေးမြေကျမယ်၊ နောက်ဆုတ်မယ်ဆိုရင်လည်း အရာရာ ဆုံးရှုံးရမှာဖြစ်မယ်"ဟု ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ ဇာဝါဟီရီသည် အသက် (၅၃)နှစ်ရှိပြီဖြစ်ပြီး မျက်လုံးခွဲစိတ်ကုဆရာဝန်တဦးဖြစ်သည်။ အယ်လ်ခိုင်ဒါအဖွဲ့၏ အဓိက တွေးခေါ်ရှင်နှင့် မဟာဗျူဟာရေးဆွဲသူဖြစ်သည်ဟု အမေရိကန်က ယူဆထားသူဖြစ်ပြီး ၎င်း၏ခေါင်းအား ဒေါ်လာ (၂၅)သန်းဆုငွေ ထုတ်ထားခြင်းခံရသူဖြစ်သည်။ အယ်လ်ခိုင်ဒါကွန်ယက်မှ မူဂျာဟီဒင်များက ပြည်သူလူထု၏ထောက်ခံမှုဖြင့် အာဖဂန်အရှေ့ပိုင်းနှင့် တောင်ပိုင်းကို ထိန်းချုပ်ထားကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ပြီးခဲ့သည့်လက အမေရိကန်က အာဖဂန်တွင် ဗုံးကြဲခဲ့ရာ အမေရိကန်(၃)ဦးအပါအဝင် လူ(၉)ဦးသေဆုံးခဲ့ရာ အာဖဂန်ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ် အနည်းငယ်အလိုတွင် လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများ တိုးပွားလာခဲ့သည်။ အာဖဂန်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် တာလီဘန်တို့က ပြောက်ကျားစစ်ပွဲဖြင့်တိုက်ခိုက်နေပြီး ကျန်နေရာများတွင်လည်း အနှံ့အပြား တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ အိမ်နီးခြင်းပါကစ္စတန်နိုင်ငံတွင် လုံခြုံရေးတပ်ဖွဲ့များက အယ်လ်ခိုင်ဒါလေ့ကျင့်ရေးစခန်းဟု သံသယရှိသည့်နေရာများကို (၁၆)ရက်နေ့က ချေမှုန်းတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ (၅၀)ခန့် ကျဆုံးခဲ့သည်ဟု တပ်မတော်က ပြောဆိုခဲ့သည်။ ကာတာအခြေစိုက် အသံလွှင့်ပြောကြားချက်အရ ဇာဝါဟီရီကလည်း အာရေဗျကျွန်းဆွယ်၊ အီဂျစ်နှင့်ဆူဒန်အပါအဝင် အာရပ် မွတ်ဆလင်ကမ္ဘာအား ဖျက်ဆီးမည့် အမေရိကန်၏စီမံကိန်းကို ရှုံ့ချပြောဆိုခဲ့သည်။❖

# နိုင်ငံတကာ

## အာရှငှက်တုပ်ကွေးဖြစ်ပွားမှု စိုးရိမ်စရာမြင့်တက်လာနေ

မကြာသေးမီက ထိုင်းအမျိုးသမီးတဦး ငှက်တုပ်ကွေးရောဂါဖြင့်သေဆုံးခဲ့ပြီး ရောဂါမှာ ၎င်း၏သမီးထံမှ ကူးစက်ပုံရကြောင်း အစိုးရက ပြောကြားလိုက်သည်။

ဤကိစ္စသည် အများပြည်သူအတွက် အထူးစိုးရိမ်စရာမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။ သမီးဖြစ်သူသည် အလားတူဗိုင်းရပ်စ်ပိုးဖြင့် သေဆုံးပြီး မကြာမီမှာပင် အသက်(၂၆)နှစ်ရှယ်ရှိ မိခင်ဖြစ်သူ ပရမ်နီးထုံချွန်းသည် စက်တင်ဘာလ(၂၀)ရက်နေ့က (H5N1)ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ သို့သော် သေဆုံးသည့်သမီးဖြစ်သူ ဆခွန်တလာကို ဆေးစစ်ဆေးခြင်းမလုပ်ဘဲ မီးသင်္ဂြိုလ်ခဲ့သောကြောင့် သူမသည် ဗိုင်းရပ်စ်ပိုးကြောင့်သေသည်လားဆိုခြင်းကိုမူ အသေအချာ မသိရတော့ချေ။ (H5N1)ဗိုင်းရပ်စ်ပိုးသည် အဓိကအားဖြင့် ငှက်တုပ်ကွေး ရောဂါတမျိုးဖြစ်ပြီး ၁၉၉၇ ခုနှစ်၌ ဟောင်ကောင်ရှိလူများ၌ ပထမဆုံးတွေ့ရှိရခြင်း ဖြစ်သည်။ လူများ၌ဖြစ်ပွားသည့် ဤရောဂါများအားလုံးနီးပါးမှာ ငှက်များမှကူးစက်လာခြင်း ဖြစ်သည်ဟု တွေးထင်ထားကြသည်။ (၁၉၉၇)တွင် ဟောင်ကောင်နှင့် အာရှဒေသအတော်များများတွင် ဖြစ်ပွားခဲ့သည်။ ဤနှစ်အထိ ငှက်တုပ်ကွေးနှင့် သေဆုံးသူပေါင်းမှာ ထိုင်းနိုင်ငံတွင်(၉) ဦးနှင့် ဗီယက်နမ်တွင်(၁၉)ဦး ရှိပြီဖြစ်သည်။ သို့သော် ဤသေဆုံးသူအားလုံးမှာ အသားစားနှင့်ဥစားကြက်၊ ဘဲများမှ ကူးစက်ပြန့်ပွားသည့်ရောဂါကြောင့်ဟု ထင်ထားကြသည်။ ငှက်တုပ်ကွေးရောဂါသည် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသည့်အကျပ်အတည်း ဖြစ်သည်ဟု ကုလသမဂ္ဂစားနပ် ရိက္ခာစိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့တိရိစ္ဆာန် ကျန်းမာရေးအဖွဲ့က ပူးတွဲကြေညာချက်တွင် ပြောကြားခဲ့သည်။❖

## ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးမှ အိန္ဒိယကွန်မြူနစ်များ၏ မူသဘောထားများ ထုတ်ဖော်ကြေညာ



အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) အထွေထွေအတွင်းရေးမှူး ဟာကစ်ဆန်

"ကမ္ဘာ့အရင်းရှင်စနစ်သည် လူသားများရင်ဆိုင်နေရသည့် အခြေခံပြဿနာများကို ဖြေရှင်းနိုင်စွမ်းမရှိကြောင်း၊ ကမ္ဘာ့ဘဏ္ဍာအရင်းအနှီးသည် နိုင်ငံများ၏ အချုပ်အခြာအာဏာကိုတိုက်ခိုက်နေပြီး အမြတ်အစွန်းများ ဖြောင်ကျကျရယူရေးအတွက် စီးပွားရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်နေကြသည်" ဟု မာ့က်စ်–လီနင်ဝါဒအား အိန္ဒိယအခြေအနေနှင့် လက်တွေ့ပေါင်းစပ်အသုံးချရန်ကြိုးစားနေသည့် အိန္ဒိယကွန်မြူနစ်ပါတီ(မာ့က်စ်ဝါဒ)က ထုတ်ဖော်ပြောကြားခဲ့သည်။ အိန္ဒိယကွန်မြူနစ်များအနေဖြင့် နိုင်ငံပိုင်ကုမ္ပဏီများကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးဆုံးဖြတ်ချက်များအား ရပ်ဆိုင်းရန်၎င်း၊ အလုပ်သမားများအား အလုပ်ဖြုတ်ပစ်ရန် အလုပ်ရှင်များ၏ အခွင့်အရေးမြင့်မားရေး လှုပ်ရှားမှုများကို ပယ်ဖျက်ရန်၎င်း၊ ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းအား ကာကွယ်ရန် သွင်းကုန်ခွန်မြင့်မားရေးကို အားပေးရန်နှင့် သပိတ်များအားတားမြစ်သည့် တရားရုံးချုပ် အမိန့်များကို ဖျက်သိမ်းရန် သန္နိဋ္ဌာန်ချထားသည်။ ကွန်မြူနစ်များ အာဏာရနေသည်မှာ(၂၆)နှစ်ရှိပြီဖြစ်သည့် အနောက်ဘင်္ဂလားပြည်နယ်အား စီးပွားရေးဖွံ့ဖြိုးမှု၏ စံနမူနာပုံစံဖြစ်ရန် ကြေညာခဲ့သည်။ ဤပြည်နယ်၌ မြေရှင်ကြီးများ၏ မြေများအား သိမ်းယူပြီး လယ်သမားလေးများအား ဝေငှပေးသည့် ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်သည့်အတွက် ကွန်မြူနစ်များကို ပြည်နယ်လူထုက ဆက်လက်ထောက်ခံနေခြင်းဖြစ်သည်။❖

## အမေရိကန်ကျူးကျော်စစ်အတွင်း အီရတ်အရပ်သား ထောင်ပေါင်းများစွာ အသတ်ခံရ

**စက်တင်ဘာ(၂၀)ရက်။ [အေပီ]**

လွန်ခဲ့သည့်နှစ် စစ်ပွဲစတင်ချိန်မှစတင်၍ အီရတ်နှင့်ညွန့်ပေါင်းတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများကြောင့် ဘဂ္ဂဒက်နှင့်အနီးမြို့များတွင် လူပေါင်း(၁၀,၃၆၃)ယောက် သေဆုံးခဲ့ကြောင်း ရှိတ်အိုမာဆေးခန်း မှတ်တမ်းအရ သိရှိရသည်။ အီရတ်စစ်ပွဲအတွင်း အမေရိကန်စစ်သား ထောင်ကျော်သေဆုံးချိန်၌ အီရတ်ပြည်သူများမှာ သောင်းကျော်သေဆုံးနေသည်။ ယုံကြည်စိတ်ချရသော သတင်းများအရ ၂၀၀၃ ခုနှစ် မတ်လ၊ အမေရိကန်တို့ကျူးကျော်ချိန်မှစ၍ အီရတ်ပြည်သူ ခန့်မှန်းခြေဦးရေ(၁၀,၀၀၀)မှ (၃၀,၀၀၀)ထိ အသတ်ခံရကြောင်း သိရှိရသည်။ ဤသေဆုံးသူများစာရင်းမှာ အီရတ်ရှိပြည်နယ်(၁၈)ခုမှ ပြည်နယ်တခုအတွင်း သေဆုံးသူစာရင်းဖြစ်ပြီး နဂျတ်ဖ်၊ ကာဘာလာ၊ ဖာလူဂျာ၊ တီကရစ်နှင့် ရာမာဒီစသည့်မြို့ကြီးများမှ သေဆုံးမှုများ မပါဝင်ချေ။ သေဆုံးသူ အီရတ်များထဲတွင် ခုခံသူများ၊ ရဲများ၊ စစ်သားများသာမက အရပ်သား ယောကျ်ား၊ မိန်းမ၊ ကလေးများ ပါဝင်သည်။ သေဆုံးသူများကို အာဏာပိုင်များက ကောင်းမွန်စွာရေတွက်ခြင်းမရှိဘဲ မြှုပ်နှံသည့်အတွက်ကြောင့် အီရတ်အရေးအခင်းများအတွင်း အမှန်တကယ်သေဆုံးသူအရေအတွက်ကို မသိရှိရချေ။ လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့က လွန်ခဲ့သည့်နှစ်၌ပင် အီရတ်အရပ်သားတသောင်းကျော်သေဆုံးကြောင်း ခန့်မှန်းသည်။ သို့သော် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏စာရင်းများမှာ အမေရိကန်နှင့် အီရတ်အရာရှိများ၏ မီဒီယာအစီရင်ခံစာ တစိတ်တပိုင်းအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။ မီဒီယာဌာနပေါင်း (၄၀)မှ ထုတ်ပြန်သည့် အစီရင်ခံစာများအပေါ်တွင်အခြေခံပြီး စာရင်းပြုစုထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းတခု၏ စာရင်းများအရမူ ပဋိပက္ခစတင်ချိန်မှစ၍ အရပ်သားသေဆုံးမှုပေါင်းမှာ (၁၁,၇၉၃)မှ (၁၃,၈၀၂)အကြားရှိကြောင်း သိရှိရသည်။ အီရတ်ရှိ လူ့အခွင့် အရေးအဖွဲ့မှ ဟာဇမ်အယ်လ်ရာဒီနာက ၎င်း၏အဖွဲ့အနေဖြင့် စုစုပေါင်းသေဆုံးသူအရပ်သားမှာ သုံးသောင်းကျော်ကြောင်း ပြောကြားခဲ့သည်။ ဤသည်မှာ အီရတ်မီဒီယာများမှ ထုတ်ပြန်သည့် အစီရင်ခံစာများအပေါ်တွင်သာ အခြေပြုထားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အီရတ် ကျန်းမာရေးဝန်ကြီးဌာနစာရင်းအရ ဖာလူဂျာနှင့် နဂျတ်ဖ်မြို့များ၌ အကြီးအကျယ် တိုက်ပွဲများဖြစ်ပွားချိန် ဧပြီ(၅)ရက်မှ ဩဂုတ်(၃၁)ရက်အတွင်း၌ပင် ကလေး (၁၂၅)ဦး အပါအဝင် အရပ်သား (၂,၉၅၆) ဦးသေဆုံးကြောင်း၊ ဘဂ္ဂဒက်တွင်ပင် (၈၂၉)ဦး သေဆုံးကြောင်းပြဆိုနေသည်။ ❖



အမေရိကန်တို့၏တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ကလေးငယ်(၄)ဦးအလောင်းများကို ဖာလူဂျာဆေးရုံတွင် တွေ့မြင်ရစဉ်

## အမေရိကန်၏လမ်းပြမြေပုံအား လိုက်နာလုပ်ဆောင်ရန် ရှာရွန်၌ စီမံကိန်းမရှိ



**အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရှာရွန်**

**အေပီ။**

အစ္စရေးအနေဖြင့် အမေရိကန် ကျောထောက်နောက်ခံပြုထားသည့် လမ်းပြမြေပုံငြိမ်းချမ်းရေးစီမံကိန်းကို လိုက်ပါလုပ်ဆောင်မည်မဟုတ်ကြောင်းနှင့် ဂါဇာကမ်းမြောင်ဒေသမှဆုတ်ခွာပြီးနောက်ပိုင်းတွင် အနောက်ဘက်ကမ်းဒေသ အများအပြား၌ ဆက်လက်ကျန်ရှိနေနိုင်ကြောင်း (၁၅)ရက်နေ့က ထုတ်ဝေသည့် သတင်းစာအင်တာဗျူးတခု၌ ဝန်ကြီးချုပ် အေရီရယ်ရှာရွန်က ပြောကြားခဲ့သည်။

အစ္စရေးသည် ၎င်း၏ ကိုယ်ပိုင်နယ်နိမိတ်မျဉ်းအားရေးဆွဲရန် စီမံနေပြီး တပ်ဖွဲ့အများအပြားကို အနောက်ဖက်ကမ်းခြေတွင် ဆက်လက်ထားရှိမည်ဖြစ်သည်။ ရှာရွန်၏ ပါလက်စတိုင်းများနှင့် တဖက်သတ် အဆက်ဖြတ်ရေးစီမံကိန်းမှာ ဂါဇာမှဆုတ်ခွာပြီး (၂၀၀၅)ခုနှစ်တွင် အနောက်ဖက်ကမ်း (၄) နေရာတွင် အခြေချရေးဖြစ်သည်။ (၁၄)ရက်နေ့က(၂၀၀၅)ခုနှစ်၊ စက်တင်ဘာလနောက်ဆုံးထား၍ ၎င်းတို့၏နေအိမ်များမှ ထွက်ခွာသူများအားကြိုတင်ငွေထုတ်ပေးရေးကို အစိုးရက အတည်ပြုခဲ့သည်။ အခြေချနေထိုင်သူမိသားစုများသည် တစိတ်တဒေသ လက်ငင်းပေးငွေအဖြစ် ဒေါ်လာ (၁၀၀,၀၀၀) ကျော် စီရရှိနိုင်သည်။ ဤငွေများက အခြေချနေထိုင်သူ အမြောက်အများကို ဆန္ဒအလျောက်ထွက်ခွာရန်ဆွဲဆောင်လိမ့်မည်ဟု အစိုးရက မျှော်လင့်ပြီး ကျန်ရှိသူများအား ရွှေ့ပြောင်းရာ၌ စစ်သားများအတွက် လွယ်ကူစေမည်ဖြစ်သည်။ လမ်းပြမြေပုံမှာ လွန်ခဲ့သည့်နှစ်က အစ္စရေးနှင့် ပါလက်စတိုင်းတို့ ချမှတ်ခဲ့ခြင်းဖြစ်ပြီး (၂၀၀၅)ခုနှစ်တွင် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးစီမံကိန်းကို ပုံဖော်ထားခြင်း ဖြစ်သည်။ အနောက်ဖက်ကမ်းနှင့် ဂါဇာအားအစ္စရေးက သိမ်းပိုက်ထားခြင်းကို အဆုံးသတ်ရမည် ဟု အမေရိကန်အရာရှိများကပြောဆိုသည်။ "ရှာရွန်ရဲ့ရည်ရွယ်ချက်က လမ်းပြမြေပုံကို ဖျက်သိမ်းဖို့ဖြစ်တယ်၊ နောက်ပြီး ဂါဇာကို အကျဉ်းထောင်တခုအဖြစ်ထားရေးနဲ့ အနောက်ဖက်ကမ်း ဒေသရဲ့ (၄၀%)ကို တံတိုင်းအတွင်းထားရေးဆိုတဲ့ သူ့ရဲ့ရေရှည် ကြားဖြတ်ဖြေရှင်းချက်ကို ပြဌာန်းဖို့ပဲဖြစ်တယ်" ဟု ပါလက်စတိုင်းအစိုးရအဖွဲ့ဝန်ကြီး အီရီကက်က ပြောကြားခဲ့သည်။ (၁၅)ရက်နေ့ထုတ် ယေဒီရော့နှင့် မအာရိဗ်သတင်းစာမှ မဲစားရင်းကောက်ခံမှုအရ အစ္စရေး (၅၈%)က ရှာရွန်၏ အဆက်ဖြတ်ရေးစီမံကိန်းကိုထောက်ခံပြီး သုံးပုံတပုံက ဆန့်ကျင်ကြသည်။ ❖

## ဆွစ်ဇာလန်နိုင်ငံတွင်း ဝင်ရောက်လာသူများ ထိန်းချုပ်ခံနေရ

**ဘီဘီစီ။**

ဆွစ်ဇာလန်နိုင်ငံ၌ ခိုလှုံခွင့်ရှာဖွေသူများ၏လှုပ်ရှားမှုများကို ထိန်းချုပ်ရန် အာဏာပိုင်များအား မည်၍မည်မျှ ခွင့်ပြုမည်ဆိုသည့်အပေါ် အငြင်းပွားမှုများ ရှိနေသည်။ အချို့သော ဆွစ်မြို့ငယ်များတွင် ခိုလှုံသူများအား ပန်းခြံများနှင့် အားကစား အဆောက်အဦများသို့ ဝင်ရောက်ခြင်းမှ တားမြစ်ရန် စီမံကိန်းများသည် အကြီးအကျယ် ဝေဖန်ခြင်းခံနေရသည်။ အဓိက မြို့ကြီးများတွင်မူ ခိုလှုံသူများအား မြို့ငယ်များမှ လာရောက်ခြင်းအား တားမြစ်သည့်ဥပဒေများ ရှိပြီးဖြစ်သည်။ အထူးသဖြင့် မေလန်မြို့တွင် ခိုလှုံသူများအား ပန်းခြံများ၊ ကျောင်းအားကစားကွင်းများနှင့် ရေကူးကန်များအား အသုံးပြုခြင်းမှတားမြစ်သည့် စီမံကိန်းအား ကြေညာလိုက်ရာ အချို့ကကန့်ကွက်ကြပြီး အချို့က သဘောတူကြသည်။ ယခုအခါ မေလန်အာဏာပိုင်များက လုံးဝတားမြစ်ခြင်းကို ပြန်လည်ရုတ်သိမ်းသော်လည်း မြို့တွင်းရှိခိုလှုံသူများကို အများဆိုင်ရာနေရာများ၌ မစုဝေးရန် သတိပေးထားသည်။ ဘန်းနှင့်ဇူးရစ်ကဲ့သို့ အဓိကမြို့ကြီးများရှိ ရဲများသည် မူးယစ်ဆေးဝါး ရောင်းသည်ဟု သံသယရှိသည့် ခိုလှုံသူများအပေါ် တားမြစ်သည့်ဥပဒေများနှင့် ၎င်းတို့အား မြို့တော်ဗဟိုသို့ဝင်ရောက်ခြင်းမှ တားမြစ်သည့် ဥပဒေများကို ပုံမှန်ထုတ်ပြန်လေ့ရှိသည်။ သံသယရှိသည့် နိုင်ငံခြားသားများအပေါ်တွင် တားမြစ်သည့်ဥပဒေကို ထုတ်ပြန်ရာ၌လည်း ရာဇဝတ်မှုကျူးလွန်သည်ဆိုသည့် သက်သေပြစရာမလိုကြောင်း ဇူးရစ်ရဲတပ်ဖွဲ့မှာ ပြောခွင့်ရသူက ပြောကြားခဲ့သည်။ ဆွစ်ဥပဒေက ဆွစ်နိုင်ငံသားများအပေါ်တွင် ဤကဲ့သို့ တားမြစ်ခြင်းကို ခွင့်မပြုချေ။ ခိုလှုံသူများအပေါ် တားမြစ်ချုပ်ချယ်သည့်ဥပဒေများအား တိုးချဲ့အသုံးပြုခြင်းက ဒုက္ခသည်များအပေါ် ကျင့်သုံးလေ့ရှိသည့် ၎င်းတို့၏ အစဉ်အလာ ရက်ရောသည့်မှုကို ချိုးဖောက်ခြင်းဖြစ်သည်။ စာရင်းအင်းများအရ ခိုလှုံသူ မဆိုသလောက်သာ ရာဇဝတ်မှုများ ကျူးလွန်ကြသည်ဟု ဆိုသည်။ ခိုလှုံသူများကို အများဆိုင်ရာနေရာများသို့ သွားရောက်ခြင်းအား တားမြစ်သည့်ဥပဒေသည် အသားအရောင်ခွဲခြားသည့်ပုံစံဖြစ်သည်ဟု ပြည်သူ့အခွင့်အရေးအုပ်စုများက ပြောဆိုနေစဉ်မှာပင် ဆွစ်နိုင်ငံသားအများစုက ဤမှုကို ထောက်ခံကြောင်း လူထုထင်မြင်ချက်စစ်တမ်းကောက်ယူမှုက ညွှန်းဆိုနေသည်။ ❖

# ဒီတလမ်းပဲ တို့ ဆက်လျှောက်ကြမယ်

## ကိုတိုး

'ညိုမှောင် အုံ့ပျ
ဝေ့ဝဲ ကြေကွဲလျှ
စွယ်တော် ကံ့ကော်
ရှန်းကြွ လှုံ့ဆွ
အိပ်ပျက်တဲ့ည'

ကျနော် နံရံပေါ်မှာ ချရေးလိုက်တဲ့ ကဗျာ တပိုင်းတစပါ။

အင်းစိန် ဗဟိုစံပြအကျဉ်းထောင်ရဲ့ နာမည်ကျော် ကြိုးတိုက် (ရင်ကွဲတိုက်) အခန်းနံပါတ် (၂၈)ရဲ့ ဖြူညစ်ညစ်နံရံပေါ်မှာ အုတ်ခဲကျိုးသေးသေးကိုချွန်ပြီး ရေးကြည့်လိုက်တာပါ။

တကယ်ဆို စွယ်တော်ရိပ်၊ ကန့်ကော်ရိပ်မှာ သစ်ပုပ်ပင်နဲ့ အဓိပတိလမ်းပေါ်မှာ ရှိနေရမယ့် ကျနော်။

ခု ဒီနေရာမှာ ကျနော့်ကို ဘယ်သူတွေ ပို့လိုက်တာလဲ၊

အခန်းနံပါတ် (၂၈)ထဲမှာ တယောက်တည်းထည့်ထားပြီး သံတိုင်တွေကာရံထားတွေကို ဘယ်သူထောင်ချထားနိုင်ပါသလဲ။

သူတို့ ကဗျာတွေရေးကြတယ်၊ ကဗျာတွေ ရွတ်ကြတယ်၊ သိက္ခာတွေ ထပ်ကြတယ်၊ ပြီးတော့ မီးပြင်းပြင်းမှာ သူတို့ ခါးတွေကို ဆေးသားအထပ်ထပ် တင်ကြတယ်။

အရင်းအနှီးပေးကြရတဲ့အထဲမှာ အသက်တွေ၊ ဘဝတွေ အရင်းအနှီးပေးကြရတာထက် ဘာပိုပေးလို့ရပါသေးသလဲ။

ကျနော်တို့ရဲ့ နောင်တော်တွေ ရန်သူအကျဉ်းစခန်းထဲမှာ နှစ်ခေါက်၊ သုံးခေါက်၊ လေး ငါး ခေါက်။

သူတို့ ဘဝတွေဟာ ကျေပြီးရင်းကျေခဲ့ရပေမယ့် သူတို့ရဲ့နိုင်ငံချစ်စိတ်ကတော့ ပိုပြီးနုပျို၊ ပိုပြီး သစ်လွင်၊ ပိုပြီး တောက်ပလို့ အနာဂတ်ဗမာပြည်သစ်အတွက် ကဗျာသစ်တွေ ရွတ်နေလိုက်ကြတာ။

အားလည်းကျမိ လေးလည်းလေးစားရတဲ့ မှတ်တိုင်တွေ။

တတိုင်ပြီး တတိုင် ....

ဘယ်လောက်ရှည်လျားဦးမလဲ။

ရှည်ချင်သလောက်ရှည်လိုက်တော့ ဒီလမ်းကို ကျနော် လိုလိုလားလားကြီးကိုပဲ ရွေးချယ်လိုက်ပါပြီ။

'အရက် အကျင်း
ရောင်နီ ခင်းစ
ဧရာ ရိုးမ
နိုးထတဲ့ ည
သောင်ရင်း အလှ
ဆီးကြိုတဲ့ ည
ဖူးသစ် ပွင့်သစ်
ဝေဆာရစ်တဲ့ ည'

ကျနော် ပုသိမ်ဒီဂရီကောလိပ်မှာတက်နေတုန်းက တနေ့နေ့မှာ ဒီလိုနေရာမှာ ဒီလိုပုံသဏ္ဍာန်နဲ့ ရောက်ရလိမ့်မယ်လို့ မတွေးမိခဲ့ဘူး။

**" မစ္စတာ ရာဘင်ကို ပြောလိုက်ပါ။**
**'မုဆိုးရာသီကုန်ပြီ လေးနဲ့မြားတွေ မလိုတော့ဘူး' ဆိုတာ ဟုတ်ကောဟုတ်ရဲ့လား။**
**သူကိုယ်တိုင်တောင် အစိုးမရတဲ့ ဒီ အဘိဓမ္မာကိုတော့ ကျနော်ကြိုးစားပြီး ယုံမနေချင်တော့ဘူး။**
**ကျနော်ယုံကြည်တာကို လွတ်လွတ်လပ်လပ် ယုံကြည်ချင်ပါတယ်၊**
**ကျနော့်ကို ဘယ်သူမှ မတားကြပါနဲ့၊**
**ကျနော့်ပြည်သူတွေကို မည်သို့ပင်ဖြစ်စေ ကျနော် လွတ်လွတ်လပ်လပ် ဆက်ပြီးချစ်သွားချင်တယ် ... "**

ရုံအားမရသေးဘဲ သွပ်ပြားတချပ်ကိုပါ အပေါ်က ထပ်ပိတ်ထားလိုက်သေးတယ်။

'ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်'ကို တောင်းဆိုမိတာ အပြစ်တဲ့လား။

'ကျောင်းသားအခွင့်အရေး ကာကွယ်ရေးကော်မတီဖွဲ့စည်းခွင့်'ကို တောင်းဆိုမိတာ အပြစ်တဲ့လား၊ 'ကျောင်းသားလှုပ်ရှားမှုတွေ ဒီလိုခဏခဏဖြစ်နေရတာဟာ အရင်းခံကျတဲ့ နိုင်ငံရေးပြဿနာကို မဖြေရှင်းဘဲထားလို့ဖြစ်တာ၊ ဒါကြောင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ အရေးတကြီးကို လိုအပ်နေတယ်'လို့ တောင်းဆိုမိတာ အပြစ်တဲ့လား။

'အိပ်ပျက်တဲ့ည
၁၂ ရက် ၁၂ လ
၉၆ ဒီဇင်ဘာရဲ့ သိင်္ဂီ နဒီည
ရေကြည်အိုင် အင်းစိန် သာယာဝတီ
ထုသား ပေသားကျ
သိက္ခာထပ်တဲ့ည'

သာယာဝတီအကျဉ်းထောင် သီးသန့်တိုက်ဝန်းထဲက ကဗျာရွတ်သံတွေကို ကျနော် ခုထိ ပြန်ပြန်ကြားနေရတယ်။

လူကို ထောင်ချထားလို့ရပေမယ့် ကျနော်တို့ရဲ့ ယုံကြည်ချက်တွေ၊ ကျနော်တို့ရဲ့ မြန်မာပြည်သူတွေအပေါ်ချစ်တဲ့ ရင်ခုန်သံမိပါတယ်။

ကျနော့်အတွက်တော့ ဒီရဲဘော်ကြီးတွေဟာ တကယ့်ကိုတန်ဖိုးဖြတ်လို့မရတဲ့ လမ်းပြကြယ်စင်တွေပါပဲ။

'သမိုင်းသစ်ရေး
ငါတို့သွေးကို
ထုံးဖြူဆေးသုံး
ဖျောက်ဖျက်ဖုံးလည်း
မဆုံးကမ္ဘာ တည်လိမ့်မည်'။

ဗကသများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ကိုမိုးသီးဇွန်ရဲ့ 'သွေးမော်ကွန်း' ဆိုတဲ့ကဗျာ။

ကျနော်တို့ သွေးတွေ၊ ပြည်သူတွေရဲ့ သွေးတွေကို ဘာဆေးကိုသုံးပြီး၊ ဘာ ထုံးကို သုံးပြီး ဖျောက်ဖျက်ဖို့ ကြိုးစားကြဦးမှာလဲ။

Road Map ဆေးနဲ့လား၊

ညောင်နှစ်ပင် အမျိုးသားညီလာခံ ထုံးနဲ့လား။

မဆလ တပါတီအာဏာရှင်စနစ်ကို မုန်းတီးတတ်ပြီး နိုင်ငံရေးကို ကကြီး ခခွေး လောက်သာသိခဲ့တဲ့ ကျနော်တောင် သမိုင်းသစ်တွေရေးရင်း ဆိတ်ဖလူးနဲ့တွေ နှစ်ကြိမ်နမ်းရှိုက် ပြီးခဲ့ပြီပဲ။

ထောက်လှမ်းရေး(၇)၊ ရေကြည်အိုင်၊ အင်းစိန်ထောင်၊ ပြည်ထောင်၊ သရက်ထောင်နှင့် သာယာဝတီထောင်။ ကျနော်ဖြတ်သန်းခဲ့ဒေါနတောင်တန်းကို မြွေလိမ်မြွေကောက် ကွေ့ပတ်ရစ်ခွေတက်လာတဲ့ Hilux ကားပေါ်မှာ ကျနော့်ရင်ခုန်သံကို ကျနော် အကျယ်ကြီး ကြားနေရတယ်။

သိပ်မကြာခင်မှာတော့ ကျနော်ကြားရုံသာကြားဖူးပြီး ရင်ထဲက ချစ်ခဲ့ဖူးတဲ့ သောင်ရင်းကို စက်လှေတစီးနဲ့ ဖြတ်နေရပြီ။

မစ္စတာ ရာဘင်ကို ပြောလိုက်ပါ။

'မုဆိုးရာသီကုန်ပြီ လေးနဲ့မြားတွေ မလိုတော့ဘူး'ဆိုတာ ဟုတ်ကော ဟုတ်ရဲ့လား။

သူကိုယ်တိုင်တောင် အစိုးမရတဲ့ ဒီ အဘိဓမ္မာကိုတော့ ကျနော်ကြိုးစားပြီး ယုံမနေချင်တော့ဘူး။

ကျနော်ယုံကြည်တာကို လွတ်လွတ်လပ်လပ် ယုံကြည်ချင်ပါတယ်၊

ကျနော့်ကို ဘယ်သူမှ မတားကြပါနဲ့၊

ကျနော့်ပြည်သူတွေကို မည်သို့ပင်ဖြစ်စေ ကျနော်လွတ်လွတ်လပ်လပ် ဆက်ပြီး ချစ်သွားချင်တယ်။

ဒီလမ်းဟာ အများကြီး ကြမ်းတမ်းလိမ့်မယ်၊ အများကြီး ခက်ခဲလိမ့်မယ်ဆိုတာကို ကျနော် ကြိုပြီးမှန်းဆနိုင်ပေမယ့် ....

ဒီလမ်းကိုပဲ ကျနော် ရွေးချယ်လိုက်ပါပြီ။ ။❖

**ကိုတိုး**




## မြန်မာ့အရေး ကုလသမဂ္ဂက ထိရောက်စွာဖြေရှင်းပေးရန် အစာငတ်ခံဆန္ဒပြပွဲ အောင်မြင်စွာပြီးဆုံး

မြန်မာ့ဒီမိုကရေစီရေးကို ထိရောက်စွာဖြေရှင်းပေးရန် ၅၉ကြိမ်မြောက် နိုင်ငံတကာအထွေထွေညီလာခံ ကျင်းပနေသည့် ကုလသမဂ္ဂဌာနချုပ်ရုံးရှေ့၌ (၁၃) ရက်ကြာအစာငတ်ခံ ဆန္ဒပြခဲ့ကြသူများက ၎င်းတို့၏ တောင်းဆိုချက်များအတွက် ကတိခံဝန်ချက်များ ရရှိပြီဖြစ်သည့်အတွက် ဆန္ဒပြပွဲကိုအောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဖွဲ့ဝင်(၇)ဦးပါဝင်သည့် အစာငတ်ခံဆန္ဒပြသူများသည် စက်တင်ဘာ(၁)ရက်နေ့မှစတင်ကာ မိုင်ပေါင်း(၁၈၈)ခရီးကို ငြိမ်းချမ်းစွာ ချီတက်ခဲ့ကြပြီးနောက် ကုလသမဂ္ဂရုံးချုပ်ရှေ့အရောက်တွင် အစာငတ်ခံဆန္ဒပြပွဲကို စတင်ခဲ့ကြခြင်းဖြစ်သည်။

ဆန္ဒပြရခြင်းနှင့်ပတ်သက်၍ အဖွဲ့ဝင်တဦးဖြစ်သူ ဦးဝေထွန်းက"မြန်မာနိုင်ငံမှာ အနိုင်ရပါတီကို လျစ်လျူရှုထားတယ်။ နိုင်ငံရေးကြိုးပမ်းသူတွေကို ဖမ်းဆီးချုပ်နှောင်ထားတယ်။ လူ့အခွင့်အရေးတွေ လုံးဝမရှိဘူး။ အခုအချိန်(၁၆)နှစ်အထိ ကမ္ဘာ့ကုလသမဂ္ဂက ထိထိရောက်ရောက် အရေးယူတာမရှိလို့ လုံခြုံရေးကောင်စီက ထိထိရောက်ရောက် အရေးယူပေးဖို့ ဆန္ဒလာပြရတာပါ" ဟု NEJ သတင်းဌာနကို ပြောကြားခဲ့သည်။

ဆန္ဒပြပွဲရုပ်သိမ်းရခြင်းနှင့် ပတ်သက်၍ အစာငတ်ခံဆန္ဒပြခဲ့သူ ဦးဝင်းရွှေက"မြန်မာပြည်သူတွေအတွက် မျှော်လင့်ချက်တွေ အပြည့်အဝရနေတယ်" ဟု ပြောကြားခဲ့ပြီး အမေရိကန်အစိုးရက ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာ့ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့အတွက် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးမည်ဟု ကတိခံဝန်ချက်များရရှိခဲ့သည့်အတွက် ဆန္ဒပြပွဲကို အောင်မြင်စွာရုပ်သိမ်းနိုင်ခဲ့တာပါ"ဟု ဒီမိုကရက်တစ်မြန်မာ့အသံကိုပြောကြားခဲ့သည်။

အဆိုပါဆန္ဒပြသူများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်(၃)ဦး ပါဝင်ကြောင်း သိရပြီး ပါဝင်သူများမှာ ဒေါ်ခင်စန်းနွယ်၊ ဦးဟန်လင်း၊ ဦးတင်ဌေး၊ ဦးဝေထွန်း။ ဦးခင်ဇော်၊ ဦးဝင်းရွှေနှင့် ဦးမောင်မောင်တိတ်တို့ဖြစ်ကြကြောင်း သတင်းအေဂျင်စီများအရသိရသည်။

❖

## မတရားနှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသူ (၉)ဦး၏ အထူးအယူခံလွှာတရားရုံးက လက်ခံစစ်ဆေးရန် သဘောတူ

**စက်တင်ဘာ၊ (၂၄)ရက်**

အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေး အပါအဝင် မတရားနှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသူ (၉)ဦးတို့ အထူးအယူခံလွှာကို လက်ခံစစ်ဆေးရန် နအဖတရားရုံးက သဘောတူလိုက်ကြောင်း သိရသည်။ ၎င်းတို့(၉)ဦးသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လ(၇)ရက်နေ့တွင် စတင်ဖမ်းဆီးခဲ့ပြီး နိုဝင်ဘာလတွင် သေဒဏ်နှင့်တသက်တကျွန်းပြစ်ဒဏ်များချမှတ်ခံရပြီးနောက် ယခုလို အယူခံလွှာကို ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ကိုဇော်သက်ထွေး၏အမှုလိုက်ရှေ့နေကြီး နိုင်ငွေရက တရားသူကြီးဦးခင်မောင်အေးနှင့် ဗိုလ်မှူးကြီးခင်မြင့်က အထူးအယူခံဝင်ခွင့်ပြုကြောင်း အမိန့်ချလိုက်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ၎င်းတို့အနက် ယခုအထိ တသက်တကျွန်းချခံထားရသူ (၅)ဦးတို့မှာ နိုင်ယက္ခ၊ ရွှေမန်း၊ ဖြူလေး၊ ညွန့်ထွေးနှင့် အောင်လွန်းတို့ဖြစ်ကြပြီး (၃)နှစ်စီပြစ်ဒဏ်ပြောင်းလဲ ချမှတ်ခံထားရများမှာ ကိုဇော်သက်ထွေး၊ ဇော်ဇော်၊ နိုင်မင်းကြည်နှင့် ဦးအေးမြင့်တို့ဖြစ်သည်။ အဆိုပါ (၉)ဦးတို့အနက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(အိုင်အယ်လ်အို)ကို သတင်းပေးခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရသူ၊ မွန်ပြည်သစ်ပါတီနှင့်ဆက်သွယ်၍ ဖမ်းဆီးခံရသူ၊ အားကစားရန်ပုံငွေပျောက်ဆုံးမှုအကြောင်းဆောင်းပါးရေး၍ ဖမ်းဆီးခံခဲ့ရသူများ ပါဝင်နေသည့်အတွက် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များက အပြစ်တင်ဝေဖန်ခြင်းကို ခံခဲ့ရသည်။ ထိုဝေဖန်မှုများကြောင့် အာဏာပိုင်များဘက်က လိုက်လျောခဲ့ခြင်းဖြစ်ပြီး အမှုအတွက် ရှေ့ဆက်အလားအလာကောင်းတွေ ရှိနိုင်ကြောင်း ရှေ့နေကြီးနိုင်ငွေရက "ကျနော်အရင်ကတင်ပြသလို ဒီ(၉)ဦးဟာ စာနယ်ဇင်းအဖွဲ့ရယ်၊ ရှေ့နေအဖွဲ့ရယ်၊ ငြိမ်းချမ်းရေးအဖွဲ့ရယ်၊ လူငယ် ကျောင်းသားအဖွဲ့ရယ် အဲဒီအပေါ်မှာ မူတည်ပြီးတော့ တရားရုံးမှာ ဆောင်ရွက်ရန်ကိစ္စတွေကို တရားသူကြီးများကနေ ဥပဒေနဲ့အညီ လွတ်လပ်စွာစီရင်လိမ့်မယ်လို့ မျှော်လင့်တယ်" ထင်မြင်ချက်ပေးခဲ့သည်။❖

# သံစုံကြားရတဲ့ စက်တင်ဘာ

ဇပြည

အခုအခါ ဗမာပြည်နိုင်ငံရေးလောကမှာ မတူတဲ့အမြင်တွေ တော်တော်များများ ကြားနေရတယ်။ အထူးသဖြင့် ပြည်ပမှာ။ တချို့နိုင်ငံခြားသားတွေပြောတာမှာ အတိုက်အခံတွေကို အလျှော့ပေးဖို့၊ လိုက်လျောဖို့ တိုက်တွန်းတာတွေ ပါနေတယ်။ ဒါကို တချို့ ပြည်ပရောက် ဗမာပြည်သားများကလည်း သံယောင်လိုက်တာကြားရပြန်တယ်။ ဒ့ါအပြင် သူ့လူကိုယ့်ဖက်သား လုပ်နေ၊ ပြောနေတဲ့ ပြည်တွင်းက နိုင်ငံရေးသမားတချို့ကိုလည်း အသံလွှင့်ဌာနတချို့က ပွဲထုတ်လာပြန်တယ်။ အဲဒီ 'ကြားသမား' ဂိုက်ဖမ်းသူတွေက ''နင်တန်၊ နင်တန် ပန်းကန်ကွဲ'' ဆိုတဲ့တရားကို ဟောတယ်။ တချို့ရဲ့အပြောက အားလုံးပြင်ရမယ်၊ အားလုံးမှာ ချွတ်ယွင်းချက်ရှိတယ် ဆိုတာမျိုး ဖြစ်နေတယ်။

တချို့ကတော့ တိုက်ပွဲကာလ ကြာလာလို့ စိတ်ဓာတ်ကျတာကို ပုံအမျိုးမျိုးနဲ့ ဖော်ပြကြတယ်။ အမှန်က ရန်သူကို အထင်ကြီးတာ။ တချို့ကတော့ ကြီးကြီးကျယ်ကျယ် စကားတွေနဲ့ ဆင်ဖွေ့ရန်ရှောင် လုပ်ချင်ကြတယ်။

ပြည်ပနိုင်ငံတွေက ဝင်ဖြေရှင်းပေးမှာကို အတော်မျှော်လင့်သူတွေလည်း တွေ့ရတယ်။ ပြည်တွင်းကို အားမရတာလား၊ နားမလည်တာလား၊ အားမကိုးတာလား မသိဘူး။ သူတို့အပြောကို နားထောင်လိုက်ရင်တော့ အဟုတ်ကြီး။ ဒီခေတ်မှာ ဗမာပြည်အရေးကို ထိပ်တိုက်တွေ့တဲ့ နည်းနဲ့ဖြေရှင်းဖို့ ကြိုးစားတာ မှားတယ်၊ သံရေးတမန်ရေးနဲ့ ဖြေရှင်းရမယ်လို့ဆိုတာလည်း တွေ့ရတယ်။ (စစ်အေးခေတ် ဒီဘက်ပိုင်းမှာ သံတမန်နည်းနဲ့ ဖြေရှင်းအောင်မြင်ခဲ့တဲ့ အရေးအခင်း ဘယ်နှစ်ခုများ ရှိသလဲ။ အာဖဂန်၊ ယူဂိုစလဗ်၊ အီရတ်၊ ဘယ်ဟာများလဲ)။

ပြည်ပနိုင်ငံတွေက ဗမာပြည်အရေးကို ဘယ်အထိ လုပ်ပေးနိုင်တယ်ဆိုတာ သဘောပေါက်လောက်ပြီ။ ၁၆နှစ်ကျော်ပြီပဲ။ သူတို့ဘက်က တာဝန်ကျေပါပြီ။ ကိုယ့်ဘက်က တာဝန်ကျေကြပလား။ အီးစီကို အပြစ်တင်၊ အေစီယံကို ရန်လုပ်၊ တရုတ်နဲ့အိန္ဒိယကို ဆဲ၊ ဒါပဲလုပ်နေလို့ကတော့ ကိုယ့်ကိုသူများတွေက ကလေးဆိုးလို့ ထင်လာကြတော့မယ်။

တဖက်မှာတော့ ပြည်တွင်းကလူတွေရဲ့ အသံတွေ၊ ပြောကြားချက်တွေဟာ ပိုပိုကျယ်လာ၊ ပြတ်သားလာတယ်။ အဖမ်းခံရသူတွေရဲ့ ဇနီးတွေပြောတာကိုပဲ နားထောင်ကြည့်လိုက်။ ဒီတိုင်းပြည်၊ ဒီအမျိုးသားတွေလောက် ဂုဏ်ယူစရာကောင်းတာ တခြား ဘယ်မှာမှ မရှိဘူးလို့တောင် ထင်လောက်စရာ။ စာပေလောကမှာလည်း လှုပ်လှုပ်ရွရွ ဖြစ်ခဲ့တယ်မဟုတ်လား။

တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်မှာပဲ နအဖထဲမှာလည်း အဖြုတ်တွေ၊ အထုတ်တွေ၊ အခန့်တွေ၊ အရွှေ့တွေ တွေ့လာရတယ်။ ဒါကိုအမျိုးမျိုး ထင်ကြေးပေးကြတယ်။ မထူးဆန်း။ ဘာပဲပြောပြော နအဖလည်း အိန္ဒြေရလှတာ မဟုတ်တာသေချာတယ်။ ညောင်နှစ်ပင်ကျင်းပလိုက်လို့ သူတို့မှာ တည်ငြိမ်မှုလေး ရမသွား။ သူတို့အတွက် မျှော်လင့်ချက်ရောင်ခြည်လေး သန်းမလာ။ ဗိုလ်သန်းရွှေတယောက် ကိုယ့်တပ်ကို တပြင်ထဲ ပြင်နေရပါကလား။ ဒါဟာ ပြည်တွင်းပြည်ပကို အာရုံလွှဲဖို့သက်သက်လောက်တော့ မဖြစ်နိုင်ဘူးထင်တယ်။

ဒီအထဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာနက အပြောင်းအလဲကို လူအများ သတိအပြုမိဆုံးပဲ။ နိုင်ငံခြားရေးကိစ္စဟာ အစိုးရနံပါတ်ဝမ်းရဲ့ အဆုံးအဖြတ်တခုပဲ။ ဘယ်သူ့မှ ဝင်စွက်လို့ရတာ မဟုတ်ဘူး။ ဘယ်သူမှလည်း သူပြောတာကို လှန်လို့မရဘူး။ သူက ညာခိုင်းလည်း ညာရတယ်။ သူက မျက်နှာပြောင်စမ်းဆိုလည်း ပြောင်ရတယ်။ ဒါကြောင့် ဒီနေရာမှာ တာဝန်ယူတဲ့လူဟာ အရည်အချင်းရှိဖို့ မလိုဘူး၊ သစ္စာရှိဖို့ပဲ လိုတယ်လို့ပြောရမယ်။ ဒီလိုနဲ့ ဒီနောက်ပိုင်းမှာ စစ်အစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီးဆိုတာဟာ ထောက်လှမ်းရေးကလာတဲ့လူတွေချည်းဖြစ်နေတာ တွေ့ရတယ်။

တလောကတော့ တရုတ်ပြည်မှာ အာရှတိုက်က နိုင်ငံရေးပါတီတွေရဲ့ ညီလာခံဆိုတာလုပ်တော့ နအဖဟာ ကြံ့ဖွံ့ကိုယ်စားလှယ်ကို သွားတက်စေတာ တွေ့ရတယ်။ ဒါဟာ ပြည်တွင်းမှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်ဘဲ ပြည်ပမှာ နိုင်ငံရေးပါတီအဖြစ် ပွဲထွက်တာဖြစ်တယ်။ သူတို့ထုတ်တဲ့ဥပဒေကို သူတို့ ဖြောင်ချိုးဖောက်တယ်လို့ ဆိုရမယ်။ ထား။ အရေးကြီးတာက ကြံ့ဖွံ့ကို နအဖက ဘယ်တော့၊ ဘယ်လိုနေရာပေးမလဲဆိုတာပဲ။ သူတို့ အနေနဲ့ သူတို့ကိုယ်ပိုင် နိုင်ငံရေးပါတီ တရပ်လိုအပ်တယ်ဆိုတာ သဘောပေါက်တယ်။ တစညဟာ သူတို့ပါတီမဟုတ်တော့ဘူး။ သွားလေသူများနဲ့ ချက်ကြိုးဖြတ်ရာမှာ တစညနဲ့လည်း ပြတ်ထွက်သွားပြီ။ တဆက်တည်း၊ တစညနဲ့ နောက်ဆုံး စစ်အုပ်စုအကြား မတူတာတွေလည်း မကြာမကြာ တွေ့ရ၊ ကြားကြရတယ်။ ဘာမှမကြာသေးဘူး၊ တစညနဲ့ ဂျပန်သတင်းထောက် တယောက်တို့တွေ့တော့ သတင်းထောက်က ကြံ့ဖွံ့နဲ့ ပြိုင်ရဲသလားလို့ မေးတယ်။ တစညက ''ပြိုင်ရဲတယ်၊ ဒါပေမယ့် ကြံ့ဖွံ့ကို တရားဝင်ပါတီ ဖြစ်အောင်လုပ်ရဦးမယ်'' လို့ ပြောလိုက်တယ်။ ဒါဟာ ကြံ့ဖွံ့ကို ဂရုမစိုက်ကြောင်း ဖော်ပြရုံသာမကဘဲ ကြံ့ဖွံ့ရဲ့ မွေးရာပါ အားနည်းချက်ကိုလည်း ထောက်လိုက်တာဖြစ်တယ်။ မဆလ တဖြစ်လဲ တစညအနေနဲ့ ကြံ့ဖွံ့ဟာ အာဏာနဲ့သာခွဲထားလိုက်ရင် တကယ့်ကို ဖွတ်ကျားပဲဆိုတာ ကောင်းကောင်းသိတယ်။ ကြံ့ဖွံ့ကတော့ ခြုံထဲမှာ ချိုသွေးနေကောင်းနေမပေ့ါ။

နအဖ က ကြံ့ဖွံ့ကို ဘယ်တော့ နိုင်ငံရေးပါတီအဖြစ် ဇာတ်သွင်းမလဲ စောင့်ကြည့်ရမယ်။ ဒါပေမယ့် လောလောဆယ်ဆယ်တော့ ကြံ့ဖွံ့ကို စစ်အုပ်စုရဲ့နိုင်ငံရေးပါတီလို့ သူတို့ ဖြောင်ပွဲမထုတ်ဝံ့သေးဘူး၊ လူရာမဝင်မှန်းသိတယ်။ တိတ်တိတ်ပုန်းရထားတဲ့သားလို ကိုယ့်ရပ်ကွက်ထဲမှာတော့ လူသိမခံဘဲ ဖွက်ထားတယ်။ ဒါမှမဟုတ်လည်း နအဖဟာ ကြံ့ဖွံ့ကို နိုင်ငံရေးပါတီလိုလို၊ ဘာလိုလို ပွဲထုတ်လိုက်၊ ရွေးကောက်ပွဲပဲလုပ်တော့မလိုလို ကောလာဟာလလွှင့်လိုက်နဲ့ ကြံ့ဖွံ့ကို အသုံးချနေတာလည်း ဖြစ်နိုင်တယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲမှာတောင် ရေးဆွဲထားတဲ့ မဆလပါတီ ဒီနေ့ဘယ်ရောက်လို့ ဘာဖြစ်သွားပြီလဲ။ ကြံ့ဖွံ့လို လအော့လအယ် အဖွဲ့အစည်းတခုရဲ့ကံကြမ္မာဟာ ပိုဆိုးတော့မပေ့ါ။❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

စာမျက်နှာဖွဲ့စည်းမှု
မောင်မောင်ဦး

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
အယ်ဒီတာအဖွဲ့

# ရေဘေးကြောင့် ဆန်စပါးပြတ်လပ်မှုနှင့် အလုပ်အကိုင်ရှားပါးမှုအထိ ရှေ့နှစ်တွင် ကြုံတွေ့ရဖွယ်ရှိနေ



ရောဝတီမြစ်ရေကြီးမှု မြင်ကွင်းတခု

စက်တင်ဘာလအတွင်းဖြစ်ပွားခဲ့သည့် မြစ်ရေလျှံမှုများကြောင့် နိုင်ငံတဝှမ်းရှိ လယ်ဧကထောင်နှင့်ချီ၍ ဆုံးရှုံးခဲ့ရသဖြင့် လာမည့်နှစ်အတွင်း ဆန်စပါးရှားပါးမှုနှင့် အလုပ်အကိုင်ပြတ်လပ်မှုဒဏ်ကို ဆိုးဆိုးဝါးဝါး ခံစားရဖွယ်ရှိကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။

စစ်ကိုင်းတိုင်းတွင် စက်တင်ဘာလဆန်းပိုင်းက မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် မူးမြစ်ရေလျှံတက်ခဲ့သဖြင့် ရွှေဘို၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်နှင့် ခင်ဦးမြို့နယ်များမှ လယ်ဧကထောင်နှင့်ချီ၍ ရေလွှမ်းမိုးခံခဲ့ရသည့်အတွက် စပါးခင်းများအပါအဝင်ပဲ၊ နှမ်း စိုက်ခင်းများ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မုံရွာနှင့် စစ်ကိုင်းကြားရှိ ညောင်ပင်ဝန်းနှင့် မြင်မူမြို့များတွင်လည်း မူးမြစ်ရေလျှံတက်မှုနှင့် ဆည်မနိုင်၍ ရေလွှတ်ခဲ့သည့်အတွက် ရေများဖုံးလွှမ်းခဲ့သဖြင့် ခရီးလမ်းပန်း ပြတ်တောက်ခံရကြောင်း သိရသည်။

အလားတူ ရောဝတီမြစ်ရေကြီးမှုကြောင့် မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်တွင် ဝမ်းရောဂါဖြစ်ပွားသဖြင့် လူ(၄)ဦး သေဆုံးခဲ့ရပြီး ကျေးရွာလယ်မြေအများအပြား ရေနစ်မြုပ် ဆုံးရှုံးခဲ့ရကြောင်း၊ ဝမ်းရောဂါဖြစ်ပွား၍ သေဆုံးသူများမှာ ပွင့်ဖြူမြို့နယ် ရွာသားများဖြစ်ကြသည့် ဦးကံစ၊ ဦးမောင်ဆင့်၊ ဦးခန့်မောင်နှင့် ဒေါ်သန်းရှင်တို့ ဖြစ်ကြပြီး၊ စိုက်ပျိုးပြီးလယ်ဧက (၂၇၀၀)ခန့်မှာ ပျက်စီးဖွယ်ရှိနေသည်ဟု ဆိုသည်။ ထိုရေလွှမ်းမိုးမှုကြောင့် အမကကျောင်း (၂) ကျောင်းအပါအဝင် ကျောင်းပေါင်း(၃၀)ခန့် ပိတ်ထားခဲ့ရသည်။

မန္တလေးမြို့ဝန်းကျင်ရှိ မြို့နယ်များမှာလည်း သင်္ဂနာချောင်း ရေလျှံတက်မှုကြောင့် ရေဘေးကြုံတွေ့နေရပြီး သံဃာတော်များပါ ဆွမ်းခံမကြွနိုင်လောက်အောင်ဖြစ်ခဲ့ရကြောင်း သင်္ဂဇာချောင်းရေတက်မှုမှာ ကြံ့ဖွံ့ပိုင် ငါးကန်များရေလျှံ၍ ပျက်စီးဆုံးရှုံးမည်စိုးသည့်အတွက် ရေတံခါးပိတ်ထားသောကြောင့် ဖြစ်ရကြောင်း ဒေသခံတို့က ဆိုသည်။

ယခုနှစ်အတွင်း အခြားပြည်နယ်များဖြစ်သည့် ရှမ်း၊ ကချင်နှင့် ကရင်ပြည်နယ်တို့တွင်လည်း အလားတူ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည့်အတွက် လယ်မြေဧကပေါင်း ထောင်နှင့်ချီ၍ ဆုံးရှုံးခဲ့ရသည့်အတွက် လာမည့်နှစ်တွင် ဆန်စပါးရှားပါးပြတ်လပ်မှု ကြုံတွေ့ရနိုင်ပြီး လယ်သမားများ အလုပ်အကိုင်ပြတ်လပ်မှုပါ ရင်ဆိုင်နေရသည့်အတွက် ပြည်ပသို့ တရားမဝင်ထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေမှုများ တိုးလာနိုင်ကြောင်း သုံးသပ်သူများအဆိုအရ သိရသည်။❖

# လယ်ယာမြေများအစမ့်သိမ်းယူခံရ မြေကျွန်ဘဝရောက်နေရ

ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံ အကြီးစားစက်မှုလုပ်ငန်းဌာန (ကပစ)က မကွေးတိုင်း အောင်လံမြို့နယ် အတွင်းရှိ ဒေသခံလယ်သမားများထံမှ လယ်ယာမြေများကို မတရားသိမ်းယူနေသည့် အတွက် ဒေသခံလယ်သမားများ လယ်မဲ့ယာမဲ့ဘဝ ရောက်ရှိနေကြရကြောင်း သိရသည်။

မကွေးတိုင်း အောင်လံမြို့နယ်မှ ဒေသခံတောင်သူတဦး၏ ပြောဆိုချက်အရ နအဖ အခြားဝန်ကြီးဌာနများက (၉)ခရိုင်စိမ်းလန်းစိုပြေရေး၊ ဆည်တည်ဆောက်ရေးနှင့် ထင်းစိုက်သစ်တောကွင်းပြုလုပ်ရေး စသည့်အကြောင်းပြချက်များဖြင့် အောင်လံမြို့မှ (၂၂) မိုင်ခန့်အကွာတွင်ရှိ နေရာကိုဗဟိုပြု၍ (၈) မိုင်ပတ်လည်ခန့်တွင်ရှိသည့် လယ်ယာမြေများကိုသိမ်းယူခဲ့ကြောင်း၊ ထိုဒေသအတွင်းရှိ ဂွမြို့၊ ပျဉ်းပုံ၊ မြို့သစ်၊ ကနုတ်ချောင်း စသည့် ကျေးရွာများပိုင် လယ်ယာမြေများကို အကြီးစားစက်မှုလက်မှုလုပ်ငန်းဌာနက လျော်ကြေးမပေးဘဲအများဆုံး သိမ်းယူထားခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် လယ်ယာအသိမ်းခံထားရသူများအား သီးစားပြန်ချစားနေသည့်အတွက် မူလလယ်ယာပိုင်ဆိုင်သူ လယ်သမားများသည် မိမိတို့ပိုင်လယ်ယာမြေများတွင် ယာမြေတဧကလျှင် ကျပ်ငွေ(၄,၀၀၀–၅,၀၀၀)၊ လယ်တဧကလျှင်(၆,၀၀၀)ထိပေး၍ သူရင်းငှားအဖြစ် ပြန်လည်လုပ်ကိုင်နေကြရသည့်အတွက် ဒေသခံများမှာ လယ်မဲ့ယာမဲ့ဘဝ ရောက်နေကြရုံမက အာဏာပိုင်များလက်အောက်တွင် လယ်ကျွန်များအဖြစ် ကျရောက်နေကြရကြောင်း သိရသည်။❖

# ဦးကြည်မောင်ကွယ်လွန်ခြင်း တလပြည့် ဆွမ်းကျွေးတရားနာပွဲပြုလုပ်





ဆွမ်းသွပ်တရားတော်နာသို့ တက်ရောက်လာသည့် အဖွဲ့ချုပ်အတွင်းရေးမှူးဦးလွင်(အပေါ်)နှင့် ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေတို့အား တွေ့မြင်ရစဉ်

စက်တင်ဘာ(၁၈)ရက်နေ့က ကွယ်လွန်သွားရှာပြီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင် ဦးကြည်မောင်( ဗဟန်း-၂)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တလပြည့်ဆွမ်းကျွေးတရားနာပွဲကို ရန်ကုန်မြို့နေအိမ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုဆွမ်းကျွေးတရားနာပွဲသို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထိပ်တန်းခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများ၊ အဖွဲ့ချုပ်ဝင်များ နိုင်ငံရေးပါတီ များမှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြပြီးကြောင်း သိရသည်။ ❖

# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခြင်း(၆)နှစ်ပြည့် ကျင်းပ
# ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်ဖြစ်ရန် အမျိုးသားညီညွတ်ရေးလိုအပ်ဟုဆို



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ) ဖွဲ့စည်းခြင်း အခမ်းအနားကို ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရုံးချုပ်တွင် စက်တင်ဘာ (၁၆)ရက်နေ့ကကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကျင်းပပြီးနောက်ပိုင်းတွင်စုံညီသော အစည်းအဝေးတရပ် ကျင်းပကာ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာချက်၌ အမျိုးသားအင်အားစုများအားလုံး မပါဝင်သည့် နအဖ၏ အမျိုးသားညီလာခံသည် အောင်မြင်မှုမရ နိုင်ဟု အတိအလင်းပြော ဆိုလိုက်သည်။

ညီလာခံဦးတည်ချက်များ လုပ်ငန်းစဉ်များသည် ပြည်သူ့ဆန္ဒအရ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အဖွဲ့ချုပ်နှင့်တိုင်းရင်းသားနိုင်ငံရေး ပါတီများ၏သဘောထားများကို ကြိုတင်ညှိနှိုင်းယူထားခြင်းမရှိဘဲ နအဖစစ်အုပ်စုက တဖက်သတ်စီစဉ်ခြင်းသာ ဖြစ်သည်ဟုဆိုလိုက်သည်။ ထို့ပြင် တိုင်းရင်းသားများအရေးကို ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းမည့် အခြေခံသဘောထားများမရှိခြင်း၊ ဒီမိုကရေစီ၏အခြေခံမူဘောင်များကို လိုက်နာခြင်း မရှိဟု ထောက်ပြထားသည်။

ဆက်လက်၍ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် ယနေ့တိုင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေနေများကို ပြန်လည်ဆွန်းဆိုခဲ့ပြီး နအဖသည် ယနေ့အချိန်အထိ ပြည်သူ့ဆန္ဒကို မျက်ကွယ်ပြုထားကြောင်း ကြေညာချက်ထည့်သွင်း ဖော်ပြခဲ့သည်။

ထို့နောက် နအဖစစ်အုပ်စုသည် အဖွဲ့ချုပ်နှင့်တိုင်းရင်းသားနိုင်ငံရေး ပါတီများ၊ အမျိုးသားအင်အားစုများနှင့် ညှိနှိုင်းအဖြေရှာရန်ငြင်းဆန်နေပြီး ၎င်းတို့အလိုကျရွေးထားသည့်အင်အားစုများ အဖွဲ့စည်းများ၊ ပုဂ္ဂိုလ်များကို အကျပ်ကိုင်ကာ လက်သင့်ရာစားတော်ခေါ်သည့် ညီညွတ်မှုမျိုးကို တည်ဆောက်နေကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။

ကြေညာချက်၏နိဂုံးပိုင်း၌ ဒီမိုကရေစီပြည့်ဝသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ်တည်ဆောက်လိုပါက အမျိုးသားညီညွတ်ရေးကို မဖြစ်မနေတည်ဆောက်ရမည်ဖြစ်သည်ဟု ဆိုသည်။ အမျိုးသားညီညွတ်ရေးတည်ဆောက်ရန်အတွက် တခုတည်းသောနည်းလမ်းဖြစ် အပြန်အလှန် တွေ့ဆုံဆွေးနွေးရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုက်ပြီး

(၁) ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(၂) ၁၉၉၀ခုနှစ် ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီများ၏ ရုံးအားလုံးကို ပြန်ဖွင့်ခွင့်ပေးပြီး နိုင်ငံရေးပါတီများ၏ စည်းရုံးရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန်၊

(၃) တိုင်းရင်းသားပြည်သူများ နိုင်ငံရေးလှုပ်ရှားမှု၌ အနှောင့်အယှက် ကြောက်ရွံ့ခြင်းကင်းစွာ ပါဝင်လှုပ်ရှားခွင့်ပြုရန်၊

(၄) စာနယ်ဇင်းများကို လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့်ပြုရန်တို့ကို စစ်အုပ်စုထံ တောင်းဆိုလိုက်သည်။ ❖

# အဖွဲ့ချုပ်အမျိုးသမီးများနှင့်လူငယ်များ ယူအဲန်ဒီပီရုံးသို့ သွားရောက်၍ တောင်းဆိုမှုများပြုလုပ်





အဖွဲ့ချုပ်ဝင်အမျိုးသမီးအဖွဲ့ဝင်များ ယူအဲန်ဒီပီရုံးသို့ သွားရောက်နေကြစဉ်။ (အပေါ်ပုံ)
ယူအန်ဒီပီရုံးတာဝန်ခံကိုတွေ့ဆုံ၍ တောင်းဆိုချက်များအားတင်ပြနေသည့် အမျိုးသမီးအဖွဲ့ဝင်များကိုတွေ့ရစဉ်။ (အောက်ပုံ)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှစ်ပတ်လည်နေ့တွင် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး အပါအဝင် ပြည်ပရောက်မြန်မာ့ဒီမိုကရေစီရေး အင်အားစုများ၏ အစာငတ်ခံဆန္ဒပြပွဲများကို ထောက်ခံအားပေးသည့်အနေဖြင့် အဖွဲ့ချုပ်ဗဟို အမျိုးသမီးအဖွဲ့မှအဖွဲ့ချုပ်ဝင်များနှင့် လူငယ်အဖွဲ့ဝင်တချို့စုပေါင်း၍ ရန်ကုန်မြို့ရှိ ယူအန်ဒီပီရုံးသို့သွားရောက်ကာ တောင်းဆိုချက်(၃)ရပ်ကို တောင်းဆိုခဲ့ကြောင်း သိရသည်။

ထိုသို့တောင်းဆိုချက်များတွင် နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်ရှေ့တွင် မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အမြန်ဆုံးအရေးယူဆောင်ရွက်ပေးရန်အတွက် အစာငတ်ခံတိုက်ပွဲဝင်နေသူများ၏ ကျန်းမာရေးနှင့်အသက်အန္တရာယ်ကို စိုးရိမ်နေရသည့်အတွက် အဖွဲ့ချုပ်ပါတီဝင်များက ၎င်းတို့ကိုသွား ရောက်တွေ့ဆုံ၍ ဆွေးနွေးရန်၊ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့တွင် ထိုင်းနိုင်ငံ၌ဆန္ဒပြ၍ ဖမ်းဆီးခံနေရသူများသည် ယနေ့အချိန်အထိ ပြန်လွှတ်ပေးခြင်းမရှိသည့်အတွက် ဆက်လက်ဆန္ဒပြနေသည့်အတွက် ကုလသမဂ္ဂအဖွဲ့က သွားရောက်ကြည့်ရှုရန်နှင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို ကုလသမဂ္ဂက အသိအမှတ်ပြုပြီးဖြစ်သည့်အတွက် ဆက်လက်အကောင်အထည်ဖော်သွားရန်တို့ကို တင်ပြခဲ့ကြကြောင်း သိရသည်၊ ထိုတောင်းဆိုချက်များအား ယူအဲန်ဒီပီရုံးတာဝန်ခံက နယူးယောက်နှင့် ထိုင်းသံရုံးတို့ကို အကြောင်းကြားပေးမည်ဟု တုံ့ပြန်ခဲ့သည်ဟု သိရသည်။

တောင်းဆိုမှုတွင် ရေဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့မှ အဖွဲ့ချုပ်ဝင်များလည်း ပါဝင်ခဲ့ကြကြောင်း သိရသည်။❖

# တောင်းဆိုချက်များမလိုက်လျော၍ နအဖကို
# စီးပွားရေးထပ်မံတိုးမြှင့်ပိတ်ဆို့ရန် အီးယူနိုင်ငံများ သဘောတူ




(၆)ကြိမ်မြောက် အီးယူ-အာဆီယံ (အာဆမ်) အစည်းအဝေးမှတ်တမ်းဓာတ်ပုံ

**အောက်တိုဘာ။ (၁၀)ရက်။**

အာဆမ်အစည်းအဝေးမတိုင်မီ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အချိန်မီပြန်လွှတ်ပေးရန် အပါအဝင် တောင်းဆိုချက်(၃)ရပ်ကို မလိုက်နာသည့်အတွက် နအဖစစ်အုပ်စုအပေါ် စီးပွားရေးပိတ်ဆို့မှု ထပ်မံတိုးမြှင့်လုပ်ဆောင်ရန် အီးယူခေါ်ဥရောပသမဂ္ဂနိုင်ငံများက သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းတွင်ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အီးယူ-အာဆီယံ အစည်းအဝေး (အာဆမ်)မတိုင်မီက အီးယူနိုင်ငံများက ဒေါ်အောင်ဆန်းစုကြည်ကို အစည်းအဝေးကျင်းပချိန် အမီပြန်လွှတ်ပေးရေးနှင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အနိုင်ရပါတီအဖြစ်အသိအမှတ်ပြု၍ အမျိုးသားညီလာခံတွင် အပြည့်အဝပါဝင်ခွင့်ပြုရန်နှင့် ထိုညီလာခံတွင် ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးခွင့်ပြုရေးတို့ကို နအဖစစ်အုပ်စုထံ တောင်းဆိုခဲ့သည်။ ထိုတောင်းဆိုမှုကို မလိုက်လျောပါက စီးပွားရေးပိတ်ဆို့မှု ထပ်မံတိုးမြှင့်မည်ဖြစ်

စာမျက်နှာ (၁၁) ကော်လံ (၄) ... သို့